


www.burmeseclassic.com
ဒေါက်တာနေဆွေ
မှားရွဲသောမှတ်ဆိတ်
BURMESE CLASSIC .com
POZAR
www.burmeseclassic.com

www.burmeseclassic.com

စိစဉ်သူ
ညက်ပွင့် (စတ်မှ)

မျက်နှာဖုံးဒီဇိုင်း၊ | ပိုးဇာ
အဖုံးဝလင် | မြတ္တွန်းသာ
အတွင်းဝလင် | ကိုဦး
Logo ဒီဇိုင်း | ပန်းချီကိုကျော်သိုက်နှင့် (Q.C)
တွန်ဖျူးဆာ | မောင်မောင်မြတ်နှင့်ပေယျာမြေ
စာတည်း | မောင်သာယာ

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ၊ တန်ဖိုး (၆၀၀) ကျပ်

ပုံ နှိပ် မှတ် တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၉၄/၂၀၀၃ (၅) နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၃၈၀/၂၀၀၃ (၁၂) အရ . . .
ဦးသန်းလွင် (၀၅၅၈၇)၊ ရွှေလင်းယုန်ပုံနှိပ်တိုက်၊
အမှတ်(၅၁)၊ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားနှင့် မျက်နှာဖုံးတို့ကို ရိုက်နှိပ်၍၊
ဦးလှမိုး (ညက်ပွင့်စက်မှ) (ယာယီမှတ်ပုံတင်အမှတ်-၇၄၈)၊
ပေယျာမြေစာပေတိုက်၊ တိုက်(၇၂၄)၊ အခန်း (၁၈)ပထပ်၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့မှ
ဒုတိယအကြိမ် အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

BURMESE CLASSIC .com

ပေယျာမြေ စာစဉ် - ၂၂

# ပျားစွဲသောမုတ်ဆိတ်

ဒေါက်တာဆွေ

(ဒုတိယအကြိမ်)

ပေယျာမြေ
စာပေတိုက်

တိုက်နံပါတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈

www.burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေသူ၏အမှာ

**မှားစွဲသောမုတ်ဆိတ်ဝတ္ထု**ကို ဆရာသာဂဒိုးက ဇာတ်လမ်းပြောပြ၍ ဆရာသော်တာဆွေက ရေးသားသည်ဟု ပထမအကြိမ်ထုတ်ဝေသောစာအုပ်တွင် ဖော်ပြထားသည်။

ထို့ပြင် မှားစွဲသောမုတ်ဆိတ် ရုပ်ရှင်ဇာတ်ကားကိုလည်း ဆရာသာဂဒိုး ဒါရိုက်တာ လုပ်၍ ရုပ်ရှင်သရုပ်ဆောင်များနှင့် ခင်ယုမေ၊ မြင့်မြင့်ခင်တို့ဖြင့် နိုက်ကူးကာ (၂၂. ၉. ၆၀)ခုနှစ်တွင် ရုံတင်ပြသခဲ့သည်။ ၎င်းရုပ်ရှင်ဇာတ်ကားသည် မြန်မာပြည်တစ်ပြည်လုံး ဟိုးဟိုးကျော်မျှ ပေါက်မြောက်အောင်မြင်ခဲ့သော လူတိုင်း၏ပါးစပ်ဖျားတွင် ရေပန်းစားခဲ့သော ရုပ်ရှင်ကားတစ်ကား ဖြစ်လာခဲ့သည်။

ကျွန်တော်တို့ သိမီသလောက် ဆရာသော်တာဆွေနှင့် ဆရာသာဂဒိုးတို့သည် ခေတ်ပြိုင်ဟာသစာရေးဆရာကြီးများ ဖြစ်သလို၊ စာပေရောင်းရင်း ညီအစ်ကိုရင်းများသဖွယ်လည်း ဖြစ်သည်။ မှားစွဲသောမုတ်ဆိတ် ဝတ္ထုကို ဆရာသော်တာဆွေမရေးဘဲ၊ ဆရာသာဂဒိုး ကိုယ်တိုင်ရေးလျှင်လည်း ဆရာသော်တာဆွေရေးသကဲ့သို့ကောင်းမွန်သွက်လက်နေမည်မှာ အမှန်ပင်ဖြစ်သည်။

သို့ရာတွင် ဆရာသာဂဒိုးက မရေးဘဲ ဇာတ်လမ်းပြောပြ၍ ဆရာသော်တာဆွေကို ရေးခိုင်းစေခြင်းမှာ ပုဂ္ဂိုလ်ချစ်စိတ်၊ စာပေချစ်စိတ်နှင့် ယုံကြည်စိတ်တို့ကြောင့်သာ ဖြစ်မည်ထင်သည်။

ဧယျာမြေစာပေတိုက်

ယနေ့ စာရေးဆရာလောကတွင်လည်း ဆရာသော်တာဆွေနှင့်ဆရာသာဂဒိုးတို့ကဲ့သို့ပင် ချစ်ခင်ရင်းနှီးသော စာရေးဆရာများစွာကို ကျွန်တော်တို့ ဆုံဖူးသည်။ ဆရာသော်တာဆွေနှင့် ဆရာသာဂဒိုးတို့ကဲ့သို့ပင် တစ်ယောက်က ဇာတ်လမ်းပြော၍ တစ်ယောက်က ရေးသားသည်ကိုလည်း ကြုံဖူးသည်။

ဤသည်မှာ စာရေးဆရာတို့၏ ချစ်စရာကောင်းသော မလေ့ဟုသာ ကျွန်တော် မှတ်ထင်မိပါတော့သည်။

ညက်ပွင့် (စတ်မှ)
ဧယျာမြေစာပေတိုက်

ယကျကျန္မ

...သည့်အလား . . .
...ဘုရားဖူးသွားမယ် လူမှတ်နေ
...သည်"
...ပ်၊ ချနော် ကွမ်းယာရောင်းတယ်
...ပဲ"

...စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သောမုတ်ဆိတ် ဝတ္တုက
ကိုယ်တိုင်ရေးလျှင်လည်း ဆ
သွက်လက်နေမည်မှာ အမှန်ပင်ဖြ
သို့ရာတွင် ဆရာသာဂဒိုးကဲ
ဆရာသော်တာဆွေကို ရေးခိုင်းစေခြ
စိတ်နှင့် ယုံကြည်စိတ်တို့ကြောင့်သာ



## အခန်း (၁)

BURMESE CLASSIC .com

"ကွမ်းယာတစ်ယာပေးစမ်းပါဟေ့၊ ဆေးမထည့်နဲ့ အချို အချို"

ရန်ကုန်မြို့ ဘုရားလမ်းရှိ တစ်ခုသော ကွမ်းယာဆိုင်ကလေးရှေ့တွင် အသက်အစိတ်ခန့် သနားတမား ရုပ်ရည်ရှိသော လူရွယ်တစ်ယောက်သည် ဘောင်းဘီအိတ်ကပ်ထဲမှ ဆယ်ပြားစေ့ တစ်စေ့ကို ဆိုင်ရှင်ကုလားအား လှမ်းပေးပြီး ပြောလိုက်သည်။

ဆိုင်ရှင်ကုလားမှာ ရုတ်တရက် ကျဉ်စက်နှင့် အတို့ခံလိုက်ရသူကဲ့သို့ တွန့်ခနဲ မျက်လုံးပြူးသွားပြီးနောက် ရေညှိရောင် ဘောင်းဘီရှည်ညစ်ထေးထေးစပို့ရှပ်ကို ဝတ်လျက် လွှာဖိနပ်စီးထားသော လမ်းသူရဲလိုလို၊ ကားစပယ်ယာလိုလို ဖြစ်နေသော လူရွယ်အား ရယ်ကျဲကျဲနှင့် ကြည့်လိုက်ကာ . . .

"အဟဲ . . . ဟဲ . . ဆပ်၊ အဟဲ"

လူရွယ်မှာ စိတ်မရှည်နိုင်တော့သည့်အလား . . .

"လုပ်စမ်းပါကွာ၊ ငါ့များသိပ်ဟိုင်ဥဘုရားဖူးသွားမယ့် လူမှတ်နေလို့လား၊ ပြုံးဖြဲဖြဲနဲ့ . . . . တကတည်း"

"ဒီလိုတော့ မကျီစားပါနဲ့ ဆပ်၊ ချနော် ကွမ်းယာရောင်းတာယ်နေ့အ်၊ အခုဆို မာကလီးယားသွားပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကုလားက ခေါင်းခါခါ လည်ခါခါနှင့် လက်နှစ်ဖက်ကို ပူးပြီးပြလိုက်သည်။ လူရွယ်မှာ ရုတ်တရက် အဓိပ္ပာယ် မရှင်းသေး။ ကုလားဆိုင်အတွင်း ခါတိုင်းလို ရှိနေကျဖြစ်သော ကွမ်းရွက်များ၊ ထုံးများ၊ ရှားစေးထည့်သော ကြေးအိုးများကို မမြင်ရသည်နှင့် ကွမ်းယာ မရနိုင်တော့မှန်း သိသွား၍ . . .

"ကဲ . . . ဒါဖြင့် သနပ်ဖက် ငါးပြားတန် တစ်လိပ်နဲ့ မီးခြစ်တစ်လုံးပေး"

ကုလားက ပေးသည်ကို လူရွယ်က ဆောင့်ကြီးအောင့်ကြီးနှင့် ယူလိုက်၏။

အင်္ကျီဘောင်းဘီအိတ်များ တစမ်းစမ်းလုပ်ရင်း . . .

"အင်း . . ငါ့လဲ ရေရေလည်လည်ကို ဘိုင်ပြတ်ပါပေါ့လား"ဟု ညည်းညည်းညူညူလုပ်ကာ မှုန်သိုးသိုးနှင့် ထွက်ခွာသွားလေသည်။ သွားလာနေသော ကားများကိုလည်း ခုမှ လူပြည်တွင် မြင်ဖူးတော့သည့်အလား ကြောင်ငမ်းငမ်းနှင့် ကြည့်နေ၏။

ဤမျှ အူလည်လည်ဖြစ်နေသူကား . . သာကဒိုး (အဲ . . . ဟုတ်ပေါင်) မက်ထရစ်စာမေးပွဲကို ကံမကောင်းအကြောင်းမလှဘဲ လေးကြိမ်လေးခါတိတိ ဆက်တိုက်ကျခဲ့သဖြင့် မိမိ၏ မိခင်အိုကြီးနှင့် တကွ ဇာတိဖြစ်သော စစ်ကိုင်းနယ်ကို စွန့်ခွာလျက် မိမိနှင့် သင့်လျော်သောအလုပ်ကလေး တစ်ခုတလေ ရလိုရငြား ရန်ကုန်မြို့သို့ ရောက်ရှိလာသော စံသင်းပင် ဖြစ်သည်။

ရန်ကုန်မြို့သို့ ရောက်ရှိလာစဖြစ်သော စံသင်းသည် မိမိတည်းခိုသော ဘုန်းကြီးကျောင်း ဇရပ်တွင် ညက ကောင်းစွာပင် မအိပ်နိုင်ဘဲ တတ်သမျှမှတ်သမျှကြိုးစားပမ်းစားဖြင့် လျှောက်လွှာလေးငါးစောင်ကို ရေးရသေး၏။ ၎င်းနောက် မနက်အစောကြီးထ၍ပဲပြုတ်နှင့်ဆွမ်းကျန်များကို ဗိုက်တင်းအောင် လွေးကာ မြို့ထဲရှိ လူစည်ကားရာ ရပ်ကွက်





များသို့ စိတ်အားထက်သန်စွာဖြင့် လျှောက်လွှာလိပ်လေး ကိုင်လျက် တစ်လမ်းဝင်တစ်လမ်းထွက် လှည့်လေတော့သည်။

အရောင်မျိုးစုံ၊ အဆင်မျိုးစုံ ဝတ်စား၍ ကြိတ်ကြိတ်တိုးတွန်းထိုးလှုပ်ရှားနေကြသည့် လူများ၊ ခမ်းနားကြီးကျယ်သော ဆိုင်ခန်းကြီးများ၊ ရုံးအဆောက်အအုံကြီးများ၊ ဥဒဟို သွားလာနေကြသည့် ပုံစံမျိုးစုံ၊ မှန်ကားကြီးများက နိုင်ငံတော်သားကလေး စံသင်းအား ချောက်ချားစေတော့၏။

ဤသို့ဖြင့် အဆင့်အတန်း အစားစား ကွဲပြားလျက်ရှိသော မြို့တော်ရန်ကုန်၏ လူနေမှု စနစ်ကြီးအား စိတ်ရှုပ်ထွေးစွာ လေ့လာနေရင်းမှ တွေ့ရာအလုပ်တိုက်၊ ကုန်တိုက်နှင့် ရုံးခန်းများဆီသို့ မိမိအတွက် လိုအပ်သော အလုပ်ကလေးများ ရလိုရငြား မျှော်လင့်ချက်ကြီးစွာဖြင့် အကြိမ်ကြိမ် ဝင်ရောက်ခဲ့ပါသော်လည်း နောက်ဆုံးတွင် စိတ်ပျက်အားလျော့စွာ ပြန်ထွက်ခဲ့ရသည်ချည်း ဖြစ်တော့သည်။

ညနေစောင်းပြီဖြစ်၍ အလုပ်ရုံများပိတ်ခဲ့ပြီး လူအတော်အတန် ရှင်းစပြုလာသည့်တိုင်အောင် စံသင်းခမျာမှာ တစ်လမ်းဝင်တစ်လမ်းထွက်ဆဲ ရှိရသေးသော်လည်း သူ့ကိုယ်မှ မျှော်လင့်အစ်ထားသော စိတ်ဓာတ်များကား တစ်စတစ်စ ညှိုးမှိန်ခန်းခြောက်၍ သွားကြပြီးနောက် မနက်တုန်းက ပဲပြုတ်နှင့် ထမင်းကြမ်းခဲမှတစ်ပါး တစ်နေ့လုံး ဘာမျှမစားရသေးသဖြင့် မွတ်သိပ်သည့် ဒဏ်ကပါ ကိုယ်ခန္ဓာ တစ်ခုလုံး တစ်စတစ်စ ပြင်းထန်စွာ လွှမ်းမိုး၍ လာလေတော့သည်။

မြို့တော်ကြီး၏ စိမ်းကားမှုကို စံသင်းသည် ပြည့်ဝစွာ ခံနေရသည်။

သို့သော် သို့သော် မြို့တော်၏ လမ်းကြားတစ်ခုမှ စံသင်းအား ဖော်ရွေသူတစ်ဦးကို ထူးဆန်းစွာ တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကား ခေတ်ဆန်စွာ ဝတ်စားထားသော မိန်းမလျာ တစ်ဦး လိမ်ကျစ်လိမ်ကျစ်နှင့် လျှောက်လာပြီးနောက် စံသင်းအား မူတူတူဖြင့် ကြာကြည်ကြည့်ပြီး မသိမသာ ခေါင်းညိတ်ခေါ်ခြင်းပင်တည်း။

စံသင်းမှာ ဆားထိသော တီအလား တွန့်ခနဲ ဖြစ်သွားပြီး နောက်တစ်ဖက်သို့ လှည့်၍ ခြေဦးတည့်ရာ လစ်လေတော့၏။ ထိုစဉ် နောက် မနီးမဝေးဆီမှ လမ်းသူရဲ လေးငါးကောင်၏ ဘာမှန်းမသိသော "ယစ်ပီ၊ ယစ်ပီ . . ဟီးရားရား" ဟု စူးစူးဝါးဝါး အော်သံများကိုလည်း ကြားလိုက်ရလေတော့၏။

"ဒါလားဟဲ့ ရန်ကုန်၊ မြတ်စွာဘုရား . . ဘုရား . . . ဘယ့်နှယ် ရန်ကုန်မြို့လဲ . . ဟဲ့"

စံသင်းက အလန့်တကြား ညည်းတွားလိုက်လေသတည်း။

၂

တစ်နေ့လုံး လျှောက်လာခဲ့သည့် ခြေထောက်များအား အနား ပေးလိုသဖြင့် စံသင်းသည် ကန်တော်မင်ပန်းခြံတွင်းရှိ သစ်ပင်ကြီး တစ်ပင်အောက်၌ နွမ်းလျစွာ ထိုင်ချလိုက်သည်။

စံသင်းနှင့် မလှမ်းမကမ်းရှိ သစ်ပင်ရိပ်တစ်ခုတွင် စုတ်ပြတ်စွာ ဝတ်စားထားသော သူတောင်းစား လေးငါးယောက်မှာ စုရုံးစုရုံးဖြင့် တစ်စုံတစ်ခုကို သဘောကျသည့်အလား တဝုန်းဝုန်း ပွဲကျ၍ နေကြ သည်။ ၎င်းတို့ထဲမှ အသံဩဇာမာမာနှင့် သူတောင်းစားဆရာနှင့် တူသူတစ်ဦးက သစ်ပင်မြစ်တစ်ခုပေါ်တွင် ထိုင်ပြီးနောက် လက်ဟန် ခြေဟန်ဖြင့် . . .

"ဘာလဲကွ . . . မင်းတို့က တရှုန်းရှုန်းနဲ့ စည်းမရှိ ကမ်းမရှိ ပန်းခြံဟာစ်တိုင် တရားပွဲမှတ်လို့လား၊ ဒါ မင်းတို့ကို စပါယ်ရှယ် ပရိုက် ဗိုတ်ကျူရှင်ပေးနေတာကွ၊ တစ်နေ့ တစ်နေ့ အာပေါက်အောင်သာ







သင်နေရတယ်၊ အသုံးကို မကျဘူး၊ မင်းတို့ကိုသာ သူတောင်းစား လက်မှတ်ရ စာမေးပွဲစစ်ရင် . . ထွီ . . ဒီအတိုင်းဆို ငါးရာခိုင်နှုန်း တောင် အောင်မယ်မဟုတ်ဘူး။ ဟဲ့ . . . ပန်းညိုထစမ်း၊ လက်ဝတ် လက်စားကြိုက်တဲ့ အပျိုလေးတွေနဲ့ တွေ့ရင် ဘယ်လို ဆုတောင်းရ မလဲ၊ ဆိုပြစမ်း"

လူစုထဲမှ ပန်းညိုဆိုသူက ရှေ့သို့ ခပ်ယို့ယို့တိုးဝင်လာကာ ချောင်းကလေး တစ်ချက်ဟန့်ပြီး . . .

"သာဓုပါ ခင်ဗျား . . သာဓုပါ၊ အနာထပိဏ်လို ရတနာအရှိန် တောက်ထိန်လျှံလို့မို့၊ ကျောက်စိန်ဝရဲတ် နီလာပုလဲ တစ်မျိုးတဲ့အပြင်၊ ဝဇီရာဆွဲကြိုးအလျား အောက်တစ်ဖက်တစ်ချက်မှာ၊ ပတ္တမြားကျောက် အကွက်ကလည်း လျှံလျှံဖြာလို့မို့ . . ထိန်ထိန်ဝေဖြာ စိန်စိန်တွေပဲဟာ ကလဲ"

"ဟော့ . . . တော် . . တော် . . ဟိုး . . ဟိုး ခွေးသူခိုးသား၊ ဒါ သူတောင်းစား လေတဲ့လားဟင်၊ အားရပါးရ ဆိုနေလိုက်တာ၊ နင့်ကို နင် ရေဒီယိုအဆိုကျော်များ မှတ်နေလား၊ သူတောင်းစားဆိုတာ သူတောင်းစားလေနဲ့ နှာသံလေးနဲ့ မယားငယ်သံ အပြည့်နဲ့ ဆိုရတယ် ဟဲ့၊ နားထောင် . . . အဟမ်း . . ."

ဆရာလုပ်သူက လည်ချောင်းကို တစ်ချက်ရှင်းလိုက်ပြီးနောက် ဆုတောင်းတစ်ပုဒ်ကို မေးလေးထိုးကာ နှာသံလေးဖြင့်ဆိုပြရာ တပည့် လုပ်သူများက ရယ်ချင်စိတ်ကို မနည်းချိုးနှိမ်ဟန်ဆောင်၍ နေကြ ရတော့၏။

"ဟဲ့ ပေါ်အိုင် . . ထစမ်း၊ ဝိန်ချည့်ချည့် မီးယပ်သည့် အပျို ကြီးတို့လို သဒ္ဒါရှင်များနဲ့ တွေ့ရင် ဘယ်လိုဆုတောင်းကို ရွတ်ပြမလဲ"

ပိန်ရှည်ရှည် ငါးဖောင်ရိုးခြောက်နှင့် တူလှပေသော ပေါ်အိုင် ဆိုသူက ရှိသေလေးစားစွာဖြင့် ခပ်ယို့ယို့ ရှေ့တိုးလာပြီးနောက် . . .



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း . . . သာဓုပါခင်ဗျာ . . . သာဓုပါ။ အနာထပိဏ်လို ရတနာအရှိန် တောက်ထိန်လျှံလို့မို့ ကျောက်စိန်ဝရတ် . . ."

ဆရာလုပ်သူမှာ ဝုန်းခနဲ ခုန်ထလိုက်ပြီး . . .

"ဟော့ . . . တော် တော်၊ သယ် . . . မင်းတို့ဟာ မြန်မာ့အသံ ကျနေပါလားဟ၊ တစ်ခါလာလဲ ညီမလေးရယ် စိုးရိမ်မိတယ်၊ တစ်ခါ လာလဲ အစ်ကိုကြီးရယ် စိုးရိမ်မိတယ်နဲ့ အပ်ကြောင်းကို ထပ်နေတာပဲ၊ တစ်ယောက်ဆုတောင်းလဲ အနာထပိဏ်၊ နောက်တစ်ယောက် ဆိုခိုင်း လဲ အနာထပိဏ်၊ ချဲတဲ့မှ . . ."

ပေါ်အိုင်မှာ မျက်စိမျက်နှာ ပျက်လျက် . . .

"ဟေ . . . မင်းတို့ဟာ နိုင်ငံရေးသမားတွေလောက်မှ မလိမ္မာ သေးပါလား၊ ဒါနဲ့များ သူတောင်းစားလုပ်စားနေသေးတယ်၊ အံ့ပါ့ကွာ၊ ဟဲ့. . . သူတောင်းစားဆိုတာ နိုင်ငံရေးသမားတွေလို ကျင့်ရတယ်ဟဲ့၊ ဒီဘဝက မကျွတ်မချင်း မှတ်"

တပည့်တစ်ဦးက "ဘယ်လို ကျင့်ရမလဲ၊ အမိန့်ရှိပါ ဆရာ"

"အဲ သူတောင်းစားနဲ့ နိုင်ငံရေးသမားဟာ အတူတူ ပေါ့ဟဲ့၊ အဲ . . အဲ. . လုပ်ပုံလုပ်နည်းကို ပြောတာနော်၊ မြတ်စွာဘုရား၊ မင်းတို့ ငါ့ချစ်ရင် ဒီအကြောင်း လူရှေ့သူရှေ့ သွားမပြောလေနဲ့ဦး၊ အလုပ်လုပ် တဲ့နေရာမှာ သူတို့လိုပဲ အခြေအနေအရ ကျင့်သုံးရတယ်၊ မှတ်ထား၊ ဟိုကွေ့ ဟိုတက်နဲ့လှော်ရတယ်၊ ဒီကွေ့ ဒီတက်နဲ့လှော်ရတယ်၊ ကိုယ် တွေ့တဲ့ လူတန်းစားရဲ့အကြိုက်ကို လိုက်ပြီးတော့ ဖားပေးရတယ်၊ ဆုတောင်းပေးရတယ်၊ ကဲ . . ငပွ ခုနကလို အပျိုကြီးမျိုးနဲ့ တွေ့ရင် ဘယ်လိုဆိုရမလဲ"

"သာဓုပါ ခင်ဗျ . . သာဓုပါ၊ ဒါန ရဓတံ ဤကောင်းမှုကြောင့် ဒီယာယု အသက်ရှည်၍ မပျက်အတည် ရှင်ပါကူကဲ့သို့ အနာဟူသမျှ အလျဉ်းမရှိကြဘဲနဲ့ အဟင်း . . ."



ဆရာက လက်တားလိုက်ပြီး ကျေနပ်စွာဖြင့် . . .

"အေး . . . မင်းတော်တယ်ဟေ့၊ အားလုံးပဲ မှတ်ထားကြ၊ အဲဒါမှ ကမ္ဘာ့ကျန်းမာရေး စပါယ်ရှယ် ဆုပေးကြီး အစစ်ဟဲ့"

မနီးမဝေးတွင် ထိုင်နေသော စံသင်းသည် ထိုမြင်ကွင်းဆန်းကို လှမ်းကြည့်ကာ မြို့တော်ရန်ကုန်ကို ဒီဂရီ ကုန်အောင် အံ့သြနေမိလေ သည်။

ထို့နောက် သူတောင်းစားဆရာလုပ်သူသည် ဘေးဘီဝဲယာသို့ ကျီးကန်းတောင်းမှောက် လှည့်ကြည့်လိုက်ပြီးနောက် လေသံကလေး အသာနှိမ့်လျက် . . .

"ကဲ, အရေးအကြီးဆုံးသင်ခန်းစာ လာတော့မယ်၊ သေသေ ချာချာ နားထောင်ကြကွနော်၊ ကဲ မျက်မှန်ဝိုင်း ထွားထွား၊ လူကြွစောင်း စောင်း၊ ဖန်ဂေါင်းကျယ်ကျယ်ဂိုက်နဲ့ နိုင်ငံရေးသမား ငနဲပုံနဲ့ တွေ့ပြီ ဆိုရင် တစ်ခါတည်း ဒီငနဲက မေတ္တာစေတနာတွေ တဖြောင်းဖြောင်းနဲ့ ထောင်းလင်မောင်း ထလာအောင် ပေးရတဲ့ နိုင်ငံရေး စပါယ်ရှယ် ဆု ကြီးဟာ ဘာလဲ၊ သိတဲ့လူ ထဆိုပြစမ်းဟေ့"

ပန်းညိုက ဟန်နှင့်ပန်နှင့် လက်ညှိုးထောင်၍ . . .

"ကျွန်တော် သိပါတယ် ဆရာ"

"ကဲ . . . ဒါဖြင့် ဆို. . ."

"သာဓုပါ ခင်ဗျား . . . သာဓုပါ ခင်ဗျား၊ ဤပေးကမ်းမှု မြတ် စေတနာကြောင့် ဘုန်းတေဇာအဟုန် အာဏာစက် တန်ခိုးမှာဖြင့် လက်ညှိုးထောင်ကာ ပြလိုက်လျှင် အရောင်အရှိန် ပါဝါတန်ခိုး စကြ ဝဠာ ထိုးအောင်လင်းတဲ့ပြီး၊ ဘဝအဇ္ဈာမကြွင်း ပိုးဝင်းဖြာလျှံ၍ မညှိုး သတင်း ပါကဋ္ဌလွှန်ထင်ရှားပြီးလျှင် အဲ, ထင်ရှားပြီးလျှင် . . . ဟဲဟဲ"

"လခွီးမှုပဲ၊ တယ်လေ. . ဒီလောက် အရေးကြီးတဲ့ ဆုတောင်း ကိုမှ မေ့ပစ်ရသလားဟဲ့၊ တွံသင်တစ်ပါးလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း . . . တွံသင်တစ်ပါး မကောင်းရန်သူ တစ်ဖက်ငတီ အပေါင်းတို့ကို ဆရာရယ် ခေါင်းနှံ့ကာ ဖိထိဖျက်ထောင်း နိုင်ကြပါစေ သာဓုပါ ခင်ဗျား . . . သာဓုပါ"

"ဟား . . . ဟား . . သိပ်ကောင်းပါ့ကွာ၊ နိုင်ငံရေးသမား တွေဟာ လူပေါကြီးတွေ မဟုတ်လား၊ အချောင်အာဏာပါဝါ ရဖို့သာ ကြည့်တာ၊ ဒီလို ဆုပေးမှာ ဘုန်းတော်ရောင်တွေ၊ လက်ညှိုးထောင်တာတွေ ရန်သူကို ကုပ်ချိုးပစ်တာတွေနဲ့ ထည့်ပြီး တီးထည့်လိုက်ရင် ပစ်ကျပြီး အောက်ထစ် ဝမ်းရှုပီးတော့ တန်းနေပေ့ါ မောင် . . အဟီး ကိုယ်တွေ့ဟ၊ ဟဲ့ . . ဟဲ့ ငါပြောတာများ သူများကြားသွားပြီလား"

စိတ်ပူစွာနှင့် ဘေးဘီလှမ်းကြည့်လိုက်ပြီးနောက် သက်ပြင်းချလိုက်ကာ . . .

"ဟေ့ကောင် စံပဲ၊ ဟို . . . ဟို . . . ဝိုလ်ကြီးတော်ကြီးတွေ၊ ဟို. . ဟို . . ဝန်ကြီးကတော်ကြီးတွေ အကြိုက်လေကွာ . . အဲ . . . အဲဒါ. . ဆိုပြစမ်း"

စံပဲက ထ၍ တင်ပါးတွင် ရှိသော ပွေးများကို တဗြင်းဗြင်းနှင့် ကုတ်ရင်း "ဟုတ်ကဲ့ပါ ဆရာ၊ သာဓုပါ ခင်ဗျား . . . သာဓုပါ၊ ဖန်မှန် ကာငွေသားတွေ တစ်ရစ်ရစ် လျှံလျှံဝါ ရွှေသား အထစ်ထစ် တစ်ဆစ် အကြားထဲ ပယင်း ပတ္တမြား ပုလဲ စီကာရံ၊ ရာဇပလ္လင်ပျံ ဖင်မှာ ကြာကြာမြဲရတဲ့ ကိုယ်ဖြစ်စေပြီးလျှင် နီလာမကျန် ဥဿဖရား စိန်ည အရောင်လင်းပေတော့ . . . . ဟော . . . ဟော"

"လာပြန်ပြီ တစ်ယောက်၊ မင်းတို့ တယ် . . သူတောင်းစား အတတ်ဆန်းနေကြပါလား၊ ရေဒီယို အဆိုကျော် စတိုင်မျိုးနဲ့၊ ခွေးသူခိုးဒါ သူတောင်းစား ကျူရှင်ပေးတာဟဲ့၊ နင်တို့ကို ရေဒီယို အဆိုကျော် ဖြစ်အောင် ကျင့်နိုင်းနေတာ မဟုတ်ဘူးလေ၊ နှာခေါင်းသံလေးနဲ့ ဆို၊ မဆိုတတ်ရင် နှာခေါင်းပိတ်ကျင့်ကွာ . . . ကြားလား"





"ဟုတ်ကဲ့ပါ . . . ဆရာ"

"နင်တို့တော့လား ခုခေတ်ပေါက် ကာလပေါ် သူတောင်းစား တွေကိုက တော်တော်ခက်တယ်၊ ကတည်း . . သူတောင်းစားကနေ ဘန်ကောက်ဝတ် ရုပ်ဖျက်ပြီး ကောလိပ်ကျောင်းသူတွေများ ပိုးလိုပိုး၊ နိပ်ပေ့ကွာ၊ ဟင်း, သူတောင်းစားသိက္ခာ ဖျက်ချင်တဲ့ ကောင်တွေ"

ဆရာလုပ်သူမှာ ပြောရင်း ပြောရင်း. . ဒေါသထွက်လာတော့ သဖြင့် အနားမှ ရေခွက်စုတ်တစ်ခုကို ကိုင်၍ ပေါက်ပစ်လိုက်သည်။ တပည့်တစ်စုမှာ မျက်စိမျက်နှာပျက်၍ ငြိမ်သက်နေကြသည်။

ဤတွင် ဆရာက တစ်ဖက်သို့ ငေးငိုင်နေသော ပန်းညိုအား လှမ်း၍ "ဟေ့ . . . ဟိုကောင် . . ဒီက ပြောတာဖြင့် နားမထောင်ဘူး၊ ဘယ်လှမ်းငမ်းနေရပြန်တာလဲ၊ အားအားရှိ သမ္ဘတအိမ်နား သွားသွား ရစ်နေတတ်တဲ့အကောင်"

"မဟုတ်ပါဘူး ဆရာ၊ ဟို . . . ဟို . . . ဟာယ်"

"တော်ကွာ . . . ဟေ့ ငပွကကော ဘာ ငိုင်စူးစူး ဖြစ်နေရပြန် တာလဲ၊ ဘယ်ဝန်ကြီးသမီးများ သွားစွဲနေပြန်တာလဲ ကိုယ်တော်မြတ်၊ ဟင်း . . ရုပ်ကိုက သူတောင်းစား အထက်တန်းရုပ်လေး၊ မထည့်ချင် စရာလေး"

သူတောင်းစားများက အနည်းငယ် ပြုံးပြုံးရွှင်ရွှင် ဖြစ်လာတော့ သည်။

သူတောင်းစားဆရာက ဆက်၍ . . .

"မင်းတို့လို ကျောင်းသားမျိုးနဲ့တော့ကွာ ငါ့ဖြင့် သူတောင်းစား ပါမောက္ခ လုပ်ဖို့ကို စိတ်ကုန်လာပြီ၊ အာပေါက်သေမယ့် ကိန်းပဲဟား ဒါတောင် တောင်းလို့ရတဲ့အထဲက ကော်မရှင်လေး မှန်မှန် မပေးချင် ကြဘူး"

"ပေးပါ့မယ် ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com


"ကဲကဲ ဒီနေ့တော့ မင်းတို့ကို အထူးဆုကြီးတစ်ခု ချပေးရမယ်၊ အထွေထွေဆုပေးကြီးလို့လည်း ဆိုနိုင်သဟ၊ ဝန်ကြီးကတော်ကနေပြီး ဆိုက်ကားသမားကတော်အထိ ကျမယ့်ဆုမျိုး၊ ကောင်းကောင်းလိုက်ဆိုကြကွယ့်"

ဆရာက ပါးစပ်ကို လက်ဖမိုးနှင့် သုတ်ပြီးနောက် ဟန်ပါပါနှင့် ဆုပေးတစ်ခုကို ရွတ်ပြလေရာ တပည့်များက ဂရုစိုက်ပြီး လိုက်ဆိုကြသည်။

မလှမ်းမကမ်းရှိ သူတောင်းစား တစ်စု၏ အဖြစ်ကို လှမ်းမြင်နေရသော စံသင်းသည် မိမိဘဝကိုပင် မိမိ မေ့ချင်ချင် ဖြစ်သွားလုအောင် စိတ်ရွှင်၍ နေလေတော့သည်။ တစ်ချက် တစ်ချက်လည်း အသံထွက်လုအောင်ပင် ကျိတ်၍ ရယ်နေမိ၏။ ကြာတော့လည်း မျက်စိနောက်လာသည့်အပြင် မိုးမချုပ်မီ မိမိတည်းခိုသော ဇရပ်သို့ ပြန်ရမည် ဖြစ်သဖြင့် ပန်းခြံတွင်းမှ ထွက်ခွာရန် သူတောင်းစား တစ်သိုက်အနီးသို့ ဖြတ်၍ လျှောက်လာလေတော့သည်။

သူတောင်းစား ဆရာလုပ်သူက စံသင်းကို လှမ်းတွေ့လိုက်သည်ဆိုလျှင်ပဲ သူ့ ဆုပေးကို ရပ်လိုက်ပြီး တပည့်တစ်ဦးအား လှမ်း၍ မျက်စပစ်ကာ . . .

"ဟေ့ ဟေ့ ပေါ်အိုင် . . . အတော်ပဲ၊ ဟိုမှာ လူတစ်ယောက်လာနေတယ်၊ မင်းပညာ စွံမစွံ နမူနာ စမ်းကြည့်မယ်၊ အသံနေ အသံထားရော ဆုပေးရောဟ၊ သွားလုပ်ချေစမ်း"

ပေါ်အိုင်က ကြောင်တောင်တောင်နှင့် စံသင်းနားသို့ ခပ်ယို့ယို့ ချဉ်းကပ်သွားပြီးနောက်၊ လမ်းဘေးတွင် အသာဝပ်ပြီး . . .

"သနားကြပါ ခညာ၊ သနားကြပါ၊ ကျွန်တော် ဝဋ်ဒုက္ခသည်မှာ ဘဝကြမ္မာ ယိုယွင်း၍ ဒုက္ခတွင်းနှင့် ကြုံ၍ လူ့ဘုံသံသရာခရီး . . . အဟီး . . အဟီးဟီး"

ဆွဲဆွဲငင်ငင်ဖြင့် သီဆိုနေသော သူတောင်းစား ပေါ်အိုင်အား စံသင်းက ကြောင့်ပြီး ကြည့်နေမိသည်။ နောက်မှ မိမိ ဘိုင်ကျနေသော အဖြစ်ကို သိစေရန်အတွက် ဘောင်းဘီအိတ်များကို ပုတ်ပြပြီး . . .

"သွားပါဦးတော့ဗျာ၊ ကျုပ်တောင် အကြွေမရှိလို့"

"သနားပါအစ်ကိုကြီးရာ သနားပါ၊ အကြွေမရှိဘူး ဆိုရင်လဲ ကျပ်တန်လေးများ ဖြစ်ဖြစ် လုံးလုံးမပေးချင်တောင် ပြန်အမ်းဆို ပြန်အမ်းပါ့မယ့် ခင်ဗျာ"

စံသင်းမှာ မျက်လုံးပြူးသွားပြီး . . .

"ဟယ် ဟယ် . . ဘယ့်နှယ် လူစားကြီးလဲ၊ ကဲ . . ကဲ ခင်ဗျား မသွားလဲ ကျွန်တော်ပဲ သွားပါတော့မယ် ခင်ဗျား"

စံသင်းက အူကြောင်ကြောင်လုပ်၍ ဆက်လျှောက်သွားလေတော့ရာ အခြေအနေကို စောင့်ကြည့်နေသော သူတောင်းစားဆရာက ပေါ်အိုင်အနားသို့ ပြေးသွား၍ ဖနောင့်နှင့် ကျောကော့သွားအောင် တစ်ချက်ပေါက်ထည့်လိုက်ပြီး . . .

"ဟော့ကောင် တော် တော်၊ မင်း စာမေးပွဲကျတယ်၊ တယ်လေ စောစောစီးစီး လာဘ်တိတ်အောင် လုပ်တဲ့အကောင်၊ တော်ကြာ နင်ကပါ ပြန်ပေးနေရဦးမယ်"

သူတောင်းစားဆရာ၏ ငေါ့သံကို ခပ်လှမ်းလှမ်းမှ ကြားလိုက်ရသော စံသင်းကား အောင့်သက်သက် ဖြစ်ကာ ခြေလှမ်းများလည်း ပို၍ သွက်သွားလေတော့သည်။

ပါးစပ်မှလည်း တတွတ်တွတ်နှင့် . . .

"ရန်ကုန် . . . ရန်ကုန်၊ အမယ်လေးဟဲ့ ရန်ကုန်မြို့ကြီး"


www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၂)

ဆိုင်တိုင်းလိုပင် ခေတ်မီတောက်ပစွာ ဝတ်ဆင်ထားကြသည့် ဈေးဝယ်သူများနှင့် တိုးဝှေ့ပြည့်ကြပ်၍ ရှိနေသော ဗိုလ်ချုပ်ဈေး အတွင်းဝယ် စံသင်းသည် အံ့ဩခြင်း တပ်မက်ခြင်း လက္ခဏာတို့ကို ဆောင်သောမျက်လုံးများဖြင့် ငေးမောကြည့်ရင်း လျှောက်သွားနေမိသည်။

တစ်နေရာတွင် လှပခြင်း၊ ငယ်ရွယ်နုပျိုခြင်း၊ ကိုယ်လုံးကိုယ်ပေါက် အချိုးအစားပြေပြစ်ခြင်း စသော နာမဝိသေသနတို့ဖြင့် ပြည့်စုံလှသည့် အသက် (၂၀)ခန့်ရှိ မိန်းမပျိုလေးတစ်ဦးမှာ ဝယ်ခြမ်းခဲ့သော ပစ္စည်းများဖြင့် ဖောင်းပွနေသည့် ရောင်စုံစက္ကူအိတ်များကို လက်တစ်ဖက်ဖြင့် ပိုက်လျက် သွက်လက်ဖျတ်လတ်စွာဖြင့် စံသင်းရှေ့မှ ပွတ်ပြီး လျှောက်သွားသည်။

မိန်းမပျို၏ အလှအပြင် ထူးခြားစွာ သင်းပျံ့သော မွှေးရနံ့တို့ကိုပါ ရှူရှိုက်မိလိုက်သဖြင့် တစ်ခဏမျှ မိန်းမောနေမိသော စံသင်းသည် သူ့ရှေ့တွင် မိန်းမပျိုထံမှ ကျန်ရစ်ခဲ့သည့် အပြာရောင် လက်ပွေ့အိတ်ကလေးကိုပင် ရုတ်တရက် သတိမထားလိုက်မိ။

ခပ်လှမ်းလှမ်းသို့ ရောက်သွားပြီဖြစ်သော မိန်းမပျိုကလေး၏ နောက်ပိုင်းကိုသာ တပ်မက်စွာ ငေးကြည့်နေမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ . . ရှေ့မှလက်ကိုင်အိတ်ကလေးကို တွေ့ရသောအခါ ရုတ်တရက် အံ့အားသင့်သွားပြီးနောက် . . ဘေးဆီကို လှမ်းကြည့်ကာ လျှင်မြန်စွာ ကောက်ယူလိုက်သည်။

လက်ပွေ့အိတ်ကလေးကို ဖွင့်ကြည့်လိုက်သည်တွင် စောစောတုန်းက မိန်းမပျိုကလေးထံမှ ရသော ရနံ့များ နှာဝသို့ တိုးဝင်လာပြီးနောက် အထပ်လိုက်ပြည့်နေသော ရာတန်နှင့် ဆယ်တန် ငွေစက္ကူများကို တွေ့လိုက်ရာ စံသင်းမှာ မျက်လုံးပြူးသွားရလေတော့သည်။

ထိုစဉ်ခဏတွင် ဈေးလူလည်ဖြစ်ပုံရသော လူတစ်ယောက်က စံသင်းကို ကြည့်ကာပြုံးပြီး မျက်ခုံးတစ်ဖက်ကို အဓိပ္ပာယ်ပါပါ ချီ၍ ပြလိုက်သည်ကို စံသင်းက မြင်လိုက်ရသောအခါတွင်ကား မျက်နှာထားကို တည်လိုက်ပြီး မိန်းမပျိုလေး သွားရာဘက်သို့ စံသင်းသည် ခပ်သုတ်သုတ် ပြေးလိုက်သွားလေတော့၏။

သို့သော် စံသင်းမှာ အချိန်နောက်ကျသွားပြီ ဖြစ်သည်။

မိန်းမပျို ကိုယ်တိုင် မောင်း၍ ထွက်သွားသော မှန်ကားကြီး၏ နောက်ပိုင်းကိုသာ မြင်ရတော့သည်။ ဤတွင် အနီးရှိ တက္ကစီဂျစ်တစ်စီးပေါ်သို့ စံသင်းက ပေါ့ပါးစွာ ခုန်တက်လိုက်ပြီး အံ့အားသင့်နေသော ဒရိုင်ဘာအား . . .

"ဗျို့ ဆရာ၊ ဟိုကားနောက် တဆိတ် မြန်မြန် လိုက်ပေးစမ်းပါ၊ ကိစ္စလေးတစ်ခု ရှိနေလို့"

ဒရိုင်ဘာလည်း ဘာမျှ ပြန်မပြောတော့ဘဲ ကားကို လျှင်မြန်စွာ စက်နှိုးကာ . ရှေ့ကားနောက်သို့ ဆောင့်ထွက်မောင်းနှင်သွားတော့သည်။ စောစောက စံသင်းအား ဝေစုခွဲလိုဟန်ဖြင့် ကြည့်နေသူကား ကြောင်၍ ကျန်ရစ်ခဲ့လေသည်။

တစ်ခါတစ်ရံ ရှေ့မှ ကားတန်းကြီး ခံ၍နေလေသဖြင့် စံသင်းတို့ဂျစ်ကားမှာ မိန်းမပျို၏ကားကို တော်ရုံနှင့် မမီ။





မျက်ခြည်မပြတ်အောင်ပင် အတော်သတိထား၍ လိုက်နေရတော့သည်။ ကားရှင်းသော ကန်တော်ကြီး ဘေးတစ်နေရာဆီသို့ ရောက်ခါမှ စံသင်းတို့ကားက မိန်းမပျို၏ ကားရှေ့သို့ ကျော်တက်ကာ ရှေ့မှပိတ်၍ ရပ်လိုက်သည်။

ကားနှစ်စင်းလုံး ကျွီခနဲ ဘရိတ်အုပ်ကာ ရပ်လိုက်ကြသည်တွင် မိန်းမပျိုမှာ မျက်လုံးလေး ဝိုင်းလျက် ထိတ်လန့်စွာဖြင့် ဂျစ်ကားပေါ်မှ ဆင်းလာသော စံသင်းအား ကြည့်နေမိသည်။

အနီးသို့ရောက်လေလျှင် စံသင်းက ဘောင်းဘီအိတ်ကပ်ထဲမှ လက်ကိုင်အိတ်ကလေးကို ထုတ်ပြီး လက်လှမ်း၍ . . .

"ဒါ . . ဒါ . . ဒီက ကျနေခဲ့တာ ဟုတ်လားခင်ဗျား၊ ငွေတွေက အများကြီး"

မိန်းမပျိုမှာ မျက်နှာလေး ဝင်းလက်သွားကာ အိတ်ကို လှမ်းယူလိုက်ပြီး လက်မှ ပိုက်ဆံအိတ်ကို ဖွင့်ကာ စံသင်းအား စူးစူးဝါးဝါး ကြည့်လျက် . . .

"ကျေးဇူးတင်လိုက်တာရှင်၊ ဒီလိုဒုက္ခခံပြီး ကကူးတက လိုက်ပေးတာ သိပ်ကျေးဇူးတင်တာပဲ"

စံသင်းမှာ မိန်းမပျိုလေး၏ အကြည့်နှင့် ပြောစကားကြောင့် ရှက်ကိုးရှက်ကန်းဖြင့် မျက်နှာမထားတတ်အောင် ဖြစ်သွားသည်။

မိန်းမပျိုလေးက စံသင်း၏ ဖြောင့်သော ရုပ်ရည်၊ တောင့်တင်းသန်မာလှသော ကိုယ်လုံးကိုယ်ပေါက်တို့ကို ဝင်းလက်သော မျက်လုံးကလေးများဖြင့် စူးစိုက်ကြည့်နေလိုက်မိပြီး နောက်မှသတိရသွားကာ စံသင်းအား ဆုအဖြစ် ပိုက်ဆံထုတ်ပေးရန် စဉ်းစားလိုက်သည်။

သို့သော်လည်း စံသင်း၏ ရုပ်ရည်အခြေအနေကြောင့် လက်ခံ၊ လက်မခံ၊ တော်, မတော်၊ သင့်, မသင့် ဝေခွဲမရနိုင်ဖြစ်သွားပြီး ပိုက်ဆံအိတ်လေးကို ပြန်ပိတ်ကာ သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးတင်လိုက်တာနော်၊ သိပ်ကို. . ကျေးဇူးတင်တာပါပဲ၊ ကျွန်မ နာမည်က ပုပုခင်ပါ၊ အင်းလျားလမ်း၊ (၉၄) မှာ နေပါတယ်၊ မိတ်ရင်းလို သဘောထားပြီးတော့ လာလည်ပါရှင်၊ ဪ . . ဒါထက် အရေးကြီးတဲ့ ကိစ္စလေးရှိလို့ သွားရဦးမှာမို့ ကျွန်မကို ခွင့်ပြုပါလားရှင်"

မိန်းမပျိုက ပြုံးပြုံးကလေး လုပ်ပြီး လက်တစ်ဖက်ကို ပြလျက် ကားကို ဝူးခနဲ မောင်းထွက်သွားလေတော့သည်။ စံသင်းမှာလည်း ပြုံးဖြီးဖြီးနှင့် သဘောအကျကြီးကျလျက် ကျန်ရစ်လေတော့၏။

"အဟမ်း . . ."

နောက်မှ တက္ကစီကားဒရိုင်ဘာ၏ ချောင်းဟန့်သံ ကြားတော့မှ စံသင်းမှ တွန့်ခနဲ လန့်ဖျပ်သွားပြီးနောက် မိမိ အခြေအနေမှန်ကို မိမိ သတိရကာ မျက်စိမျက်နှာ အကြီးအကျယ် ပျက်သွားလျက် . . .

"အဲ . . . အဲ . . အဲဒါမှ ချောက်ပဲ"

ဒရိုင်ဘာက စံသင်းအနီးသို့ လျှောက်လာပြီး . . .

"ဘာများ တစ်ယောက်တည်း တချောက်ချောက်နဲ့ ဖြစ်နေရ ပါလဲ ဆရာရဲ့၊ ဟဲ. . ဟဲ ပြီးတာပြီးပါစေပေါ့၊ ကားခလေးတစ်ဆိတ်"

စံသင်းမှာ မျက်လုံး ဝိုင်း၍သွားသည်။

ထိုအခိုက် ၎င်းတို့ အဖြစ်အပျက်ကို သတိထားမိဟန်တူသော အနီးအနား ပတ်ဝန်းကျင်မှ တက္ကစီဒရိုင်ဘာနှင့် စပယ်ယာ သုံးလေးဦး တို့ကလည်း အနားသို့ စုရုံးရောက်ရှိလာသည်။

စံသင်းမှာမူ အူကြောင်ကြောင် မဲ့တဲ့တဲ့နှင့် ဖြစ်နေပြီး . .

"သူ့ဆီက ဘောက်ဆူးလေး ဘာလေး ရမလားလို့ ကျကျန် ရစ်တဲ့ ပိုက်ဆံအိတ်ကို လိုက်ပြီးပေးတာဗျာ၊ အခုဆို ဒုက္ခပါပဲ"

ကားဆရာက မျက်လုံးကို ပြူး၍ . . . "ဟင်, ဘောက်ဆူးရ မလားလို့ ဟုတ်ပါရဲ့ကွာ၊ တော်တော့်ကို အထက်တန်းကျကျညံ့တဲ့လူပဲ၊ ပိုက်ဆံအိတ်အပြည့်ကြီးများ ဘောက်ဆူးမျှော်ပြီး လိုက်ပေးသတဲ့"





စံသင်းက မျက်နှာငယ်ငယ်နှင့် လက်ကာ၍ ပြပြီး . . .

"ဒါတင် မဟုတ်သေးဘူးဗျ၊ ဗိုလ်ကျပြီး အချောင်ဝေစု ခွဲချင်တဲ့ ငနဲတစ်ကောင် ပေါ်လာလို့ သူ့လဲ မပေးချင်လို့"

ကားဆရာက မျက်နှာထား တင်းလိုက်ပြီး . . .

"အဲ . . ခင်ဗျားဟာ ခင်ဗျား နွားကျကျ၊ ရဟန်္တာပဲ ကျကျ၊ ကျုပ် ကားခလေးတော့ မ,စပါဦး"

စံသင်းမှ ပို၍ မျက်နှာပျက်သွားပြီး . . .

"အဲဒါကြောင့် ခက်တာပေါ့ဗျာ၊ ကျွန်တော့်မှာ ပေးစရာလဲ တစ်ပြားမှ မပါလို့"

ကားဆရာ ဒေါကန်သွားသည်တွင် အနီးမှ ကားသမား တစ်ဦး ကဝင်၍ "ဒါဖြင့် ဒီလို လုပ်ပေါ့ဗျာ၊ မြန်မာပီပီ ဒီလူ့ဆီက ဘောင်းဘီပဲ ချွတ်ယူပေါ့"

ကားဆရာကလည်း လှုမိုက်ဂိုက်နှင့် ခပ်တည်တည် ခေါင်းကို ညိတ်လိုက်ပြီး . . .

"ဒါပဲ ကောင်းတယ်၊ စောစောစီးစီး ဈေးဦးပေါက် မကောင်းလို့ ကိုယ့်လူမျိုးချင်း ရက်စက်ရတော့မှာပဲဗျ၊ ကဲ . . ကိုယ့်လူ ချွတ်စမ်း"

ကားသမားများက စံသင်းအနီးသို့ ဝိုင်းအုံလာကြသည်တွင် စံသင်းမှာ လက်ကားရား ခြေကားရားနှင့် တဖြည်းဖြည်း နောက်ဆုတ် သွားလေရာ လမ်းမကြီးပေါ်သို့အရောက် ဆလွန်းကားကြီးတစ်စင်း နှင့်ပွတ်တိုက်လုနီးနီး ဖြစ်သွားတော့သည်။

ကားကြီးက ရုတ်တရက် ဆောင့်၍ဘရိတ်အုပ်လိုက်ပြီးနောက် ကားပေါ်မှမောင်းလာသူ မျက်မှန်နှင့် ဖြူဖြူနံ့နံ့ လူတစ်ဦးက ဒေါသနီး လျှံသော မျက်လုံးများဖြင့် ၎င်းတို့ တစ်သိုက်အား ပြူး၍ကြည့်ပြီး-

"ဟော့ . . . မင်းတို့ လူပြည်က နုတ်ထွက်ချင်ကြလို့ လမ်းပေါ် တက်ကမြင်းနေကြတာလားကွ၊ ကဲကောင်းပေလို့ . . ."


www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ လူက ပြောရင်းဆိုရင်း စံသင်းအား မြင်လိုက်လျှင် အံ့အားသင့်သွားပြီး ကားပေါ်မှ ဆင်း၍လာတော့သည်။ ကားသမား တစ်ယောက်က ကျိုးနွံစွာဖြင့် ထိုလူအား ကြည့်ပြီး . . .

"စိတ်မဆိုးပါနဲ့ ဆရာရယ် . . ဟောဒီလူက ကျွန်တော်တို့ကား ငှားစီးပြီး ကားခလဲ မပေးလို့ တောင်းနေကြလို့ပါ"

စံသင်းက ပျာယီးပျာယာနှင့် . . .

"ကျွန်တော် ပြောပါရစေဦး ဆရာ၊ စောစောက အမျိုးသမီးတစ်ဦးက ငွေတွေအများကြီးနဲ့ ပိုက်ဆံအိတ် ကျကျန်ရစ်ခဲ့လို့ ကျွန်တော်က ကောက်ပြီး စေတနာနဲ့ အမီလိုက်ပေးတာပါ။ အဲဒါ အမျိုးသမီးက ကျေးဇူးသာ သုံးလေးခွန်းတင်ပြီး ဘောက်ဆူးလေးမှ မပေးဘဲ ထွက်သွားလို့ သူတို့က ကျွန်တော့်ဘောင်းဘီ ချွတ်ယူကြမလို့တဲ့ ခင်ဗျ"

၎င်းတို့ အဖြစ်ကို ကြားရသော ကားပေါ်မှ ဆင်းလာသူက ဟက်ဟက်ပက်ပက် သဘောကျစွာ ရယ်မောလိုက်ပြီး . . .

"ဟား . . . ဟား . . . ဖြစ်မှ ဖြစ်ရလေ၊ ကိုယ့်လူက ဘုရားလောင်း အသေးစားလေးပါလားဗျို့၊ ကဲ . . ကဲ . . . မင်းတို့ပြဿနာ ငါကပဲ ကုသိုလ်ဖြစ်ဝင်ရှင်းပေးပါ့မယ်ကွာ၊ ရော့ . . ရော့ သူ့ဘောင်းဘီကိုတော့ ချမ်းသာပေးလိုက်ပါ"

ဟိုလူက အိတ်တွင်းမှ ငွေငါးကျပ်တစ်ရွက် ထုတ်ပေးလိုက်သည်တွင် ကားသမားများက ဝမ်းသာအားရလက်ခံပြီး ထွက်သွားလေတော့သည်။

စံသင်းမှာ ထိုလူငယ်အား လွန်စွာမှ ရိုသေလေးစားဟန်နှင့် ကြည့်ပြီး . .

"သိပ်ကို ကျေးဇူးတင်တာပဲ နောင်ကြီးရာ၊ နောင်ကြီးသာ ခုလို ဝင်မကယ်ရင် ကျွန်တော်တော့ တစ်ခါတည်းလန်ကွတ်တီအခမဲ့ဝတ်ရကိန်းကြုံတော့မှာပဲ"





ထိုလူက ကားပေါ် လက်တစ်ဖက်တင်ရင်း ရယ်မောလိုက်ပြီး-

"ကျုပ်နာမည် ဘိုဒွန်းပါ၊ ကန်ထရိုက်တာ ဘိုဒွန်းလို့ လူသိများပါတယ်၊ ဒါထက် ခင်ဗျားက ဘယ်မှာနေပြီး ဘာလုပ်ကိုင်စားတုံး"

စံသင်းက မျက်နှာငယ်ငယ်နှင့် . . .

"ကျွန်တော် စစ်ကိုင်းကပါ ခင်ဗျာ၊ ရန်ကုန်ကို အလုပ်ရှာရင်း တစ်နေ့ကမှ ရောက်တယ်၊ အလုပ်လဲ မရသေးပါဘူး၊ ရှာနေဆဲပါပဲ၊ ကျွန်တော့်နာမည်က စံသင်းပါ"

ဘိုဒွန်း၏မျက်နှာမှာ ဝင်းလဲ့သွားပြီး . . .

"ဩော် . . . ဒီလိုကိုး၊ ဒီလိုဆိုတော့လဲ အခက်အခဲ တွေ့နေတဲ့ ကိုယ့်အမျိုးသားချင်း ကူညီကြရတာပေါ့၊ ခင်ဗျား ကြည့်ရတာ မနက်စာတောင် မစားရသေးဘူးထင်တယ်၊ လာဗျာ . . . ကျုပ်နဲ့ လိုက်ခဲ့၊ အေးအေးဆေးဆေး စကားပြောကြရအောင်"

စံသင်းမှာ ကျေးဇူးတင်ခြင်း ဝမ်းမြောက်ခြင်းဖြင့် မှင်တက်မိနေပြီး ဘာမျှပင် ပြန်မပြောနိုင်ဘဲ ဘိုဒွန်းခေါ်ရာသို့ ကားကြီးပေါ်မှ လိုက်ပါသွားလေတော့သည်။

ရန်ကုန်မြို့တွင်းရှိ ဟိုတယ်ကြီးတစ်ခု၏ အခန်းအတွင်းသို့ ရောက်သောအခါ ဘိုဒွန်းက စားသောက်ဖွယ်ရာ မျိုးစုံတို့ကို မှာလိုက်ပြီးနောက် ကြောင်စိစိဖြစ်နေသော စံသင်းအား ပြုံး၍ကြည့်လိုက်ပြီး-

"ဒီလိုပေါ့ဗျာ၊ ရန်ကုန်မှာ ကြာရှည်မနေဖူးသေးတော့ အဆန်းတွေချည်း ဖြစ်နေတော့တာပေါ့၊ အခက်အခဲလဲ တွေ့ရမှာပဲ၊ ကဲ . . ကဲ အားမနာပါနဲ့၊ စားချင်တာသာ စားပေတော့၊ အလုပ်အတွက်လဲ မပူပါနဲ့၊ ကျုပ်က ကန်ထရိုက်တာတစ်ယောက်မို့ ရှာပေးနိုင်ပါတယ်၊ စိတ်ချပါ ကိုစံသင်း"

စံသင်းမှာ ဝမ်းသာအားရ မော်ကြည့်လိုက်ပြီး . . .

"ကျေးဇူး သိပ်တင်တာပဲ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုဒွန်းမှာ အစာများကို တို့ကနန်း ဆိတ်ကနန်း စားနေရာမှ ပလုတ်ပလောင်းနှင့် အားရပါးရ စားသောက်နေသော စံသင်းအား စဉ်းစားဟန်နှင့် စူးစိုက်ကြည့်နေလိုက်သည်။

သည့်နောက် . . .

"ဒီမနက် ကိုစံသင်းကို မြင်ရတော့ ကျုပ်ဖြင့် တကယ့်ကို အံ့အားသင့်သွားတာပဲဗျာ"

စံသင်းက အံ့ဩစွာမော့ကြည့်လိုက်၍. . . .

"ခင်ဗျာ. . ခင်ဗျာ. . ဘာဖြစ်လို့"

"တူပဲ တူလွန်းတာ အံ့ပါ့ဗျာ၊ ကျုပ် မိတ်ဆွေတစ်ယောက်ဟာ ကိုစံသင်းနဲ့ လုံးဝ ခွဲမရအောင် တူပဲ တူလွန်းအားကြီးလို့ တကယ်ရှား တဲ့ရုပ်တူနှစ်ဦးကို မိတ်ဆွေရင်းတွေတောင် ရွေးရခက်မယ်၊ အိမ်ကျရင် ကျုပ် ပြမယ်"

"ဩော်, ဟုတ်ကဲ့ . . ဟုတ်ကဲ့"

ဘိုဒွန်းကဆက်၍ . . .

"နောက်ပြီး ပိုထူးဆန်းတာက ဒီမနက် ကိုစံသင်းနဲ့ ကျုပ်နဲ့ တွေ့ရအောင်ဟာ နတ်သိကြားတွေကဖက်ပေးလိုက်လား အောက်မေ့ ရတယ် ကိုစံသင်းရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မှာ ကိုစံသင်း ဟာ အလုပ်လက်မဲ့ ဖြစ်နေတယ် ဟုတ်လား"

"ဒါကြောင့်ပေါ့ ခင်ဗျာ၊ ကျွန်တော်အဖို့ ကိုဒွန်းနဲ့ တွေ့လိုက် မိတာ သိပ်ကို ကံကောင်းသွားတာပဲ၊ မဟုတ်ရင်လား နို့တစ်တောင် မပေးဘဲ ဒါရိုက်ဟစ် ဘောင်းဘီ ကျွတ်ရပြီးသားပဲ ခင်ဗျ"

"ဟဲ . . . ဟဲ ဒါတင် မကသေးပါဘူးလေ၊ ကိုစံသင်းအတွက် တကယ်အကျိုးရှိမယ့် အလုပ်လဲ ရပါစေ့မယ်၊ အိမ်ကျမှ ကျုပ် ပြောပြ ပါ့မယ်၊ အလုပ်ကတော့ အရည်အချင်း သိပ်ရှိဖို့ မလိုပါဘူး၊ အထူ သဖြင့် ကိုစံသင်းနဲ့ဆို အံကိုက်နေမှာပဲ"





"ကျွန်တော့်အနေနဲ့တော့ အခုဆို ဘာအလုပ် လုပ်ရ လုပ်ရ လုပ်ရမယ့် အဖြစ်ပါဗျာ၊ ကိုဒွန်းရဲ့ ကျေးဇူးဟာ ကြီးလှလို့ ဘယ်လို ကျေးဇူးတင်ရမှန်းတောင် . . ."

"ဟဲ ဟဲ မလိုပါဘူးဗျာ၊ ခင်ဗျားကို တွေ့တွေ့ချင်း ကျွန်တော်က ညီအစ်ကိုရင်းလို ခင်နေမိတာ၊ ကဲ . . အိမ်သွားကြစို့"

အင်းလျားလမ်း၊ ဝင်းခြံတစ်ခုအတွင်းရှိ တိုက်အိမ်လေးတစ်ခု ရှေ့အတွင်းသို့ ဘိုဒွန်းနှင့်စံသင်းတို့ စီးလာသောကားသည် ထိုးဆိုက် လိုက်သည်တွင် တိုက်အိမ်တွင်းမှ အသက် နှစ်ဆယ် ပတ်ဝန်းကျင်ရှိ လူမိုက်ရုပ် ဖမ်းနေသော ဖုံကြီးဆိုသူက လျင်မြန်စွာ ပြေးထွက်လာ၍ ကြိုဆိုလိုက်သည်။

ဘိုဒွန်းနှင့်အတူ ကားတံခါးဖွင့်၍ ဆင်းလာသော စံသင်းအား မြင်လိုက်သည်ဆိုရင်ပဲ ဖုံကြီးမှာ ပါးစပ်ဟပြီး မျက်လုံးများ ပြူးကျယ် သွားကာ မှင်တက်မိနေလေတော့သည်။

ဘိုဒွန်းက ဖုံကြီး၏အဖြစ်ကို ကြည့်ပြီး လွန်စွာ သဘောကျ သွားကာ . . .

"ဟား. . ဟား. . . ဖုံကြီး မင်း အံ့အားသင့်ရမယ် သင့်ရမယ်၊ ငါတောင် သူ့ကို မြင်မြင်ချင်း အတော်ကြောင်သွားသေးတာဟ၊ အဲ. . ကိုစံသင်း . . ဒါက ကျွန်တော့် တပည့်ကျော် ဖုံကြီးလေ"

ဖုံကြီးမှာ အံ့ဩမှု မပြေနိုင်သေးဘဲ . . .

"တူပဲ တူတတ်လွန်း ဆရာရယ်၊ အံ့ရော အံ့ရော၊ အခုမနက် တောင် ကိုကိုသော်ဆီက စာရောက်နေသေးတယ်"

ဘိုဒွန်းက မျက်ခုံးများ ပင့်လိုက်ပြီး "ဟော. . ဒါဖြင့် ငါ့အခန်းထဲ ယူခဲ့ကွာ၊ ကဲလာ ကိုစံသင်း၊ အိမ်ပေါ် တက်ကြစို့ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



စံသင်းက ဘိုဒွန်းခေါ်ဆောင်ရာသို့ ခပ်ယို့ယို့ဖြင့် လိုက်တတ်သွား၏။

ဘိုဒွန်း၏အခန်းတွင်းရောက်သောအခါ ဘိုဒွန်းက စံသင်းအား ကုလားထိုင်တစ်လုံး၌ ထိုင်စေပြီးနောက် ဖဲကြီးယူလာသော စာအိတ်တစ်လုံးကိုဖောက်၍ ဖတ်နေရင်းမှ အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။

ထို့နောက် သဘောကျစွာ ပြုံးလိုက်ပြီး ဖဲကြီးအား. . .

"ဟား ဟား. . ဟန်ကျလိုက်လေကွာ ဖဲကြီးရာ၊ ကိုကိုသော်ဆီကလာတဲ့စာနဲ့ ဒီက ကိုကိုသော်နဲ့ တွေ့နေတော့တာပဲ၊ ကဲ. . ကိုကိုသော့်ဓာတ်ပုံ အိမ်ရှေ့က ယူခဲ့စမ်းကွာ"

ဖဲကြီး ထွက်သွားသည်တွင် ဘိုဒွန်းက အဓိပ္ပာယ် မရှင်းသဖြင့် အူကြောင်ကြောင်ဖြစ်နေသော စံသင်းအား ပြုံးကြည့်လိုက်ပြီး . . .

"ကျွန်တော် စောစောက ခင်ဗျားကို ပြောထားတဲ့ ကိုကိုသော်ပေါ့၊ ဘုရားသခင် ဖန်ဆင်းပုံ ဆန်းလှတာကို သူ့ပုံကိုသာ ခင်ဗျားကြည့်ပြီး အံ့သြယူပေတော့ဗျို့"

ထိုအခိုက် ဖဲကြီးယူလာသော ဓာတ်ပုံကို စံသင်းက ယူကြည့်လိုက်သည်ဆိုရင်ပဲ သူ့မှာ အံ့သြရသဖြင့် လန့်ဖျပ်၍ပင် သွား၏။

ဓာတ်ပုံတွင်း၌ ကိုကိုသော်မှာ ဝတ်ဆင်ထားသော လေယာဉ်မောင်းပိုင်းလော့ဝတ်စုံမှ လွဲ၍ မိမိနှင့် မျက်နှာပေါက် ချွတ်စွပ်ပင်တူ၍နေသည်။

စံသင်းမှာမူကား အံ့အားသင့်ပြီး စဉ်းစားရပင် ခက်နေတော့သည်။

ဘိုဒွန်းကတော့ မိမိအား ဖဲကြီး ယူလာသည့် စာရွက်စာတမ်းများအား ကြည့်လိုက်၊ စံသင်း၏ ဖြစ်ပုံကို ကြည့်လိုက်နှင့် လုပ်နေပြီးနောက်. . .





"ဘယ့်နှယ်လဲ၊ တော်တော် အံ့သြနေလား ကိုစံသင်းရဲ့၊ အဲဒါ ကိုကိုသော် ဆိုတာပေါ့၊ ကျုပ် မိတ်ဆွေပဲ၊ သူ့အိမ်က သိပ်မဝေးလှပါဘူး"

စံသင်းက စိတ်ဝင်စားဟန် လေးစားဟန်ဖြင့် . . .

"ဩော်"

"ချမ်းသာတယ်၊ သူ အခု နိုင်ငံခြားမှာ သူ့စရိတ်နဲ့သူ လေယာဉ်မောင်းအတတ်သွားသင်နေတယ်လေ"

"ဩော်. . . "

ဘိုဒွန်းက စံသင်းလက်ထဲမှ ကိုကိုသော်၏ဓာတ်ပုံကို လှမ်းယူလိုက်ပြီးနောက် ဓာတ်ပုံနှင့် စံသင်းကို တစ်လှည့်စီ စေ့စေ့စပ်စပ် ကြည့်လိုက်ပြီး. . .

"သိပ် အံ့သြစရာ ကောင်းအောင် တူတာပဲနော်၊ ဒါထက် ကိုစံသင်းက အိမ်ထောင်ရှိသလား၊ ဘာအလုပ် လုပ်ဖူးသလဲ"

စံသင်းက ကျိုးနွံစွာဖြင့် . . .

"ကျွန်တော် အိမ်ထောင် မရှိပါဘူး၊ လူပျိုပါ၊ မြစ်ကြီးနားဘက်ဆီမှာတော့ လက်မှတ်စစ် လုပ်ခဲ့ဖူးတာက လွဲလို့ အခြား တွေတွေထူးထူး ဘာမှ မလုပ်ခဲ့ဖူးပါဘူးခင်ဗျာ၊ ဒါပေမယ့် ကျွန်တော် အလုပ်ကို ကြိုးစား လုပ်ပေးနိုင်ပါတယ်၊ ကျိုးကျိုးနွံနွံလဲ လုပ်ပါ့မယ်၊ ကျွန်တော် အလုပ်ကို ရှိသေတတ်တဲ့ လူပါ ကိုဒွန်း"

ဘိုဒွန်းက အလွန်သဘောကျသွားဟန်နှင့် ရှေ့သို့တိုးလာပြီး-

"ဒို့ အလုပ်အကိုင်အတွက်တော့ မပူနဲ့ မပူနဲ့၊ အခု အတိုင်းဆိုကိုစံသင်း ကြီးပွားတောင် ကြီးပွားဦးမယ်၊ ကိုစံသင်း ကံကောင်းချိန်ရောက်နေပြီ ထင်တယ်၊ သူဌေးတောင် ဖြစ်ချင် ဖြစ်နေဦးမယ်၊ လုပ်တတ်ရင် ပြောတာလေ"

စံသင်းမှာ နေရထိုင်ရ ခက်လာဟန်ဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ . . ခင်ဗျား ကျွန်တော့်ကို ဒီလောက်လဲ မြှောက်မနေပါနဲ့ ကိုဒွန်းရဲ့၊ ကျွန်တော်ဟာ ဘာမှ အရည်အချင်း ရှိတဲ့လူ မဟုတ်ပါဘူး"

"တကယ် ပြောနေတာဗျ၊ ကိုစံသင်း ဇာတာကြွနေချိန် ရောက်ပြီလား မသိဘူး၊ သူဌေးဖြစ်ဖို့ အလုပ်နဲ့တော့ ကျိန်းသေတိုးမိနေပြီ၊ အဲ. . ခင်ဗျားဟာ ကျွန်တော်ပြောတဲ့အတိုင်း လိုက်နာလုပ်ဆောင်ရင် မုချ သူဌေးဖြစ်ရမယ်၊ တကယ် . . တကယ်"

"ကျွန်တော်က ဘာတွေများ လုပ်ရမလဲ ခင်ဗျာ"

"အခု အိမ်မှာပဲ အေးအေးဆေးဆေး နားလိုက်ဦး ဟုတ်လား၊ ညနေပိုတယ်ကို ထမင်းစားသောက် ထွက်တော့မှ ခင်ဗျားရဲ့ အလုပ်အကြောင်းကို ကျွန်တော် ပြောပြမယ်"

"အင်း. . . တကယ်သာ သူဌေးဖြစ်ရတော့မယ်ဆိုရင်တော့ အမလေး ကျွန်တော် နေ့ချင်းညချင်းပဲ ရူးရတော့မယ်ထင်ပါရဲ့ ခင်ဗျာ"

ဘိုဒွန်းက စံသင်း၏ ဖြစ်နေပုံကို ကြည့်ပြီး လွန်စွာ သဘောကျစွာနှင့် ရယ်ချလိုက်တော့ရာ စံသင်းပါ မနေနိုင်ဘဲ ရောနှောရယ်မောလိုက်ရတော့၏။

❀❀❀



www.burmeseclassic.com

## အခန်း (၃)

အရက်ပုလင်း၊ ဆော်ဒါတစ်ပုလင်းနှင့် စားစရာ သောက်စရာများ ပြန့်ကျဲနေသော ဟိုတယ်ခန်းတွင် ထိုင်လျက် ငိုင်တိငိုင်တိုင် ဖြစ်နေသော စံသင်းအား ကြည့်ကာ ဘိုဒွန်းမှာ အားမလို အားမရ ဖြစ်လာပြီး . . .

"ဘယ့်နှယ်လဲ ကိုစံသင်းရဲ့. . . ကျုပ် ပြောတာကိုသာ လက်ခံလိုက်ပါစမ်းပါဗျာ၊ ဒီလို အခွင့်ကောင်းမျိုးက တစ်သက်နဲ့တစ်ကိုယ် တွေ့ရခဲဘိခြင်း"

စံသင်းကမူ ချိတုံချတုံ ဖြစ်ဟန်နှင့် တွေဝေစွာ ဘိုဒွန်းအား ကြည့်၍ . . .

"မဟုတ်ပါဘူး ကိုဒွန်း၊ ကျွန်တော်က ဖြစ်နိုင်, မဖြစ်နိုင် စဉ်းစားနေမိတာပါ။ ကိုကိုသော်နဲ့ ကျွန်တော်ဟာ ရုပ်ချင်းတူတယ် ဆိုပေမယ့် ဘဝချင်းက မိုးနဲ့မြေလို ကွာလှတယ် မဟုတ်လား။ နောက်ပြီးတော့ ဒီအကြောင်းတွေ သိသွားကြရင် ရာဇဝတ်မှုဖြစ် . . ."

ဘိုဒွန်းက စားပွဲကို လက်နှင့် ပုတ်လိုက်ပြီး . . .





"အို. . . ခင်ဗျားက သိပ် အတွေးခေါင်နေပေတာကိုး၊ ဒီမှာ ကိုစံသင်းရဲ့၊ ခင်ဗျားရဲ့ ကံကြောင့်ပဲလား မသိဘူး၊ ဒီမနက်ရတဲ့ ကိုကိုသော်ရဲ့စာထဲမှာဆိုရင် သူဟာ သူ့အဖေ ဆုံးကြောင်း ကြားကြားချင်း လွန်စွာမှ စိတ်မကောင်းကြောင်း၊ ချက်ချင်း မြန်မာပြည် ပြန်လာဖို့ စိတ်ကူးသေးကြောင်း၊ ဒါပေမယ်လို့ ပြန်လာလဲ အကြောင်းထူးမှာ မဟုတ်လေတော့ သူ အခု ဆက်တက်နေတဲ့ ဂျက်လေယာဉ်မောင်း သင်တန်းကို တစ်နှစ်ခွဲကြာ ဆက်သင်ပြီးမှပဲ ပြန်လာတော့မယ် ဖြစ်ကြောင်း စာရေးလိုက်တယ်ဗျ"

စံသင်းမှာ အနည်းငယ် စိတ်ဝင်စားလာဟန်ဖြင့် . . .

"ဪ . . . ဟုတ်ကဲ့"

ဘိုဒွန်းက ဆက်ပြီး . . .

"ကိစ္စက ဘာမှလဲ မခဲယဉ်းပါဘူး။ အမှားအယွင်း မရှိဘဲ မပူပင်ရအောင် ကျုပ်က အမြဲပဲ အနားမှာ ရှိနေမယ်၊ ကိုစံသင်းက ကိုကိုသော် နိုင်ငံခြားကပြန်ရောက်တဲ့ အနေအထားမျိုး ကျုပ်နဲ့အိမ်ကို သွားရော ဟုတ်လား။ ကိုကိုသော်ရဲ့ အနေအထိုင်၊ အပေါင်းအသင်း အခြေအနေ အရပ်ရုပ်တွေအတွက် ဘာမှ မပူနဲ့။ မီးစဉ်ကြည့်က, နိုင်အောင် ကျုပ်က ကိုစံသင်းရဲ့ အနားမှာ အမြဲပဲ ရှိမယ်"

ဘိုဒွန်းက စံသင်းအား အကဲခတ် ကြည့်နေလိုက်သည်။

စံသင်းကတော့ တွေဝေဆဲ။

"ဒီမှာ . . . ကိုစံသင်း"

"ခင်ဗျာ"

"အခုလို လုပ်ရတာကို ခင်ဗျားက မတရားတဲ့ အလုပ်လို့ ထင်ကောင်း ထင်နေမယ်၊ ဒါပေမယ့် အဖြစ်မှန်ကို ပြောပြရမယ်ဆိုရင် ကိုကိုသော် ချမ်းသာသမျှတွေဟာ ကျုပ်ပစ္စည်း စစ်စစ်တွေချည်းပဲ ကိုစံသင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



စံသင်းမှာ အံ့အားသင့်သွားပြီး . . .

"ခင်ဗျာ . . . ခင်ဗျာ"

"ကိုကိုသော်ရဲ့ လက်ရှိပစ္စည်းတွေဟာ ကျုပ် ပစ္စည်းတွေပဲဗျ၊ သူ့အဖေ လက်ထက်က ကျုပ်တို့မိဘများဆီက မတရား သိမ်းပိုက်ထား လိုက်တဲ့ ပစ္စည်းတွေပဲ၊ ဖြစ်ပုံက ဒီလို . . ."

ဘိုဒွန်းက လည်ချောင်းကို ရှင်းလိုက်ပြီး . . .

"ဒုတိယ ကမ္ဘာစစ်ဖြစ်တော့ ကျုပ်ဟာ စစ်ဦးက ဘီအိုင်အေနဲ့ ပါသွားတယ်၊ အဲဒီထဲက မိဘအိမ် ပြန်မရောက်လိုက်တာ ဂျပန်တော်လှန်ရေး ပြီးတော့မှ ငှက်ဖျားရောဂါသည် အဖြစ်နဲ့ ကျုပ်အိမ်ကို ပြန်ရောက်တော့ ကျုပ်မိဘ နှစ်ပါးစလုံး ဆုံးနေပြီ၊ ရှိခဲ့တဲ့ အတွင်းပစ္စည်း အမြောက်အမြားကိုလဲ ကိုကိုသော်တို့အဖေ ဦးထွန်းကို ထိန်းသိမ်းဖို့ လွှဲအပ်ခဲ့တာ သူတို့ဆီက တစ်ပြားမှ ပြန်မရဘူး၊ စစ်အတွင်း ခါးပြ အတိုက်ခံရလို့ ကုန်ပြီဆိုပြီး ပြောင်ဘုံးလိုက်ကြတယ်ဗျ"

စံသင်းက ဘိုဒွန်းအား ကရုဏာသက်စွာ ကြည့်ပြီး . . .

"အိုး . . . တယ် ရက်စက်လိုက်ကြပါလားဗျာ"

"ဒါပေါ့ ကိုစံသင်း၊ သူတို့ ယုတ်မာရက်စက်ခဲ့သမျှ ကျုပ်ဟာ သိရက်နဲ့ ကျိတ်မှိတ်ပြီး ခံခဲ့ရတယ်။ ဟော အခုတော့ မတရားခံခဲ့ရသမျှ ကိုယ့်စည်းစိမ် ကိုယ်ပြန်ရကိန်း ကြုံလာပြီပေါ့၊ သူတို့ကို ဒီလိုနည်းနဲ့ ပြန်လုပ်မှာကို မတရားဘူးလို့ ခေါ်မလားဗျ၊ သူတစ်ချက် ချလို့ ကိုယ်က တစ်ချက်ပြန်ချရမှာကို"

စံသင်းမှာ စိတ်အားထက်သန်လာကာ . . .

"ဘယ်ခေါ်နိုင်မလဲ ဘိုဒွန်းရဲ့"

"အဲ . . . ဒါမှ ဟုတ်ပြီ၊ ကျုပ်တို့ အလုပ်ပေါ်မှာကိုတော့ တစ်စက်မှ စိုးရိမ်ကြောင့်ကြပြီး မနေလေနဲ့၊ ကျုပ်က သေသေချာချာ အကွက်ရိုက် စီစဉ်ပြီးသား၊ ခင်ဗျားနဲ့ ကျုပ် အမြဲပဲ အတူရှိမယ်၊





အရင်ကလဲ ကိုကိုသော်နဲ့ ကျုပ် အမြဲတွဲနေတတ်မှန်း လူတွေ သိပြီးသားဗျ၊ အခြေအနေ ဖြူးနေပုံကလေ၊ ဟား . . . ဟား. . . ဟား"

"ဟီး. . . ဟီး. . . ဟီး"

ဘိုဒွန်းက လေးနက်သော အသွင်ကို ဆောင်လိုက်ပြီး . . .

"အဲ. . . အရေးအကြီးဆုံးအချက်က ဟိုသူဌေးသမီး ကိစ္စပေါ့၊ သူ့အမေ မုဆိုးမကြီးက သူ့သမီးနဲ့စာရင် ရှေ့ဆန်တယ်၊ ကိုကိုသော်နဲ့ကောင်မလေးက နိုင်ငံခြားမသွားခင်လေးတင်ပဲစေ့စပ်သွားကြတယ်၊ ပြန်ရောက်တာနဲ့ တစ်ခါတည်းလက်ထပ်ဖို့ပဲ၊ အားလုံးသဘောတူ အောင်တိုင်ပင်ပြီး ကိုကိုသော့်အဖေက စီစဉ်ထားခဲ့တာပဲ၊ ခုတော့ ကိုကိုသော့် အဖေကြီးလဲ ဆုံးပြီ၊ ဒီပြင် ကိုကိုသော်ကလဲ သူပြန်မလာသေးဘဲ ဘိလပ်မှာပဲ တစ်နှစ်ခွဲလောက် ပညာဆက်သင်ဦးမယ် ဆိုပြီး ကျုပ်ဆီ စာရေးတိုင်ပင်ထားလေတော့၊ ဟဲ . . . ဟဲ . . . ကိုစံသင်းရေ ကျုပ်နဲ့ခင်ဗျားတော့ တကယ့်ကို ကံစပ်ကြပြီ ထင်တယ်ဗျို့"

ဘိုဒွန်းက ပြောရင်းဆိုရင်း ရှေ့မှ အရက်ခွက်ကို မော့ချလိုက်သည်။ စံသင်းကလည်း အလားတူ မော့၍ ချလိုက်ကာ အာသွက် လျှာသွက် ရှိလာပြီး "ဟုတ်ကဲ့ တကယ့်ကို စိတ်ဝင်စားစရာပဲ ခင်ဗျာ"

ဘိုဒွန်းက စားပွဲကို အားရပါးရ ပုတ်လိုက်ပြီး . . .

"ဟား. . . စိတ်ဝင်စားစရာတင် ဘယ်ကမလဲဗျ၊ တကယ်ကို ကံ,ထလာတာပဲ ကိုစံသင်းရဲ့၊ စဉ်းစားကြည့်စမ်း. . ခင်ဗျားအနေနဲ့ ဘောင်းဘီကျွတ်ရလုဆဲဆဲမှာ ကျုပ်နဲ့ ကံဆုံပြီး အခုဆို သူဌေးတောင် ဖြစ်တော့မယ် မဟုတ်လားဗျ . . . ဟား . . . ဟား"

စံသင်းလည်း ခေါင်းကို တညိတ်ညိတ် လုပ်နေ၏။ ဘိုဒွန်းက အရက်ကို တစ်ကျိုက်ကျိုက်လိုက်ပြီး. . "ကိုစံသင်းက ဘယ်လောက် အထိ ကိုကိုသော်အဖြစ်နဲ့ ဟန်ဆောင်နေရမလဲဆိုရင် ကောင်မလေးနဲ့ လက်ထပ်ရေးကိစ္စထိတင်ပဲ၊ ဒါ ကျုပ်တို့အကြံရဲ့ အတိုချုပ်ပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



စံသင်းက အာလူးကြော်ကို ဖါးနေရင်း တစ်စုံတစ်ခု ပြန်ပြော မည်လုပ်ပြီးမှ မပြောဘဲ နေလိုက်သည်။

"အကြံအစည်ကတော့ ကိုကိုသော် ရောက်လာပါပြီ ဆိုတာနဲ့ ကောင်မလေးနဲ့ လက်ထပ်ဖို့ကိစ္စ လုပ်ရမှာ သေချာတယ်၊အဲဒီနေရာမှာ သူ့အဖေလဲ မရှိလေတော့ ကျုပ်ကပဲ လူကြီးအဖြစ်နဲ့ မင်္ဂလာကိစ္စကို ကမကထ လုပ်ရမှာ၊ ဒီတော့ ဘာမှ ပူစရာ မရှိတော့ဘူး မဟုတ်လား၊ နောက်ပြီး အရေးကြီးတဲ့အချက်က ကိုကိုသော်နဲ့ လက်ထပ်ပေးမယ့် ဒီကောင်မလေးကို သူ့အဘိုးက အမွေ ပေးထားခဲ့တာလဲရှိသေးတယ်၊ ဒီအမွေဟာ သူ့မြေး လက်ထပ်ချိန်မှာ ပေးရမတဲ့၊ ဒီအမွေနဲ့ အစစ စီစဉ်စေတဲ့၊ အေး . . . အဲဒါကိုလဲ ကျုပ်တို့ပိုင် . . ."

စံသင်းက ခေါင်းကို ခပ်လေးလေးညိတ်လိုက်သည်။

"ပထမ ကိုကိုသော်အနေနဲ့ ကိုကိုသော်မှာ ရှိတဲ့ ပစ္စည်းတွေပိုင်၊ နောက် ကောင်မကလေးနဲ့ လက်ထပ်ဖို့ စီစဉ်ပြီး ကောင်မကလေးရဲ့ ပစ္စည်းတွေပါပိုင်။ သူ့အဘိုးအမွေတွေလဲ ပိုင်၊ ဟဲဟဲ . . . အားလုံး ပိုင်တာနဲ့ တစ်ပြိုင်နက် ကျုပ်တို့က သဘောထားကြီးကြီးနဲ့ ရှိပစ္စည်း တွေခွဲယူ၊ ပြီးတော့ အစဖျောက်လိုက်၊ ဒါ ကျုပ်တို့ အစီအစဉ် အချုပ် ပဲဗျ၊ ဘယ့်နှယ်လဲ"

စံသင်းကမူ အူကြောင်ကြောင်နှင့် ဖြစ်နေပြီး . . .

"ခင်ဗျား . . ."

"အိုးဟိုးဟိုး . . ကိုယ့်လူကလဲ နုံလိုက်တာဗျာ၊ ဒီလောက် ကျိန်းသေနေတဲ့ ရတနာသိုက်ကြီးကို တွေ့နေတာတောင် ဘုန်းကြီး လိုလို နွားလိုလို လုပ်နေလိုက်တာ၊ ဒီမှာ ကိုစံသင်းရဲ့ လောကမှာငွေ၊ ငွေဟာ အရေးအကြီးဆုံးပဲ၊ ငွေသာ မရှိရင် . . ဘယ်လောက်ချောက် ပေါက်တိုးရတတ်တယ်ဆိုတာ ခင်ဗျား ကိုယ်တွေ့ မဟုတ်လားဗျ၊ လောကမှာ ပျော်ရွှင်စရာ စည်းစိမ်ခံစားစရာတွေဆိုတာ အားလုံးဟာ





ငွေနဲ့မှ ရတာ၊ အို . . ကုန်ကုန်ပြောမယ်၊ ရန်ကုန်မှာ ချေးပါရင်တောင် ငွေပေးမှ စိတ်ရှိလက်ရှိ ယိုရတာဗျို့၊ဟား . . . ဟား"

စံသင်းကလည်း သဘောကျကာ ရယ်မောလိုက်သည်။

ဘိုဒွန်းက စံသင်း၏ ခွက်ထဲသို့ အရက်ခပ်များများ ဖြည့်ထည့် ပေးရင်း . . .

"လုပ်ပါဦး ကိုစံသင်းရဲ့၊ သဘောရှိသာချ၊ ဒီနေ့တော့ စိတ်ရှိ လက်ရှိ ပျော်ပျော်ပဲ၊ ဟေး . . . မြင့်ရေ . . . မြင့်"

ဘိုဒွန်းက စံသင်းအား ပြောဆိုပြီးနောက် စားပွဲအား ခေါက်ပြီး မြင့် ဆိုသော ဟိုတယ်မယ်ကလေးအား လှမ်းခေါ်လိုက်သည်တွင် ကြည့်ပျော်ရှုပျော် ရှိသော ဟိုတယ်မယ်ကလေးတစ်ဦး ပြေးဝင်လာပြီး မချိုမချဉ်နှင့် ဘိုဒွန်းအနီး လာရပ်သည်။

"ဘာလိုချင်လဲ ကိုကြီး"

"ဘာမှ မလိုချင်ပါဘူးကွယ် . . ဟောဒီလူက ငွေရပေါက်ကြီး တစ်ခုကို ငြင်းချင်ချင် ဖြစ်နေလို့ အဲဒါ ဒီလူဟာ နွားလား၊ ရဟန္တာလား ဟုတ်, မဟုတ် စမ်းကြည့်ချင်လို့ကွ၊ ကဲ, လုပ်စမ်း ငါ အပြင် ထွက်ပြီး အကြည့်ကိုပါ လွှတ်လိုက်ဦးမယ်၊ လက်တွေ့စမ်းလိုက်စမ်းကွာ"

"အို့ . . . ကိုကြီးကလဲ ပြောတော့မယ် . . ကတည်း"

မြင့်ဆိုသူကလေးက စံသင်းအနီးသို့လာ၍ ပြုံးတုံးတုံးနှင့် ဖက် လိုက်ကာ အားရပါးရ နမ်းပစ်လိုက်လေသည်၊ စံသင်းမှာ အူကြောင် ကြောင်နှင့် ယက်ကန်ယက်ကန် ဖြစ်နေသည်။ ထိုအခိုက် အပြင်မှ ဘိုဒွန်း လွှတ်လိုက်သဖြင့် အကြည် ဆိုသော ဟိုတယ်မယ်ကလေး လည်း အခန်းတွင်းသို့ ဝင်ရောက်လာကာ မြင့်နှင့် လုံးထွေးနေသော စံသင်းအား ဖက်လျက် . . .

"ဟေး . . ဒီလိုတော့ တစ်ယောက်တည်း မကြံနဲ့ကွာ၊ ကိုယ့်ကို လဲရှယ်ယာပေးဦးမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com

စံသင်းမှာ ပထမသော် ရှက်စိတ်မွန်လျက် အူကြောင်ကြောင် ဖြစ်နေသလောက် အရက်ရှိန်ကြောင့် လည်းကောင်း၊ မြင့်နှင့်ကြည် တို့၏ဆွဲဆောင်မှုကြောင့် လည်းကောင်း သတ္တိကလေး ဝင်လာကာ သူကပင် စကာင်ပြီး ၎င်းတို့အား ပွေ့ဖက်မွှေ့ယမ်းလျက် တဝုန်းဝုန်းနှင့် ဖြစ်နေလေတော့သည်။

တစ်ခဏအကြာတွင် အခန်းတွင်းသို့ ပြန်ဝင်လာသော ဘိုဒွန်း သည် ဟိုတယ်မယ်နှစ်ဦး၏ အကြားမှ မျက်နှာတွင် နှုတ်ခမ်းနီရာများ ဖြင့် ပြုံးဖြီးဖြီးကြီး ဖြစ်နေသော စံသင်းအား မြင်လိုက်ရသည်တွင် လွန်စွာ သဘောကျသည့်အလား ဗိုက်ကို နှိပ်ကာ ရယ်လိုက်ပြီး . . .


"ဟား . . . ဟား . . . ငါ့လူ ဒဏ်ရာ ဒဏ်ချက်တွေတောင် အတော်ရနေပါပေါ့လားဟေ့၊ အမြင့်တို့ကလဲကွာ. . . တကတည်း မှပဲ ငါ့လူ အတော်ကျဆုံးနေပါလေရောလားဟ. . . ဟား. . ဟား"

စံသင်းကလည်း ပြုံးဖြီးဖြီးကြီးနှင့် မြင့်နှင့် အကြည်တို့ကြားမှ ဒယီးဒယိုင်နှင့် ထလာပြီး အာလေးသံကြီးနှင့် . . .

"ဟီး. . . ဟီး အိုကေပဲဗျို့. . . ဘိုဒွန်းရေ . . ကျုပ်တော့ ဟန်ကျပြီ၊ ခင်ဗျားပြောသလိုသာ သဘောကြီးကြီးနဲ့ တစ်ယောက်တစ် ဝက်စီပဲဗျို့. . . ကမ်းမွန်ရှိတ်ဟင့်"

စံသင်းက ဘိုဒွန်းလက်ကို လှမ်းဆွဲ၍ အားရပါးရ နှုတ်ဆက် လိုက်လေသတည်း။

✿✿✿




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အင်းလျားလမ်းရှိ ကျယ်ဝန်းသော ခြံကြီးအတွင်း ခံ့ညား ထည်ဝါလှသော တိုက်ကြီးတစ်လုံး၏ ဧည့်ခန်းဆောင်အတွင်း ဖြစ်သည်။

အသက် ငါးဆယ်ကျော်ခန့် ပိန်ပိန်ပါးပါး တည်ကြည်ရင့်ကျက်သောရုပ်ရည်ရှိသည့် လူကြီးတစ်ဦးသည် ဧည့်ခန်းအတွင်း အစစ အရာရာ နေသားတကျ ရှိစေရန် စီစဉ်မွမ်းမံလျက် ရှိသည်။

သူကား ဧင်းကိုကိုသော်တို့ အိမ်ကြီးကို ထိန်းသိမ်းကြည့်ရှု နေရသော ဦးလေးတော် ဦးရှမ် ခေါ် ဦးလေးရှမ်ပင် ဖြစ်၏။

အိမ်ရှင်များကား ပန်းပုပညာ ဝါသနာထုံခဲ့ကြဟန် တူသည်။ ဧည့်ခန်းတွင်း နေရာတိုင်းမှာလိုပင် ပုံအမျိုးမျိုး ရုပ်တုအသီးသီးတို့ကို သူ့နေရာနှင့်သူ နေသားတကျ တွေ့နိုင်သည်။ အိမ်ကြီး၏အမှုထမ်း အိမ်ဖော်များဖြစ်ကြသော အသက်လေးဆယ်ခန့်ရှိ ဦးဘိုးဘနှင့် အသက်နှစ်ဆယ်ခန့်ရှိ မောင်လှလေး တို့က ဦးလေးရှမ်အား ကူညီ လုပ်ကိုင်လျက် ရှိကြသည်။

ဧည့်ခန်း၏ နံရံပေါ်တွင် ကြီးမားထင်ရှားလှသော လူကိုယ် တစ်ပိုင်းပုံ ဓာတ်ပုံကြီးသုံးပုံကို စီ၍ချိတ်ဆွဲထားသည်။ ညာဘက်ဆုံးမှ ပုံမှာ လေယာဉ်ပိုင်းလော့ အဝတ်အစားနှင့် ကိုကိုသော်၏ ပုံဖြစ်၍၊ အလယ်မှပုံမှာ မကြာမီကမှ ကွယ်လွန်သွားသော အသက် ငါးဆယ် ကျော်ခန့်ရှိ ကိုကိုသော်၏ဖခင် ဦးထွန်း၏ ပုံဖြစ်သည်။





တစ်ဖက်စွန်း၏ ပုံမှာကား ကိုကိုသော်၏ အဘိုး၊ ဦးထွန်း၏ ဖခင်ဖြစ်သူ ဦးကြီးဖုန်၏ပုံ ဖြစ်သည်။ အဘိုးကြီးနှစ်ဦးလုံးမှာ မြန်မာ ဆန်ဆန် ခံ့ညားထည်ဝါစွာ ဝတ်ဆင်ထားကြသည်ကို တွေ့နိုင်သည်။

ဦးရှမ်သည် ဓာတ်ပုံများကို ကြက်မွေးနှင့် သုတ်လျက်ရှိရာမှ အလယ်မှ ဦးထွန်း၏ပုံကြီးကို စူးစိုက်ကြည့်ပြီး စိတ်မကောင်း ဖြစ်ဟန်နှင့် . . .

"ဩော်. . . ကိုထွန်း ကိုထွန်း သားကို သိပ်မျှော်လင့်ချက်ထား ခဲ့လိုက်တာ၊ အခုတော့ သားအလာတောင် မမီလိုက်ရှာဘူးနော်. . အင်း . . . အနိစ္စ . . . အနိစ္စ"

ထို့နောက် ဦးရှမ်သည် ရုပ်တုများ ပွတ်နေသူအား . . .

"ကိုဖိုးဘ ဈေးမသွားသေးဘူးလား"

"နေပါဦး ဦးရှမ်၊ ဒါလေး . . လက်စသတ်လိုက်ပါရစေဦး"

ထိုအခိုက် အိမ်ရှေ့ဆီမှ ကားဆိုက်သံကို ကြားရပြီးနောက် ကားပေါ်မှ ဆင်းသက်လာသော ဘိုဒွန်းအား မြင်လိုက်သည်ဆိုလျှင် ဦးရှမ်က ပျာယီးပျာယာ ရှိသေကျိုးနွံဟန်ဖြင့် ဆီးကြိုလိုက်ပြီး . . .

"အဆင်သင့်လိုက်တာ ဘိုဒွန်း . . ကျွန်တော်လဲ အခု အိမ်ကို မွမ်းမံပြီးတာနဲ့ ဘိုဒွန်းဆီ လာခဲ့မလို့၊ ကိုကိုသော့်ဆီက ဒီရက်အတွင်း သူ ပြန်လာခဲ့မယ်လို့ စာရလို့လေ"

ဘိုဒွန်းမှာ သူ လုပ်ကြံ၍ ပို့လိုက်သော ကိုကိုသော့်ထံမှ စာ ချောချောမောမော ရောက်ကြောင်း သိလိုက်ရသဖြင့် ကျေနပ်သွား ဟန်ဖြင့် မျက်ခုံးကို ချီလိုက်ပြီး . . .

"ဟုတ်ကဲ့ ကျွန်တော့်ဆီလဲ ရောက်တယ်. . . ဦးလေးရှမ်၊ ဇူဒွဟူးနေ့ဆိုတော့ သန်ဘက်ခါပဲ ရှိတော့တယ်"

ဘိုဒွန်းက ထိုသို့ ပြောပြီးနောက် ဧည့်ခန်းအတွင်း လှည့်ပတ် လျက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးဘနှင့် မောင်လှလေးတို့မှာ အသီးသီး အလုပ်များ နေကြသည်။

ဓာတ်ပုံကြီးများ ချိတ်ထားသော နံရံရှေ့သို့ ရောက်သောအခါ ဘိုဒွန်းက ခပ်တွေတွေနှင့်ရပ်၍ ဦးထွန်း၏ဓာတ်ပုံအား အလွန် စိတ်မကောင်းဟန်နှင့် ကြည့်ပြီး . . .

"ဪ. . . ဦးလေးထွန်း ဦးလေးထွန်း တစ်ယောက်တည်းရှိတဲ့ သားတော်မောင်ရဲ့ အလာကိုတောင် စောင့်မသွားနိုင်ရှာဘူးနော်"

ဦးရှမ်လည်း ဘိုဒွန်း၏ ပြောသံ ကြားလိုက်သဖြင့် အနားသို့ ညင်သာစွာ လျှောက်လာပြီး "ကျွန်တော်လဲ ခုနကတင် ဒီအကြောင်း ညည်းနေသေးတယ်၊ တကယ့်ကို စိတ်မကောင်းစရာ သားအဖပဲနော်"

"ကံတရားအတိုင်းပေါ့ ဦးလေးရှမ်ရယ်၊ ဪ . . . ဒါထက် ကိုကိုသော် လာတဲ့နေ့ကျရင် ကျွန်တော်ပဲ လေဆိပ်ကို ကားနဲ့ သွားကြိုလိုက်မယ်၊ ဦးရှမ်တို့တော့ အလုပ်များနေလို့ လိုက်နိုင်မယ် မထင်ဘူး"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဘိုဒွန်း။ ကျွန်တော်တို့တော့ မအားလပ်မှာမို့ ဘိုဒွန်းပဲ ကြိုနှင့်ရင်လဲ ကိုကိုသော်က ကျေနပ်ပြီးသားဖြစ်မှာပဲ"

ဘိုးဒွန်းက တစ်စုံတစ်ခု စဉ်းစားဟန်ဖြင့် မေးစေ့ကို ပွတ်လိုက်ပြီး "ဒီလိုလုပ်ရင် မကောင်းဘူးလား ဦးလေးရှမ်၊ သူ့အနေနဲ့ ခရီးရောက်မဆိုက် အဖေအတွက် စိတ်မကောင်းဖြစ်နေမှာမို့ အနှောင့်အယှက်မရှိရအောင် ဘယ်ဧည့်သည်မှ ဖိတ်မထားရင် ကောင်းမယ်ထင်တယ်"

ဘိုဒွန်းသည် သူ အကွက်ရအောင် အမျိုးမျိုး သွက်နေလေတော့သည်။ ဦးရှမ်သည် ခပ်လေးလေးနေရာက ခေါင်းညိတ်လိုက်လေသည်။

■





ရန်ကုန်မြို့ ရန်ကင်းရှိ ပြည်တော်သာ တိုက်ခန်းတစ်ခုအတွင်း ခေတ်ဆန်စွာ ဝတ်ဆင်ထားသည့် အသက်နှစ်ဆယ်ကျော်ကျော်ခန့် ကိုယ်လုံးကိုယ်ပေါက် ပြည့်ဖြိုး၍ လှပသော မိန်းမပျိုတစ်ဦးသည် ခုတင်လေးပေါ်တွင် ကန့်ကလျလေး လှဲနေရင်းက မျက်လုံးကို မှေးထားပြီး ရေဒီယိုမှ လာသော အချစ်သီချင်း တစ်ပုဒ်ကို လိုက်၍ ဆိုနေသည်။ မှန်ပေါင် သွင်းထားသော ဓာတ်ပုံတစ်ခုကိုလည်း သူ့ရင်တွင် မြတ်နိုးစွာ ကပ်၍ထားသည်။

သူကား ကိုကိုသော်နှင့် တိတ်တဆိတ် ချစ်ကြိုက်နေခဲ့သည့် ဌာန မဖော်ပြလိုသောရုံးတစ်ရုံးမှ ရုံးဝန်ထောက်မကလေး ခင်မြအေးပင်ဖြစ်သည်။

သီချင်းအဆုံးတွင် ခင်မြအေးသည် ကိုကိုသော်၏ ဓာတ်ပုံကို ရင်ခွင်မှ ခွာလျက် နှုတ်ခမ်းစူကာ လက်ညှိုးတထိုးထိုးဖြင့် . . .

"ဂွဲ, လူကြီး ကြာလှချေလား၊ ဘယ်တော့ ပြန်လာမှာလဲဟင်၊ သွားထဲက စာတစ်စောင်တည်းပေးပြီး ဒီကဖြင့် အသည်းတွေ ကျွမ်းတော့မယ်၊ တကတည်း နိုင်ငံခြားသားတဲ့၊ အိုင်တွေ့ရင် ခြေဆေးတတ်တဲ့ အိုင်ဆေးကြီးတွေ၊ ပြန်လာတော့မှ ဟောဒီလို နားရွက်ကြီးဆွဲဆွဲပြီး၊ ပေါင်တွင်းကြောကြီးကို လိမ်လိမ်ပြီး ဖြောင့်ချက်ပေးအောင် စစ်ဆေးရဦးမယ်. . ဟွန်း"

ခင်မြအေးက ထိုသို့ အဖြစ်သည်းနေစဉ်တွင် ခင်မြအေး၏ အဒေါ်ဖြစ်သူ အသားဖြူဖြူ ဝဝ ဒေါ်လေးမေသည် အခန်းတွင်းမှ ထွက်အလာ ခင်မြအေး၏ အဖြစ်ကို မဲ့ရွဲ့ကာ ကြည့်ပြီး . . .

"အင်း. . . ခုကာလဟာမလေးတွေ အဖြစ်ကိုသည်းတယ်"

ခင်မြအေးက ဒေါ်ခလေးမေအား ပြောင်စပ်စပ်နှင့် လှည့်ကြည့်ပြီး "ဟင့်. . . ဒေါ်လေးတို့များ ဒီလိုဖြစ်ရမှန်း မသိလို့ ခုအရွယ်ထိ အပျိုကြီး ဖြစ်နေတာပေါ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"အလိုလေး. . ညည်းတို့ကိစ္စထဲ ပိန္နဲပင် ဆွဲမထည့်ပါနဲ့တော်၊ ကျုပ်ဟာကျုပ် အပျိုကြီးဘဝနဲ့ပဲ အေးအေးဆေးဆေး နေပါရစေ"

ဒေါ်လေးမေသည် စူဆောင့်ဆောင့်ဖြင့် အခန်းတွင်းသို့ ပြန်ဝင်သွားသည်။ ခင်မြအေးကလည်း ကိုကိုသော်၏ ဓာတ်ပုံအား တပ်မက်မြတ်နိုးစွာနှင့် ပြန်ကြည့်ပြီး ရေဒီယိုမှ သီချင်းကို ဆက်၍ ညည်းနေသည်။

ထိုအခိုက်တွင် အသက်သုံးဆယ်ခန့် လုံမကြီးတစ်ဦးသည် အမှတ်မဲ့ အခန်းတွင်းသို့ ဝင်လာရာ ဓာတ်ပုံကို ကြည့်၍ လျှာထုတ်ပြမဲ့ပြနှင့် လုပ်နေသော ခင်မြအေးအား တွေ့လိုက်သည်တွင် . . .

"ဟိတ် . . . မိပြီ . . မိပြီ၊ သူ့ဟာကြီးနဲ့ တိတ်တိတ်ပုန်း နှစ်ပါးသွားနေသဟော့. . ဟေး. . . ဟေး"

ခင်မြအေးက တထိတ်တလန့် ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး

"အို . . . ကြည့်စမ်း၊ မမသန်းဟာလေ . . တကတည်း"

မသန်းဆိုသူက ခင်မြအေး လက်ထဲမှ ကိုကိုသော့် ဓာတ်ပုံကို ဆွဲယူလိုက်ပြီး . . .

"ဟုတ်တယ်လေ၊ ဟား. . . ဟား. . . မြန်မာတွေ နိုင်ငံခြားသွားရင်. . တယ် . . . တိုင်းကျိုးပြည်ကျိုး ဆောင်တတ်တယ်ဆိုပဲ၊ သူ့ဟာကြီးလဲ အဟီ. . . ဒီကဟာကသာ လွမ်းနေ၊ ဟိုမှာ ဘယ်လိုများ တိုင်းကျိုးပြည်ကျိုး တစ်ဆောင်တည်း ဆောင်နေမှန်းမှ မသိတာဘဲ၊ ကြည့်ပါဦး ပုံက. . ."

ခင်မြအေးက မမသန်း၏ လက်မှ ဓာတ်ပုံအား ထ၍ လုပြီးနောက် မျက်နှာလေး နီမြန်းလျက် ကျောကုန်းကို လိုက်ထုနေလေတော့၏။





ဘိုဒွန်း၏အိမ်မှ အခန်းအတွင်း စံသင်းမှာ တစ်ယောက်တည်း ချွေးဒီးဒီးကျအောင် အလုပ်ရှုပ်နေတော့သည်။ သူနှင့် တစ်ခါမျှ မနီးစပ်ခဲ့ဖူးသည့် ပထမတန်းစား အဝတ်အစားများ၊ လေယာဉ်မောင်းပိုင်းလော့အဝတ်အစားများမှာ ခုတင်ပေါ်တွင် စုပုံနေလေတော့သည်။

စံသင်းမှာ ဘောင်းဘီရှည်ကို ဝတ်လျက်မှ တိုက်ပုံအကျီနှင့် ခေါင်းပေါင်းကို ပေါင်းထားလျက် မှန်တွင် သဘောကျစွာ ကြည့်ပြီးနောက် လည်စည်းကို သေချာစွာ စုစည်း၍ နေသည်။ ထိုအခိုက် ဘိုဒွန်း အခန်းထဲသို့ ဝင်လာသည်တွင် စံသင်းအား တွေ့လျှင် မျက်လုံးကြီးပြူးသွားလျက်. . .

"အလိုလေး. . မြတ်စွာဘုရား၊ ငါ့နှယ် မြင်ကွန်းမင်းသားကြီး ဘယ်အချိန်က ဒီအခန်းထဲ ရောက်နေလေသလဲလို့၊ ကြံကြံဖန်ဖန် ရက်စက်ပါပေ့ ကိုစံသင်းရယ်၊ ဘယ့်နှယ်များ အင်္ဂလိပ်နဲ့ အမေရိကန်နဲ့ မြန်မာနဲ့ ရက်ရက်စက်စက်ကြီး ရောမွှေပစ်လိုက်ရတာတုံး"

စံသင်းက သဘောကျသွားပြီး . . .

"ဒီအဝတ်တွေ ကျုပ်နဲ့ တော်မတော် တစ်ထည်ပြီး တစ်ထည် ဝတ်စမ်းကြည့်နေရတာလေဗျာ၊ အဝတ်တွေက များလေတော့ တစ်ခါတလေ အခုလို တွဲမှားချိတ်နေမိတော့တာပေါ့"

"နို့ . . . တော်ကော တော်ရဲ့လား"

"ဖစ်ဆိုက်ပါ့ဗျာ ဖစ်ဆိုက်"

ဘိုဒွန်းက သက်ပြင်းချလိုက်ပြီး . . .

"အနို့ နက်တိုင်စည်းနည်းတွေ ဘာတွေကော အတော်ကျင်လည်နေပြီလား"

စံသင်းက လည်ပင်းမှ နက်တိုင်အား ဖြုတ်လိုက်ပြီး ဟန်ပါပါနှင့် "ကဲ . . . ဒီမှာကြည့်. . . . ဟောဒါက ရိုးရိုးစည်းနည်း (ဖြန်ပါပါ တစ်ရစ်စည်း လှည့်၍) ဝမ်းတူး၊ သရီး. . . တွေ့တယ်ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

စံသင်းက စည်းပြုပြီးနောက် ပြန်ဖြေလိုက်ပြီး . . .

"ဟောဒါက နောက်ဆုံးပေါ် စမူဆာစည်းနည်းဗျ၊ ကြည့် . . . ဝမ်း, တူး, သရီး . . ဖိုး"

ဘိုဒွန်းက အံ့ဩဟန်နှင့် . . .

"ဟား . . . ကိုယ့်လူက ဂျန်နဲ့ပရိုမိုးရှင်းနဲ့ကို တစ်ဟုန်ထိုး တိုးတက်လာပါကလား၊ ဒီအတိုင်းဆို နိပ်ဟ"

ထိုနောက် ဘိုဒွန်းက စံသင်းအိပ်ရာပေါ်မှ အသက်လေးဆယ် ကျော်ခန့် မိန်းမကြီးတစ်ဦး၏ဓာတ်ပုံကို တွေ့လိုက်သဖြင့် ယူကြည့် လိုက်ပြီး . . . .

"ဒါ . . . ဘယ်သူ့ပုံတုံးဗျ"

စံသင်းက ရှိသေလေးစားဟန်ဖြင့် . . .

"ဒါ ကျွန်တော့် အမေပုံပါ၊ ကျွန်တော် သွားလေရာ ဆောင် ထားတယ်"

စံသင်းက ဓာတ်ပုံကို လှမ်းယူလိုက်ပြီး ဟန်ပါပါနှင့် ကြည့်ကာ "အမယ်လေး . . . အမေရေ . . . အမေ့သားကြီး ကောင်းစားနေပုံကို ကြည့်ပါဦးဗျ၊ စတိုင်ကလေ . . . ဟီး . . ဟီး"

ဘိုဒွန်းက ရယ်မောလိုက်ပြီး . . .

"ကဲ . . . ကိုစံသင်း၊ အရေးကြီးတာတွေ မှတ်ဦးနော်"

စံသင်းက မျက်နှာပိုးသတ်၍ ဘိုဒွန်းဘေးတွင် ဝင်ထိုင်လိုက် သည်။

ဘိုဒွန်းက လေးနက်စွာနှင့် . . .

"သေသေချာချာ မှတ်ဗျနော်၊ ကိုတိုသော်ဆိုတဲ့လူက တစ်ခါ တစ်ရံ စကားလုံးက လေလုံးမိုးလုံးတွေ သုံးတတ်တယ်၊ အဲ, အရည် လေးဝင်လာရင်တော့ အတော်အာရှင်တဲ့လူပဲ၊ ပြီး . . တစ်ခါတစ်ခါ ဒီလိုဟန်မျိုးနဲ့ ထိုင်တတ်တယ်"





ဘိုဒွန်းက တင်ပါးလွှဲ ထိုင်ပြသည်တွင် စံသင်းကလည်း ဘိုဒွန်း နည်းတူ လိုက်ထိုင်ပြသည်။

"အဲ, ဟုတ်ပြီ ဟုတ်ပြီ၊ ဒီဆိုက်မျိုးပဲ။ နောက်ပြီး သူ သဘော ကျတဲ့ အချက်တစ်ခုခု တွေ့ရင် အနီးမှာရှိတဲ့ လူရဲ့ပေါင်ကို ဟောဒီလို ရင်းရင်းနှီးနှီးကြီး ပုတ်တတ်တယ်"

ဘိုဒွန်းက စံသင်း၏ ပေါင်ကို ပုတ်လိုက်သည်တွင် စံသင်းက လည်း သူ့နည်းတူပုတ်လိုက်သည်။

"ဒီငနဲက သူ သဘောကျတဲ့ အချက်တွေရင် ယောကျ်ား မိန်းမ မရွေး အနီးမှာရှိတဲ့ လူရဲ့ပေါင်ကို ဒီလိုပဲ ပုတ်တာပဲ"

စံသင်းက သဘောကျသွားကာ . . .

"အမယ်မယ် . . သူ့ဟာက ဝါသနာ ပါချင်စရာကြီးပါလား"

၎င်းနောက် ဘိုဒွန်းက မတ်တတ်ရပ်ကာ ဘောင်းဘီအိတ်ကို နှိုက်လိုက်ပြီး . . .

"နောက်ပြီး . . ငနဲသားက လူစိမ်း သူစိမ်းတွေဆိုရင် ဒီလို အပေါက်ဆိုးဆိုး မာနအလွန်ကြီးတဲ့ ဂိုက်မျိုးလဲ ဖမ်းတတ်တယ်၊ ဒါက သူ့ ပုံသေဟန်ပဲ၊ ကိုယ့်လူ လုပ်ကြည့်စမ်း . . ."

ဘိုးဒွန်းက သူ နမူနာ ပြသလို စံသင်းအား လုပ်ခိုင်းရာ စံသင်း လည်း ဘိုဒွန်းနည်းတူ ထ၍လုပ်ပြသည်။

"အဲ . . အဲ မေး နည်းနည်းငေါ့လိုက်၊ ဟုတ်တယ် ဒီအပေါက် ဒီဂိုက်ပဲဟေ့၊ ဟန်တယ် ကိုယ့်လူ၊ ကျုပ်တို့ အလုပ်တော့ ဟန်မှာပဲ"

ဘိုဒွန်းသည် ပုံစံမျိုးစုံ လုပ်ပြ၍ စံသင်းအား သင်တန်းပေးနေ လေသည်။

ထိုအခိုက် ဇံကြီးသည် အရက်ပုလင်း၊ ဆိုဒါနှင့် ဖန်ခွက်များ ထည့်ထားသော လင်ပန်းကို အခန်းအတွင်းသို့ ယူလာပြီး စံသင်းတို့ ရှေ့ရှိ စားပွဲပေါ်တွင် ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘိုဒွန်းက ကျေနပ်စွာဖြင့် လက်ဝါးကို ပွတ်လိုက်ပြီး . . .

"ဟား, ဟန်ကျလိုက်လေကွယ် ဖဲကြီးရယ်၊ ကဲ . . ကိုယ့်လူ ကိုစံသင်း နည်းနည်းတီးလိုက်ဦး၊ ဟဲ . . ဟဲ ရှေ့မျက်နှာ ရှေ့ထားပြီး အိုင်တင်ထပ်ကျင့်ရဦးမယ်"

စံသင်းက ဘိုဒွန်းထည့်ပေးသော အရက်ခွက်ကို အနည်းငယ် လှုပ်ကာ မော့လိုက်ပြီး . . .

"ဘာတွေများ ဆက်ကျင့်ရဦးမလဲဗျ"

ဘိုးဒွန်းကလည်း မော့လိုက်ကာ . . .

"နည်းနည်းပါးပါးတော့ ကြိုတင်ပြင်ဆင်မှုပေါ့ ကိုယ့်လူရ. . အဲ. . ပထမဆုံးကိုကိုသော်အဖြစ်နဲ့ ကိုကိုသော့်အိမ်အဝင်မှာ ကိုယ့်လူ အနေနဲ့ တစ်ချီတစ်မောင်းတော့ တရကြမ်း ငိုလိုက်မှဖြစ်မယ်"

စံသင်းမှာ လန့်ဖျပ်၍ သီးမတတ်ဖြစ်သွားကာ . . .

"ဗျာ . . . ခင်ဗျာ ငိုရမယ်"

"ဟုတ်တယ်၊ တစ်ချီတော့ ပစ်ခတ်ငိုဦးမှ ဖြစ်မယ်"

"မြတ်စွာဘုရားအစစ် ကယ်ပါဦး၊ ဒုက္ခပါပဲဗျ"

"ဟုတ်တယ်လေ ကိုစံသင်းရဲ့၊ ကိုယ့်အဖေ စိတ်သဘောကျ တစ်ရပ်တစ်ကျေးသွား ပညာသင်နေတဲ့ ဥစ္စာ၊ ဒီကြားထဲ အဖေက ဆုံးသွားတယ် မဟုတ်လား၊ ဘယ်လောက် စတိုင်ကြီးကြီးနဲ့ ကြေကွဲစရာကောင်းတဲ့ အဖြစ်လဲ၊ စဉ်းစားကြည့်ပါဦး. . ."

စံသင်းမှာ ပြူးပြူးပျာပျာနှင့် ကြက်သီးများပင် ထသွားလေတော့ရာ ဘိုဒွန်းက ပြုံးရွှင်စွာ ချော့မော့၍ . . .

"ဒီတော့ ကိုယ့်လူရယ်၊အိမ်ကို ရောက်ရောက်ချင်း အချိန်မှာ စိတ်နှလုံး ထိခိုက်စွာသော စတိုင်နဲ့ ရှေ့မျက်နှာ ရှေ့ထားပြီး တစ်ချီတစ်မောင်းတော့ဖြင့် သပိတ်ဝင် အိပ်ဝင် ငိုလိုက်ဦးမှပေါ့၊ ကဲ . . ပြောနေကြာပါတယ်၊ နမူနာ အိုင်တင်နဲ့ ငိုစမ်းကြည့်ရအောင်"





စံသင်းမှာ ကြောင်ကလုကလုနှင့် မရှုနိုင်မကယ်နိုင် ဖြစ်သွားလျက် . . "ဟာဗျာ . . . ချက်ကြရာကြီး"

ဘိုဒွန်းက ရယ်မောလျက် အားပေးသည့်အနေနှင့် ဖန်ခွက်ထဲသို့ အရက် ခပ်များများလောင်းထည့်ကာ စံသင်းအား လှမ်းပေးလိုက်ပြီး. .

"ကဲ . . . ဒါလေး နှိပ်လိုက်ဦး၊ ဒီလို ရှိတယ် ကိုယ့်လူရဲ့၊ သူတို့အိမ်ရှေ့ ဧည့်ခန်းနံရံမှာ ထင်ထင်ရှားရှား ချိတ်ထားတဲ့ ဓာတ်ပုံကြီး သုံးပုံရှိတယ်၊ ဘိုကလေးနယ်မှာ ဆုံးသွားတာကြာပြီဖြစ်တဲ့ ကိုကိုသော့် အဘိုးဘကြီးဖြန်ရဲ့ ပုံက အလယ်က၊ ပြီးတော့ ကိုကိုသော့်ရဲ့ အဖေ ဦးထွန်းရဲ့ပုံက ညာဘက်ဘေး၊ ကျွန်တော့်အိမ်မှာရှိတဲ့ ကိုကိုသော်ရဲ့ ပုံက ဘယ်ဘက်အစွန်က စီပြီး ချိတ်ထားတယ်"

ဘိုဒွန်းက ဓာတ်ပုံများ အနေအထားကို စံသင်း မျက်စိထဲ၌ မြင်၍လာအောင် လက်ဟန်ခြေဟန်နှင့် ပြလိုက်သည်။

"ဒီတော့ ဒီလို ဝင်ဝင်ချင်း ဓာတ်ပုံသုံးပုံအနက် ညာဘက် အစွန်က ဦးထွန်းရဲ့ပုံကို နိုင်ငံခြားက ပြန်လာတဲ့ သားက အဖေ့ပုံ အဖေ့မျက်နှာ မြင်မြင်ချင်း ရင်ထဲဆို့ပြီး ပုံရှေ့ဒူးထောက် ငိုရမှာကိုး၊ ဒါမှ ယုတ္တိရှိမယ် မဟုတ်လား ကိုစံသင်းရဲ့"

"ဟာဗျာ . . ."

စံသင်းက မျက်လုံးပြူး၍တွန့်သွားသည်တွင် ဘိုဒွန်းက ဖဲကြီးအားလှမ်း၍ . . .

"ဟေ့ . . . ဖဲကြီးရေ ယုတ္တိ ယုတ္တာရှိအောင် ဓာတ်ပုံနမူနာ အနေအထား လုပ်ဖို့ဟာတွေ ဆွဲခဲ့စမ်းကွာ"

ဖဲကြီးက လွယ်လွယ်ကူကူ ရရာနီးရာ လွယ်ရာ ပြက္ခဒိန်များ ဆွဲယူရာ၊ ပြက္ခဒိန် ရုပ်လုံးပြ မပေါ့တပေါ်တွေရော၊ ပေါ်ပေါ်ကြီး ပုံတွေရော ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို ရုပ်လုံးကြွ အကုန်ဖော် ပုံများကို စံသင်း နမူနာ ကြည့်ပိုင်ရန် နေရာချလိုက်လေရာ စံသင်း မျက်လုံးပြူးသွားလေ၏။ ထို ပေါ်ပေါ်ကြီး မိန်းမရုပ်ပုံများကို ကြည့်၍ မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် ဖြစ်နေလေရာ၊ ဘိုဒွန်းက ပြုံး၍ . . .

"လုပ်ပါ . . . ကိုယ့်လူရာ၊ ရှက်မနေပါနဲ့၊ ဘယ်သူမှ မရှိပါဘူး၊ အဲဒီလို သုံးပုံ ရှိတဲ့အနက်၊ ယာအစွန်ပုံကိုပဲ ကိုကိုသော့်အဖေကြီး သဘောထားပြီး၊ အဲလေ ကိုယ့်အဖေလို သဘောထားပြီး ငိုပေါ့"

စံသင်းက ရှုံ့မဲ့၍ နဖူးပြင်ကို လက်နှစ်ဖက်နှင့်စုံရိုက်လိုက်ကာ. . . "အမယ်လေး ရက်စက်ပါပေ့ဗျာ ဒီပေါင်ဖြူဖြူဖွေးဖွေးကြီးကိုပဲကြည့်ပြီး ကိုယ့်အဖေ အရင်းလို သဘောထားပြီး ငိုရမတဲ့၊ အမယ်လေးဗျ. . . . ဟန့်"

"အဲ . . . အဲ . . နီးစပ်လာပြီ၊ ညည်းမနေပါနဲ့ ကိုယ့်လူရယ်၊ ဒါ အလကား ငိုတာမှ မဟုတ်ဘဲ၊ အလုပ်သဘောနဲ့ ငိုတဲ့ ဥစ္စာ၊ ကဲ ကဲ. . ရှေ့တိုး၊ ဟုတ်ပြီ. . ခေါင်ပုံကိုစူးစိုက်ကြည့်၊ စိတ်ထိခိုက်၊ ဟော. . . ငိုလိုက် ငိုလိုက်. . . ငို . . . ပစ်ပြီးငို. . . ကိုယ့်လူရေ. . ရေရေလည်လည် ငိုဟနော်"

"ဟာ မဟုတ်သေးပါဘူး ကိုယ့်လူရ၊ တကတည်းမှပဲ ငိုပုံက ဒုက္ခိတ မြေမျိုတာကျနေတာပဲ၊ တကတည်းကြီး"

စံသင်းမှာ ရှက်ကိုးရှက်ကန်း စပ်ဖြဲဖြဲကြီး ဖြစ်နေပြီး . . .

"ခင်ဗျားက ပစ်ငိုဆိုဗျ"

"ဟ. . . ဒီနေရာမှာ ငါးနှစ်သားလေးလို တအားရှုံ့ငိုရမှာမှ မဟုတ်တာ၊ ကိစ္စက နိုင်ငံခြားပြန် ပိုင်းလော့ကြီးလို စတိုင်ထွားထွားနဲ့ ငိုရမှာ 'ဖြစ်မှ ဖြစ်ရလေခြင်း အဖေရဲ့' ဆိုတဲ့ သဘောမျိုးလေးနဲ့ အံကလေးခဲ၊ နဖူးလေးတစ်ချက်ထုပြီး ငိုရမှာ၊ ကဲ . . . ကဲ . . . ရယ်ဒီ ဝမ်းတူးသရီး"





စံသင်းက ဟန်ပါပါနှင့် ဒူးထောက်၍ ချလိုက်သည်။

ထို့နောက် ပြက္ခဒိန်မှအရုပ်ကြီးအား တဖြည်းဖြည်း မော်ကြည့်လိုက်ပြီးနောက် အင်မတန် ချုပ်တည်းထားရဟန်နှင့် ပခုံးကလေး ဆန့်ငင်ဆန့်ငင် လုပ်ပြီး ရှုံ့တွတွကြောင်မဲ့မဲ့နှင့် ငို၍ပြလိုက်သည်တွင် ဘိုဒွန်းမှာ လက်သီးလက်မောင်းတန်းကာ တရကြမ်း သဘောကျသွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ကုက္ကိုင်းလမ်းမတစ်လျှောက် ညင်သာစွာ ပြေး၍လာသော ဘိုဒွန်း၏ဘေးမှ စံသင်းမှာ လေယာဉ်ပိုင်းလော့ အဝတ်အစားများကို စမတ်ကျကျ ဝတ်လျက် မျက်နှာစပ်ဖြဲဖြဲနှင့် လိုက်၍လာသည်။

ဘိုဒွန်းက စံသင်းမျက်နှာကို လှမ်းကြည့်လိုက်ပြီး ထိတ်လန့်စွာဖြင့် . . .

"ဟာ. . ကိုယ့်လူ အကျိုးနဲ့ အရေးထဲ စပ်ဖြဲဖြဲနဲ့ ဒုက္ခပါပဲ၊ မျက်နှာကို ခပ်တည်တည် ခပ်မှိုင်မှိုင် ထားစမ်းပါ၊ ကိုယ့်အဖေကြီး မာလကီးယားတဲ့ မျက်နှာမျိုးဟဲ့"

စံသင်းခမျာမှာ မျက်နှာပိုးသတ်၍ ကြိုးစားပြီး မှိုင်တွေတွေ လုပ်လိုက်၊ ၎င်းနောက် စိတ်မလုံသဖြင့် စပ်ဖြီးဖြီး ဖြစ်လိုက်နှင့် ရှိနေလေသည်။ ကားကို မောင်းသွားရင်းမှ အင်လျားကန်စောင်းရှိ သားနားသောတိုက်အိမ်ကြီးတစ်ခုကို ဘိုဒွန်းက လက်ညှိုးညွှန်ပြလိုက်ပြီး . . .

"ကိုယ့်လူ အဲ့ဒါမှတ်ထား. . ကိုယ့်လူနဲ့ စေ့စပ်ထားတဲ့ ကကျိ ကကျိ ဖြစ်ရမယ့် သူဌေးသမီးကြီးရဲ့အိမ်ပဲ၊ နောင်ကို ကိုယ့်လူ့အိမ် ဖြစ်မှာ ဆိုပါတော့လေ"

စံသင်းက မျက်စိမျက်နှာပျက်စွာနှင့် လှမ်းကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကားဟွန်းသံကိုပေးလျက် ကိုကိုသော်၏ အိမ်ဝင်းအတွင်းသို့ဝင်ရောက်ကာ ကားကြီးထိုးဆိုက်လိုက်လေလျှင် အိမ်တွင်းမှ ဦးရှမ်၊ ဦးဖိုးဘနှင့် မောင်လှလေးတို့ ဝမ်းသာအားရ ပြေးလာပြီး ကားတံခါးဖွင့်သူဖွင့်၊ သေတ္တာများ ဆွဲသူကဆွဲနှင့် အသီးသီး ကြိုဆိုကြလေတော့သည်။

ဘိုးဒွန်းက ပြောပြပြီးဖြစ်၍ သိနှင့်နေသော စံသင်းက ဦးရှမ်ထံသို့သွားပြီး မျက်လုံးတွင် မျက်ရည်များ လည်လျက် . . .

"ဦးလေးရှမ် နေကောင်းရဲ့နော်. . . နေကောင်းကြတယ်နော်၊ ဝမ်းသာပါတယ် ဦးလေးရှမ်ရယ်"

ဦးလေးရှမ်ကလည်း မျက်ရည်များ ဝဲလျက် . . .

"နေကောင်းပါတယ် ကိုကိုသော်ရယ်"

"ဦးဖိုးဘနဲ့ မောင်လှလေးတို့လဲ နေကောင်းရဲ့နော်"

သူတို့နှစ်ဦးကလည်း မျက်နှာပိုးသတ်လျက် ရိုသေကျိုးနွံစွာဖြင့်

"ဟုတ်ကဲ့ . . ဟုတ်ကဲ့ခင်ဗျာ နေကောင်းကြပါတယ်"

အခြေအနေ အတော်လေးအဆင်ပြေသွားသဖြင့် ကျေနပ်သွားသော ဘိုးဒွန်းက သက်ပြင်းကို ချလိုက်ပြီး . . .

"ကဲ ကဲ . . . အိမ်ပေါ် တက်ကြပါစို့"

စံသင်းတို့နှင့် အတူပါလာသော ဇံကြီးနှင့် ဦးဖိုးဘ၊ မောင်လှလေးတို့က ကားပေါ်မှ ပစ္စည်းများ သယ်ချကြသည်။

အားလုံးလိုလိုဧည့်ခန်းတွင်းသို့ ရောက်သည်တွင် စံသင်းက လေးတွဲသော ခြေလှမ်းများဖြင့် ဓာတ်ပုံကြီးများ ချိတ်ထားရာသို့သွား၍ သင်ထားသည့်အတိုင်း ညာဘက်အစွန် ပုံကြီး၏ ရှေ့တွင် ဒူးထောက်ကာ ထိုင်ချလိုက်ပြီး . . .

"ဟင်, ဖေဖေ၊ ဖြစ်မှ ဖြစ်ရလေ ဖေဖေရယ်. . . သား အလာကိုတောင် မစောင့်တော့ပါလား"





စံသင်းက မျက်နှာကို ငုံ့လိုက်ပြီးနောက် လက်ဝါးများဖြင့် အုပ်လိုက်သည်။ ၎င်းအဖြစ်ကို ကြည့်နေကြသော ဦးရှမ်၊ ဦးဖိုးဘ၊ မောင်လှလေးနှင့် ဘိုးဒွန်းတို့မှာ မျက်လုံးမျက်ဆန်များ ပြူးသွားကြတော့သည်။ ဘိုးဒွန်းက ဣန္ဒြေအပျက်ဆုံး ဖြစ်၏။

ဖြစ်ပုံက ကိုကိုသော် မရောက်မီ မနက်ကမှ ဦးရှမ်က ဓာတ်ပုံသုံးပုံကို နေရာရွှေ့ထားလိုက်သောကြောင့်ပင်တည်း။

ကိုကိုသော်သည် အဖေဆုံး၍ ပြန်လာခြင်းဖြစ်ရာ အဖေ့ပုံကြီးကို အလယ်မှ ထားမှတော်ပေမည်ဟု ဦးရှမ်သည် နံနက်ကပင် အဖေနှင့် အဘိုးပုံကို နေရာရွှေ့ထားလိုက်ခြင်း ဖြစ်လေသည်။

ဤအဖြစ်ကို မသိသော စံသင်းက ဘိုးဒွန်း သင်ထားသည့်အတိုင်း ညာအစွန်မှ ပုံကိုသာ ဦးထွန်း အနေနှင့် ငုံ့၍ ငိုလိုက်တော့ရာ ချောက်ပေါက်ကြီး တိုးလေတော့သည်။

ဘိုးဒွန်းက စံသင်းအနီးသို့ အမြန်သွားပြီး ပခုံးကို ညင်သာစွာကိုင်သလိုလိုနှင့် ဖျစ်ညှစ်၍ . . .

"ဟာ . . . ကိုကိုသော်ရယ် ကိုကိုသော်ရယ် . . . အဖေ့စိတ်နဲ့ မျက်ရည်တွေဝေပြီး အဖေ့ပုံရယ် အဘိုးပုံရယ်တောင်မှ မသဲကွဲတော့ဘူး ထင်တယ်၊ သြော် . . . ဒုက္ခ . . . ဒုက္ခ"

ထိုသို့ ခပ်ကျယ်ကျယ်ပြောပြီးမှ တစ်ဖန် လေသံဖြင့် . . .

"ကိုယ့်လူရေ ပိုဇစ်ရှင် မှားနေပြီ၊ အလယ်ကို အဖေ့ပုံ ရောက်နေသဟ၊ ခပ်တည်တည် အသာနေရာရွှေ့ ရွှေ့. . အဲ . . ဟုတ်ပြီ"

သူတို့အဖြစ်မှာ ပေါ်လုပေါ်ခင်မှ အတော် ကြိုးစားဖုံးကွယ်နေကြရရှာသည်။ စံသင်းက ပို၍ စိတ်ထိခိုက်ဟန်နှင့် ပခုံးများ ဆန့်ငင်ဆန့်ငင် လှုပ်ရှားသွားကာ တစ်ဖက်သို့ ရွှေ့လိုက်သည်။

ဤအဖြစ်ကို မြင်ရသော ဦးရှမ်က ခေါင်းငုံ့လျက် မျက်ရည်များ သုတ်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com


"ဩော်. . ကိုကိုသော်ရယ်၊ စိတ်မကောင်း မဖြစ်ပါနဲ့လေ၊ သေပြီးသူတွေ ပြန်လာနိုင်တော့တာမှ မဟုတ်ဘဲ"

စံသင်းက လေးတွဲစွာ ရပ်လိုက်ပြီး အိုင်တင်ပါပါနှင့် နှပ်ညှစ်ကာထလိုက်သည်။ ၎င်းနောက် ဧည့်ခန်းအတွင်းရှိ ရုပ်တုများကို အလွန်စိတ်ပါဝင်စားဟန်ဖြင့် လှည့်ပတ်ကြည့်လိုက်သည်။

ဧည့်ခန်းထောင့်တစ်နေရာရှိ အလွန်လှပသော မင်းသမီးရုပ်တုတစ်ခုရှေ့သို့ ရောက်သောအခါ ဦးရှမ်က . . .

"ကိုကိုသော် ဒါဟာ . . ကိုကိုသော့်အဖေ အားကြီးသဘောကျတဲ့ အရုပ်ပေါ့၊ နောက်ဆုံး သူမကွယ်လွန်သေးခင် ဝယ်သွားခဲ့တာ"

ထိုစဉ် ဘိုဒွန်းက ကိုကိုသော့် ခလေ့အတိုင်း ပေါင်ကို ပုတ်ရန် လက်တို့လိုက်ရာ ကိုကိုသော်က မျက်လုံးများ ကျယ်သွားပြီး ဖြောင်းခနဲဟန်ပါပါနှင့် ပေါင်ကို ပုတ်လိုက်ကာ . . . .

"အဟုတ်ပဲ ဦးလေးရှမ်ရေ ဖေဖေ ကြိုက်မယ်ဆိုရင်လဲ ကြိုက်လောက်တယ်၊ ထုထားလိုက်ပုံက တကယ့်ကို အနုပညာမြောက်တာကလား"

ဦးရှမ်ကလည်း သဘောကျဟန်နှင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး အလားတူ ကျေနပ်နေသော ဘိုဒွန်းအား လှမ်းကြည့်လိုက်ကာ. . .

"ကိုကိုသော်တို့ သားအဖကတော့ တကယ် အကြိုက်ချင်း တူပါပေတယ် ဘိုဒွန်းရယ်"

■

အပေါ်ထပ် အိပ်ခန်းတွင်ကား ကိုကိုသော် အတု၏ ပစ္စည်းများအား နေရာချနေကြသော မောင်လှလေးက ဖုံကြီးအား ပြုံးဖြီးဖြီးနှင့် အသာလက်ကုတ်ပြီး . . .





"ဟင်၊ ကျုပ်တို့ ကိုလေးတော့ဖြင့် စွံပါလိမ့်ဦးမယ် ကြည့်ဗျ၊ ကိုကိုသော်က သူ့အဖေ မသိအောင် အတော်ပွေတာပဲနေ့၊ အဲဒီထဲက ကျုပ်က သူဟာမတွေဆီသွားရတဲ့ မဟာအကျိုးတော်ဆောင် စေတနာ့ဝန်ထမ်း ယရာဝါသမှူးလေဗျ"

ဖုံကြီးက မျက်လုံး ပြူးသွားလျက် . . .

"ကြံကြံဖန်ဖန် ယရာဝါသမှူးတဲ့၊ အမယ်လေးလေ"

"အဟီး. . . ဒါက ကျုပ်ရာထူး ကျုပ်မှည့်ရတာကလား၊ အင်း. . ကိုကိုသော်တို့များ နဂိုကမှ ခပ်စွံစွံဟာ အခုလို ကမ္ဘာလှည့် ပညာသင်ပြီး ပြန်လာတယ်ဆိုရင်တော့ မြာတွေကို ဘယ်ရော၊ ညာရော ပြွတ်ခဲနေတော့မှာပဲ၊ ကျုပ်လဲ အားကို အားရတော့မယ် မဟုတ်ဘူး"

"ကျုပ်တို့လဲ အခမဲ့လေးများ မြင်နေရမှဖြင့်. . အဟီး"

ဖုံကြီးက ပြုံးဖြီးဖြီးနှင့် ပြန်ပြောလိုက်ပြီးနောက် တစ်စုံတစ်ခု စဉ်းစားဟန်ဖြင့် ငိုင်တိုင်တိုင် ဖြစ်သွားလေတော့သည်။

■

ဧည့်ခန်းတွင်း ဆိုဖာများတွင် ထိုင်၍ စကားပြောနေကြသော ကိုသော်အတု စံသင်း၊ ဘိုဒွန်းနှင့် ဦးရှမ်တို့အား ဦးဖိုးဘက လိမ္မော်ရည်များ လာရောက်ချပေးသည့်နောက် စံသင်းက ဆက်၍. . .

"သင်တန်း တစ်ဝက်တစ်ပျက်ကြီးနဲ့တော့ ဘယ်ပြန်လာချင်စိတ်ရှိပါ့မလဲဗျာ၊ အပြည်အစုံပြီးအောင်ပဲ တက်နိုင်ရင် ကောင်းတာပေါ့၊ ဒါပေမယ့် ရုတ်တရက် အခုလို ဖေဖေ ဖြစ်သွားရတော့ ဘယ့်နှယ်လုပ် စိတ်ပါနိုင်တော့မလဲ"

ဦးရှမ်နှင့် ဘိုဒွန်းတို့က လိမ္မော်ရည်ခွက်များကို လှမ်းယူရင်း ခေါင်းတဆတ်ဆတ် ညိတ်နေကြသည်။ စံသင်းက ဦးရှမ် ကမ်းပေးသော လိမ္မော်ရည်ခွက်ကို လှမ်း၍ . . .


www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ဦးရှမ်၊ ပြော်, ဒါထက် ဘိုဒွန်း၊ ကျွန်တော်တို့မလဲ ဖေဖေ မရှိလေတော့ အစစစိတ်အားငယ်ပါတယ်၊ အစစ ကောင်းတိုင်ပင်ဆိုးတိုင်ပင် အမြဲကူညီ မ,စပြီး စောင့်ရှောက်စေချင်ပါတယ်။ အဲ . . . အဲ . . ဘိုဒွန်းလဲ တစ်ယောက်တည်းသမားပဲ ကျွန်တော်နဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက်ရအောင် ဒီအိမ်ပြောင်းနေပါလားဗျာ"

"ဟာ . . . မဟုတ်တာ၊ မဖြစ်ပါဘူး၊ ကျုပ်မလဲ ကိစ္စပိစ္စတွေက အများသား၊ အိမ်လဲ ဝေးလှတာမှ မဟုတ်ဘဲ"

ဘိုဒွန်းက ဟန်လုပ်၍ မူလိုက်သည်တွင် ကိုကိုသော်ယောင်ဆောင်နေသော စံသင်းက လက်ကာပြီး . . .

"မဟုတ်ပါဘူး ဘိုဒွန်းရယ် . . ကျွန်တော့်မလဲ ဖေဖေဆုံးတာ မတွေ့ခဲ့ရတဲ့အပြင် အိမ်နဲ့ခွဲနေရတာ ကြာပြီး အခုလို ခရီးရောက်မဆိုက်မှာ အားလည်းငယ်၊ ကြောင်တိကြောင်တက်လဲ ဖြစ်နေလို့ပါ၊ တာဝန်မကြီးလှပါဘူးဗျာ၊ မဟုတ်ဘူးလား ဦးရှမ်ရယ်"

ဦးလေးရှမ်ကလည်း တွေတွေကြီးလုပ်နေရာက ခပ်လေးလေးခေါင်းကို ညိတ်လိုက်၏။

ဘိုဒွန်းက စိတ်ထဲမှ အလွန် သဘောကျနေဟန်ကို အနိုင်နိုင်ဖုံးထားရလေသည်တွင် စံသင်းက . . .

"ကဲ ဦးလေးရှမ်၊ ကျွန်တော့်အခန်းနဲ့ ကပ်ရက်မှာပဲ ဘိုဒွန်းတို့ဆရာတပည့်ကို နေရာချပေးဖို့ ဦးဖိုးဘတို့ကို ပြောလိုက်ပါဦး၊ ကျွန်တော်တော့ အခန်းထဲ သွားလှဲလိုက်ဦးမယ်၊ ဟော့ဒီက အဖေ့အကြိုက် အရုပ်ကို ကျွန်တော့်အခန်းဝမှာ ထားထားမယ်"

စံသင်းက မင်းသမီးရုပ်ကလေးကို ယူမည်အပြုတွင် ဦးရှမ်က အလျှင်အမြန် ဖြတ်၍ . . .

"နေပါစေ ကိုကိုသော်၊ ကျုပ်ပဲ ယူခဲ့ပေးပါရစေ၊ ကိုကိုသော် ပင်ပန်းလှပါတယ်"





ဦးလေးရှမ်က ရုပ်လုံးကို ယူ၍ အပေါ်ထပ်သို့ တက်သွားသည်တွင် စံသင်းနှင့် ဘိုဒွန်းတို့က နောက်မှ လိုက်သွားပြီး ကိုကိုသော့်အိမ်ခန်းတွင်းသို့ ဝင်ရောက်ကြသည်။

ဦးရှမ် ရုပ်လုံးကို နေရာချ၍ နှုတ်ဆက်ပြီး ပြန်ထွက်သွားသည်တွင် ဘိုဒွန်းက ပြုံးတူးပျာတာနှင့် ထကာ စံသင်းအား ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်လိုက်ပြီး . . .

"ဟား . . . ကိုယ့်လူ ပထမတစ်ချီတော့ ဇာတ်ပွဲ အောင်ပြီ၊ အောင်ပြီ . . . အိုကေပဲဗျို့ . . ."

စံသင်းကလည်း တဒိတ်ဒိတ်ခုန်နေသောရင်ဘတ်ကို လက်နှင့်ဖိရင်း ရယ်မော၍ . . .

"အမယ်လေး. ကျုပ်မလဲ စ,ဝင်ထဲက တဒိန်းဒိန်းနဲ့ အော်တိုမစ်တစ် စက်သေနတ်တွေ ပစ်နေလိုက်တာ၊ ဟို ဇာတ်ပုံကြီးမှာပြီး ငိုတုန်းကဖြင့်များ . . . ဘုရား . . ဘုရား"

စံသင်းမှာ ပါးစပ်ကို ပိ၍ တခွီးခွီးနှင့် ကျိတ်ရယ်နေလေရာ ဘိုဒွန်းကလည်း . . .

"အေး . . . အေး ကိုယ့်မလဲ လန့်သွားတာ မပြောပါနဲ့တော့ ဒူးဆစ်ထိအောင် ချွေးပြန်သွားတာပဲ၊ အဟီး . . . နောက်မှ ဒရောသောပါး ကြဲဖန်ပြီး ပညာသားပါပါ ဖြီးလိုက်ရတာ မပြောနဲ့တော့၊ ဟီး . . . ကံကြီးလို့နော်၊ ကဲ . . ကဲ ကိုယ့်လူ စကော့ဈေးက ကျုပ် ဝယ်ခဲ့တဲ့ ဟိုနိုင်ငံခြားဖြစ် လက်ဆောင်ကြီးတွေ ရှေးထားလိုက်ဦး၊ ကျုပ်လဲ ကျုပ်နေရမယ့်အခန်း သွားကြည့်လိုက်ဦးမယ်"

ဘိုဒွန်းက ထိုသို့ပြောပြီး တစ်ဖက်ခန်းသို့ ကူးသွားသည်။

စံသင်းက သားရေသေတ္တာကြီး တစ်လုံးကို ဖွင့်လျက် အထဲမှ ပစ္စည်းများကို မွှေနှောက်ရွေးချယ်နေရင်းမှ သူ့အမေ ဓာတ်ပုံကို တွေ့ရသဖြင့် ထုတ်ယူကာ ငိုင်တိုင်တိုင်နှင့် ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် အခန်းဝမှ မောင်လှလေးက အထဲသို့ ခေါင်းပြူ ကြည့်၍ . . .

"အစ်ကိုလေးရေ ရေလေးဘာလေး ချိုးရင် အဆင်သင့်ပါပဲ အစ်ကိုလေး"

စံသင်းခမျာမှာ လှလေးအသံ ကြားလိုက်ရသဖြင့် ရုတ်တရက် လန့်ဖျပ်သွားကာ လက်ထဲမှ အမွေးစာတ်ပုံကိုလည်း သေတ္တာထဲ ထိုးဝှက်လျက် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မောင်လှလေးကလည်း ဒါကိုပင် သဘောကျဟန်ဖြင့် . . .

"ဟီး ကိုလေးတို့များ ရောက်တာ မကြာသေးဘူး၊ ဘီလပ်က ပေါင်ဖြူဖြူဖွေးဖွေးကြီးပုံ ကြည့်ပြီး လွမ်းနေတယ် ဟုတ်လား၊ လွမ်းဖို့ မလိုတော့ပါဘူး ကိုလေးရဲ့ မကြာခင် တွေ့ရပါစေ့မယ်၊ မြ. . . မြလေ မြ. . . မြ. . ဟဲဟဲ. . ကျွန်တော် စီစဉ်ပါ့မယ်၊ ဟီး. . . ဘောက်ဆူး များများ ပေးရမယ်နော် . . . ဒါပဲ"

လှလေးက ထိုသို့ ပြောပြီး ပြောင်စပ်စပ် လုပ်ကာ ထွက်သွားသည်တွင် စံသင်းမှာ ဘုမသိ ဘမသိနှင့် ကြောင်၍ကျန်ရစ်နေတော့သည်။

ထိုအခိုက် ဘိုဒွန်း အခန်းတွင်းသို့ ဝင်လာသည်တွင် စံသင်းက အရေးတကြီး မျက်နှာပျက်စွာနှင့် . . .

"အမယ်လေး. . . ဘိုဒွန်းရယ်. . . လုပ်စမ်းပါဦး၊ ခုန လှလေး ဝင်သွားပြီး ပြောသွားလိုက်တာ ဘာတွေမှန်းလဲ မသိဘူးဗျ၊ ကျုပ်အမေ ကိုတောင် ပေါင်ဖြူမကြီးလို့ ဆိုသွားတာကို ဖြီးဖြီးဖြန်းဖြန်းနဲ့ ဖောင် သက်သက် အသလွှတ်ခံလိုက်ရတာ၊ ပြီးတော့လဲ မြ . . မြ. . . မြနဲ့ တွေ့ရစေ့မယ်လို့လဲ ဆိုသွားချေသေးရဲ့၊ ဗုဏ္ဏပါပဲဗျာ၊ ဘာတွေမှန်းလဲ မသိဘူး"

ဘိုဒွန်းကမူ အရေးမကြီးဟန် မျက်နှာထားနှင့် . . .





"အရေးမကြီးပါဘူးဗျာ . . ကြည့်သာရောလိုက်ပေါ့ဗျ"

စံသင်းကမူ မျက်စိမျက်နှာ ပျက်လျက်နှင့်ပင် . . .

"ကြည့်လုပ်ပါဗျနော် . . ဘိုဒွန်း. . ကျုပ်အနားက မခွာနဲ့ဗျ၊ တော်ကြာ အရေးမတတ်လို့ တလွဲတွေဖြစ်ကုန်မှ ဒုက္ခတွေ့နေဦးမယ်၊ ပြီးတော့ ခင်ဗျားမရှိတုန်း ကိုကိုသော်နဲ့ ရင်းနှီးတဲ့ လူတွေနဲ့ တွေ့ပြီး စကားဆုံမိလို့ အိုးနင်းခွက်နင်းတွေ ဖြစ်ကုန်ရင်တော့ အမယ်လေး. . မဟာ့မဟာ ချောက်ကို ကျမှာဗျ"

ဘိုဒွန်းက ခေါင်းတညိတ်ညိတ်နှင့် အနည်းငယ် စဉ်းစားလိုက်ပြီးနောက် ဝမ်းသာစွာဖြင့် စံသင်း၏ ပခုံးကို ပုတ်လိုက်ပြီး . . .

"ဟေး, ကိုယ်အကြံရပြီ၊ အဲ . . . မလိုလဲလိုလဲ မတော်တဆ ကိုယ်အနားမှာ မရှိတုန်း ကိုကိုသော်နဲ့ ရင်းနှီးတဲ့ ငနဲတစ်ဦးက ကိုယ့်လူ မသိတဲ့ တောင်တောင်အီအီ နောက်ကြောင်းတွေကို ပြန်မှတ်နေလို့ ကိုယ့်လူ အကျပ်ရိုက်နေပလားဆိုရင်၊ အဲ . . အဲ . . . ဒီလိုလုပ်လိုက်"

စံသင်းက အားတက်သရော ဖြစ်သွားပြီး . . .

"ဘယ်လို လုပ်ရမလဲဗျ"

"ရုတ်တရက် ပစ်ပြီး ခေါင်းကိုက်လိုက်"

"ဗျာ . . . ဗျာ ခေါင်းကိုက်လိုက်ရမယ်"

"ဟုတ်တယ်၊ ဒါ အကောင်းဆုံးနည်းပဲ ကိုယ့်လူရဲ့ ဒါပေမယ့် အခုကတည်းက နည်းနည်းတော့ ဝါဒဖြန့်ထားရမယ်၊ ကိုကိုသော်ဟာ နိုင်ငံခြားက ပြန်လာကတည်းက ရုတ်တရက် ခေါင်းထထပြီး ကိုက်တတ်တယ်လို့ မသိမသာ ကြေညာထားရမယ်"

"အမယ်လေးဗျာ"

"ဟုတ်တယ် ဒါ အကောင်းဆုံးနည်းပဲ၊ ကိုယ့်လူမှာ ဖြေကျပ်၊ ပြောရခက်၊ ရှေ့မတိုးသာ နောက်မဆုတ်သာနဲ့ ကိုးရိုးကားရား ချွေးပြန်တဲ့အပေါက်ရောက်ပြီး ချောက်ပေါက်တိုးနေခဲ့ရင် . .



www.burmeseclassic.com

www.burmeseclassic.com



...'ဟာ... ရှုတ်တရက် ခေါင်းထဲက ထိုးကိုက်လိုက်တာ၊ ကိုက်လိုက်တာ'ဆိုပြီး စကားကိုဖြတ်ပြီး ခေါင်းကိုက်အိုင်တင် အပြည့်နဲ့ တစ်ချိုးတည်းသာ ထလစ်ပေတော့"

စံသင်းမှာ ရှုံ့ရှုံ့မဲ့မဲ့ မအီမလယ် ဖြစ်သွားပြီး ...

"အလိုလေး ကယ်တော်မူပါ မြတ်စွာဘုရား"

"ကဲဟယ် မြတ်စွာဘုရားမနေနဲ့၊ ကဲ အခုထစမ်း၊ ခုပဲလက်တွေ့ နမူနာအဖြစ်နဲ့ ခေါင်းကိုက်အိုင်တင် လုပ်စမ်းကြည့်ရအောင်"

စံသင်းက ကြောင်ပြူးပြူး ဖြစ်နေရာ ဘိုဒွန်းမှာ အားမလို အားမရဖြစ်ကာ စံသင်းအား ဆွဲထူပြီး ကိုင်လှုပ်လျက် ...

"လုပ်စမ်းပါ ကိုယ့်လူရ အရေးကြီးသဟဲ့နော်၊ ကဲ .. ကိုက်စမ်း... ဝမ်းတူးသရီး"

"ဒုက္ခပါပဲဗျာ... တကတည်း .. ကဲ"

စံသင်းက မျက်နှာကို ရှုံ့မဲ့ပြီး ခေါင်းကိုက်ဟန် လုပ်ပြလိုက်သည်တွင် ဘိုဒွန်းမှာ နဖူးကို လက်ဝါးနှင့် ပစ်ရိုက်လိုက်၍ ...

"ဟယ်... ထွတ်သရီး ခေါင်းကိုက်တဲ့ဥစ္စာ လက်တစ်ဖက်က ဗိုက်နှိပ်နေရလား၊ ဒါ .. ကလေးမွေးတာမှ မဟုတ်ဘဲ၊ ဒုက္ခပါပဲနော်"

ထို့နောက် နှစ်ယောက်သား သဘောကျစွာ ရယ်မောလိုက်ကြလေတော့သည်။

▮

မြတင်းပေါက် ခန်းဆီးများကို ထိုးဖောက်၍ ဝင်ရောက်လာကြသော နံနက်ခင်း နေခြည်ပြောက်ကလေးများသည် အိမ်ခန်းတွင်း၌ ခုန်ပေါက်မြူးထူး၍ နေကြသည်။ စံသင်းမှာ ယခုအချိန်အထိ အဆင်ပြေလျက် ရှိသေးသော ရင်းတို့အဖြစ်ကို စဉ်းစားရင်း စိတ်ရှုပ်ထွေးစွာဖြင့် အိပ်ခန်းတွင်း၌ ခေါင်းဖြီးပြင်ဆင် ဝတ်စားလျက် ရှိနေသည်။





ထိုအခိုက် မောင်လှလေးသည် မျက်နှာပြုံးဖြီးဖြီးနှင့် ကိုကိုသော်အတု စံသင်း၏ အခန်းတွင်းသို့ ချောင်းကြည့်လိုက်သည်။

စံသင်းမှ တစ်ပါး အခြားသူများ မရှိသည်ကို သိရလျှင် ကျေနပ်ရွှင်မြူးစွာဖြင့် စံသင်း၏အနားသို့ ပြေးဝင်လျက် အိတ်ထဲမှ စာရွက်ခေါက်တစ်ခုကို ထုတ်ပြလိုက်သည်။

စံသင်းမှာ ဘုမသိ ဘမသိနှင့် တွန့်ခနဲ ဖြစ်သွားပြီး ...

"ဟေ့ ဘာ ... ဘာလဲကွ"

"ဟော ... အစ်ကိုလေးကို ပြောထားတာ မေ့သွားပြီလား၊ မြဆီကလေ... မြ ... မြ"

စံသင်းမှာ အနီးတွင် ဘိုဒွန်း မရှိသည်ဘဲ ဒေါ်အပွကြီး ပွလျက် အကျပ်ကြီး တွေ့၍ နေလေတော့သည်။ သို့သော် အဆင်ပြေအောင် မရောနိုင်လျှင် ခေါင်းကိုက်ပစ်လိုက်မည်ဟု သူ့ဟာသူ စဉ်းစားထား လိုက်သည်။

"ပေးစမ်းကွာ... အဲဒီ စာရွက်၊ မြ ... ဘာ .. မြလဲကွ"

မောင်လှလေးက ပြောင်စပ်စပ်နှင့် စာရွက်ကို ဝှက်လိုက်ကာ.. "ဟော့ဒီ အစ်ကိုလေးတို့များ မြကိုတောင် မေ့ချင်ပြီထင်တယ်၊ ဟိုတုန်းကတော့ အဖြစ်သည်းနေလိုက်တာ၊ ဒီလိုနဲ့တော့ ဘယ်ရမလဲ၊ ဘောက်ဆူးပေး"

စံသင်းက ကြာလျှင် ပို၍ ခက်ချေမည်ကို တွေးမိသဖြင့် အိတ်ထဲမှ လွယ်ရာကျပ်တန်တစ်ရွက်ကို နှိုက်ယူ၍ ပေးလိုက်သည်။

မောင်လှလေးက ငိုက်ဆံများကို သေသေချာချာ ရေတွက်ကြည့်ပြီးမှ မဲ့သွားပြီး..

"ဟာ... ကိုလေးကလဲ အရင်ပေးနေကျနှုန်း ပေးမှပေါ့"

စံသင်းမှာ ခေါင်းနောက်ကာ မျက်နှာရှုံ့သွားလေ၏။

အရင်ပေးနေကျနှုန်း ဆိုသည်မှာ ဘာနည်း။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ကဲကွာ . . ညနေကျမှ ယူ"

မောင်လှလေးက ကျေနပ်သွားပြီး စာရွက်ခေါက်ကလေးကို ထုတ်ပေးလျက် ပြန်ထွက်သွားသည်။

စံသင်းက အလျင်အမြန် ဖြန့်၍ ဖတ်လိုက် သည်။

စံသင်း မျက်လုံးများ ပြူးကျယ်သွားကာ ထိတ်ထိတ်ပျာပျာနှင့် ဘိုဒွန်း၏အခန်းသို့ ကူးသွားပြီး အိပ်ပျော်နေသော ဘိုဒွန်းအား တရကြမ်းလှုပ်နှိုးလိုက်တော့သည်။

"ထ. . . ထ. . . ထစမ်းပါဦးဗျ၊ အကျိုးကြီးနည်းနေလို့"

စံသင်းက အိပ်မှုန်စုံမွှားနှင့် အူကြောင်ကြောင် ဖြစ်နေရသော ဘိုဒွန်းအား တုန်ယင်သော လက်များဖြင့် စာရွက်ကို ပေးလိုက်သည်တွင် ဘိုဒွန်းက မျက်လုံးများကို ပွတ်သတ်ပြီး စာရွက်ကို ဖတ်ကြည့်ရာမှ ထိတ်လန့်အံ့ဩသွား၍ . . .

"ဟ ဟာ. . ငနဲမ ချိန်းတဲ့စာပါလား၊ လာနေကျနေရာကိုတဲ့၊ အကျိုးနဲ့"

"မောင်လှလေး ခုပဲ လာပေးသွားတာဗျ၊ အဲဒါ ဘယ်လိုတုံး ဘယ်သူတုံး"

ဘိုဒွန်းက မျက်နှာရှုံ့ပြီး ခေါင်းခါ၍ . . .

"မသိဘူး"

စံသင်းမှာ ငိုမလို ဖြစ်သွားပြီး . . .

"မသိဘူး ဟောဗျ၊ အမလေး . . . ဒါဖြင့် ဒီဇာတ်ကို ဘယ်လို က,ရပါ့၊ ကြံစမ်းပါဦးဗျာ. . ဒုက္ခပါပဲ"

ဘိုဒွန်းမှာ တအောင့်မျှ မျက်မှောင်ကြုတ်၍ ကုပ်သွားလေ၏။ အကြံထုတ်နေပြီးမှ ရုတ်တရက် စံသင်း၏လက်ကို ဆွဲလိုက်ပြီး . . .

"ဒီလိုလုပ်၊ ငနဲမကို ဒီညနေ ကိုယ့်အိမ်ကပန်းခြံထဲ ချိန်းလိုက်၊ အလုပ်များနေလို့ တွေ့နေကျနေရာ မလာနိုင်လို့ဆိုပြီး ချိန်းပေါ့၊





. . အဲ, သူနဲ့ တွေ့မှ မီးစဉ်ကြည့်က,ရမှာပဲ၊ ကိုယ်လဲ အနားမှာ သူမသိအောင် ရှိနေမယ်"

စံသင်းက နဖူးကို လက်ဝါးနှင့် ရိုက်လိုက်ပြီး . . .

"အင်း . . ဖြစ်မှ ဖြစ်ပါ့မလားဗျ၊ ကျုပ်က ဒါမျိုးဆို သိပ်ရင်တုန်တာ၊ ပြီးတော့ ငနဲမနဲ့ တွေ့ရမှာက သမီးရည်းစားလား၊ သမီးရည်းစားထက်မက ဟိုဘက်ကြီးလား၊ အမယ်လေးလေ. . သမီးရည်းစားထက် ဟိုဘက်ကြီးများသာ ဖြစ်နေရင်တော့ ချောက်ပဲဗျို့၊ အခုတောင် ဒူးတုန်ပြီး ကိုယ့်ဒူးခေါင်းတွေက ကိုယ့်ပြန်တော်လှန်နေပြီ"

ဘိုဒွန်းက ချော့မော့ဟန် စံသင်း၏ ကျောကို လှမ်းပုတ်လျက်

"ဖြစ်ပါတယ်ကိုယ့်လူရာ၊ ကိုယ်လဲ အဆင်ပြေအောင်အနားက ကြည့်ထိန်းပေးပါ့မယ်၊ ကဲ . . . မောင်လှလေးကိုသာ လွှတ်ပြီး ဒီလိုပဲ တွေ့ရအောင်လို့ ငတိမကို ဒီအတိုင်း မှာလိုက်ပေတော့"

▮

ည ခုနစ်နာရီခန့် အချိန်ဖြစ်သည်။

ခေတ်ဆန်စွာဝတ်စားထားပြီး. . . ကိုယ်ကာယအချိုးအစား တောင့်တင်းပြေပြစ်၍ ချောမောလှပသော မိန်းမပျိုတစ်ဦးသည် ဘိုဒွန်း၏ခြံရှေ့သို့ ရောက်လာသည်။

မိန်းမပျိုသည် လူသူကင်းမဲ့ဟန်ဖြင့် တိတ်ဆိတ်ခြောက်ကပ်၍ နေသော ဝင်းခြံကြီးနှင့် တိုက်အိမ်လေးအား ကုန်လှုပ်စွာဖြင့် လှမ်းကြည့်လျက် မဝံ့မရဲဖြင့် ခြံတွင်းသို့ တစ်လှမ်းချင်း ဝင်၍လာသည်။ သူမ၏မျက်လုံးများကလည်း အိမ်ပတ်ဝန်းကျင်ရှိ ပန်းခြံအတွင်းသို့ ဟိုကြည့် သည်ကြည့်ဖြင့် တစ်စုံတစ်ဦးအား ရှာဖွေလျက် ရှိသည်။

ပန်းခြံအတွင်းရှိ တစ်ခုသော ခုံတန်းလျားပေါ်တွင် နောက်ခိုင်းထိုင်လျက်ရှိသော စံသင်းအား ခပ်လှမ်းလှမ်းမှ မြင်လိုက်သည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျို၏မျက်နှာမှာ သောကများ တစ်မုဟုတ်ချင်းလွင့်စဉ်သွားလျက် ချစ်စရာအပြုံးကလေးများဖြင့် ဖုံးလွှမ်း၍သွားတော့သည်။

၎င်းမိန်းမပျိုကား ကိုကိုသော်နှင့် အချစ်ကြီး ချစ်ခဲ့သည့် ခင်မြအေးပင်တည်း။ ခင်မြအေးသည် စံသင်းအား ကိုကိုသော် အစစ်ဟူ၍ပင် မှတ်ထင်လျက်ရှိသည့်အလျောက် စံသင်းထိုင်နေရာသို့ နောက်မှ ခြေကလေးကို ဖော့၍ နင်းလာလျက် အနားအရောက်တွင် ဝမ်းသာအားရ လှမ်း၍ဖက်လိုက်တော့သည်။

"မောင်. . ."

"အမယ်လေးဗျ"

ရုတ်တရက် နောက်မှ လှမ်းအဖက် ခံလိုက်ရသော စံသင်းမှာ လန့်ဖျပ်အော်ဟစ်လျက် ခုန်ထလိုက်ပြီးနောက် ခင်မြအေးအား မြင်လိုက်သည်ဆိုလျှင် အူကြောင်ကြောင် အမ်းတန်းတန်းနှင့် ဖြစ်နေတော့သည်။

၎င်းတို့အဖြစ်ကို အိမ်ပြတင်းပေါက်မှ ချောင်းကြည့်နေသော ဘိုဒွန်းပင် လန့်၍ ခုန်လိုက်မိသည်။

ခင်မြအေးက စံသင်း၏အဖြစ်ကို ကြည့်လျက် အားမလို အားမရဖြစ်သွားပြီး အနားသို့ တိုးကာ ခပ်တင်းတင်းဖက်ထား၍ ရွှင်မြူးလျက်ရှိသော အသံလေးဖြင့် . . .

"မောင် . . . မောင့်ရဲ့မြပါ မောင်ရဲ့"

စံသင်းမှာ တင်းတင်းကြီး အဖက်ခံထားရသဖြင့် ထူပူကာ ကသိကအောက် ဖြစ်နေတော့သည်။

ဒါကိုပဲ မြကအငမ်းအရ ဖြစ်လာသဖြင့် ပို၍ တင်းကျပ်အောင် ဆွဲဖက်ထားပြီး . . .

"မောင်. . . မောင် ရက်စက်လိုက်တာ . . . မောင်ရယ်. . . ပြန်လာမှာကို မြဆီ စာမရေးဘူး၊ မောင်က . . . မောင်က. ."





စံသင်းမှာ ရင်ထဲမှ တင်းကျပ်ကျပ် အူကြောင်ကြောင်ဖြင့် မျက်နှာကို ရွှင်ဟန်လုပ်လိုက်၊ မချိမဆန့် ဖြစ်သွားသဖြင့် မဲ့ရွဲ့လိုက်ဖြင့် ခွအကျကြီးကျလျက် ရှိနေသည်။

"မ. . . မ. . . မဟုတ်ပါဘူး . . အဲ. . . အဲ. . . မြရဲ့"

မြမှာ မျက်ရည်များ ရစ်ဝဲလာပြီးနောက် စံသင်းအား ဒေါနှင့် ဆောင့်ကာဖက်လိုက်ပြီး . . .

"ဘာ. . မဟုတ်ပါဘူးလဲ လူကြီးကိုက . . မြ သိပါတယ်လေ၊ မောင်ဟာ မြ. . ချစ်သလောက် ပြန်မချစ်ဘူး မဟုတ်လား၊ ကြည့်စမ်း အခုလဲ အေးစက်စက်နဲ့ လူကိုတွေ့ရင် အရင်ကလို မဟုတ်တော့ဘူး၊ ဘိလပ်ပြန်ကြီး မပီသလိုက်တာ . . ဒီလောက်ရှိမှ . . ကဲ ကဲ"

ခင်မြအေးက စံသင်းအား အားရှိပါးရှိ ဖက်၍ ဖက်၍ နမ်းပစ်လိုက်တော့သည်။

စံသင်းမှာ ယက်ကန်ယက်ကန် ထွန့်ထွန့်လူးဖြစ်နေ၏။

"ဟွန်း. . . အခုတော့ တတ်နိုင်သေးရဲ့လား၊ မောင်သာ မြရင်ခွင်ထဲ ပြန်ရောက်လာပြီမို့ . . . မြ . . ပျော်ပါပြီ၊ အဟုတ်ပျော်ပါပြီ မောင်ရဲ့. . . မောင်ဟာလေ . . သိပ်ချစ်ဖို့ ကောင်းတာမောင်"

ခင်မြအေး၏အထိအတွေ့များကြောင့် စံသင်းခမျာမှာ ကသိကအောက်ဖြစ်လျက် ဇောချွေးများပင် ပြန်၍လာသည်။ ဒီအတိုင်း ဆက်သွားက ကြာလျှင် ရေတိမ်မှာ နစ်တော့မလား ထင်သည်။

စံသင်းမှာ မြနှင့်အလိုက်သင့် ပြုသမျှ နုနေရင်းမှ အကြံများကို ခေါင်းတွင်းမှ ဖျစ်ညှစ်၍ ထုတ်ရတော့သည်။

"နေပါဦး . . နေပါဦး. . . အဲ . . . မြရဲ့ မြကို ကျွန်တော် ဘဲလေ . . . မောင် ပြောစရာ တစ်ခုရှိနေလို့ . . ."

မြက တင်းကျပ်စွာ ဖက်ထားသော သူ့လက်များကို အနည်းငယ်လျှော့လိုက်ပြီး စံသင်းအား မော့ကြည့်လျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ မောင်၊ တစ်ခုမကဘူး. . အများကြီးပြော"

"မောင့်အနေနဲ့ အခုပြန်ရောက်စ ဖြစ်လို့ အလုပ်တွေ သိပ်များနေတာ မြရဲ့၊ ဒါကြောင့် မြကို ချက်ချင်းလာမတွေ့နိုင်တာ၊ အခုတောင် အိမ်မှာ ဘဏ်စာရင်းတွေ ရှင်းနေရရင်းနဲ့ မြနဲ့တွေ့ရအောင် ထလာခဲ့ရတာ"

"ဟုတ်လား. . . မောင်"

"နောက်ပြီး. . ဖေဖေ ဆုံးပြီးတာကလဲ မကြာသေးလေတော့ မကြာသေးလေတော့ . . အဲ. ."

စံသင်း ငိုမဲ့မဲ့ဖြစ်နေပုံကို

မြက အသနားကြီး သနားသွားကာ. . .

"မြ သိပါတယ် မောင်ရယ်၊ မောင် ဘယ်လောက် စိတ်ထိခိုက်နေမယ်ဆိုတာကို. . ဒါကြောင့် မောင် စိတ်မှ ချမ်းသာပါစေတော့ဆိုပြီး မောင်နဲ့ အခုလိုတွေ့ရအောင် မြ ကြိုးစားရတာပါ မောင်"

"အဟင်း ကျေးဇူးတင်ပါတယ် မြရယ်၊ အဲ . . အဲ နောက်မှ လွတ်လွတ်လပ်လပ်ကြီး တွေ့ကြပါစို့နော် . . . မြအတွက် ပါလာတဲ့ လက်ဆောင်တွေလဲ မောင်လှလှနဲ့ ပို့ခိုင်းလိုက်ဦးမယ်"

ခင်မြအေးက မကျေမနပ် နှုတ်ခမ်းကလေး စူလျက် . . .

"ဟင့်အင်း . . ဟင့်အင်း . . . ဒီလိုနဲ့ ဘယ်ရမလဲ . . မြကို မွှေးမွှေးပေးဦးမှပေါ့၊ ဒီလောက် အကြာကြီး ခွဲသွားပြီးခါမှ . . ."

"အဲ . . . အင်း အင်း . . . ဟင်း . . ပြီးတော့ မောင်ဟာလေ အခုဆို ရက်တရက် ခေါင်းထဲက ကိုက် . . . ကိုက်"

ရက်တရက်တွင် ထွက်ပေါက်ရလိုရငြား အကြံနှင့် စံသင်းက မျက်နှာကြီးကို ရှုံ့မဲ့ပြကာ ခေါင်းကိုက်လိုက်မည်အပြု ခင်မြအေးက ထိတ်ထိတ်ပျာပျာနှင့် တစ်ကိုယ်လုံး ဟိုနှိပ်သည်နှိပ် ပြုစုနေပြန်တော့သဖြင့် စံသင်းမှာ ခေါင်းမကိုက်အားအောင် ရှိနေပြန်တော့သည်။





စံသင်းနှင့်ခင်မြအေးတို့၏ အဖြစ်ကို အိမ်အတွင်း ပြတင်းပေါက်မှ ချောင်းကြည့်နေရသူ ဘိုဒွန်းမှာကား. . ထိတ်ထိတ်ပျာပျာ ပြူးတူးပြဲတဲနှင့် တုန်ယင်လျက် ခုန်ဆွခုန်ဆွ ဖြစ်နေလေတော့၏။

ပါးစပ်မှလည်းတတွတ်တွတ်နှင့် "ဘုရား ဘုရား မြတ်စွာဘုရား အရင်းကြီး ကယ်တော်မူပါ၊ ကိုယ့်လူအခြေအနေက ဒီတောင်က ကျော်နိုင်ပါဦးမလားဟဲ့၊ အင်း. . ခုပုံဆို ဒီသူငယ်မနဲ့ ကိုကိုသော် ခရီးရောက်ခဲ့ပုံက မငယ်လှဘူးဟဲ့နော်"

ထိုအခိုက်မှာပင် စံသင်းက နုံးကွကွ မအီမလည်ရုပ်ကြီးဖြင့် အိမ်ထဲဝင်လာသည်ကို ဘိုဒွန်း တွေ့ရလေရာ . . .

"အမယ်လေး . . . ကိုယ့်လူ . . . ဟိုသူငယ်မ ဘယ်လိုလုပ် လွှတ်လိုက်ရသလဲ၊ ကျုပ်ဖြင့် ကိုယ့်လူတစ်ယောက် လုံးဝလက်နက်ချလိုက်ရပြီ၊ စုစမြုပ်စ ပြုတ်ကျသွားပြီ အောက်မေ့တာ၊ ဘုရား. . ဘုရား. . . မြန်သွားပြီလား"

စံသင်းက သက်ပြင်းချလိုက်ကာ . . .

"တော်ပါပေ့ဗျာ. . . ခင်ဗျားဆီကများ အကူအညီ ရမလား အောက်မေ့တာ၊ နောက်မှ ကြည့်ရှုချော့မော့ပြီး လွှတ်လိုက်ရသဗျ"

"ကံကြီးပေရဲ့နော်. . . ကိုယ့်လူဖြင့် ကျဆုံးသွားရှာပြီ အောက်မေ့တာ၊ နောက်ဆို ဒီငနဲမနဲ့ အဆက်ဖြတ်မှ ဖြစ်တော့မယ်"

"ဟာ. . ဖါတော့ ဆရာရေ. . . ဒါတော့ ခုတောင် ဖစ်ဖတီးပါ ဆင့်လောက် ကျဆုံးချင်ချင် ဖြစ်နေပြီ၊ ခံထားရတဲ့ ဒဏ်ရာတွေကိုလဲ ကြည့်ဦးလေ"

စံသင်းက ပါးတွင် စွန်းပေနေသော နှုတ်ခမ်းနီရာများကို ပြလိုက်သဖြင့် ဘိုဒွန်းမှာ ကြီးစွာသော မျက်လုံးပြူးခြင်းဖြင့် ပြူးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၆)

"ကိုင်း ကိုစံသင်းရေ . . . ဒီတစ်ချီသာ ကိစ္စ ချောချောမွေ့မွေ့ ဖြစ်သွားရင်တော့ ကျုပ်တို့ လုပ်ငန်းကြီး (၇၅) ရာခိုင်နှုန်းလောက် ကျိန်းသေသွားပြီသာ မှတ်တော့"

ကိုကိုသော်၏ အိပ်ခန်းတွင်း စံသင်း၊ ဇံကြီးနှင့် ဘိုဒွန်းတို့ သုံးဦးတည်း ရှိနေကြစဉ်တွင် ဘိုဒွန်းက လေးလေးနက်နက် ပြောလိုက်သည်။ စံသင်းက ဘုမသိ ဘမသိဟန်ဖြင့် . . .

"ဘာများ လုပ်ရဦးမှာလဲ ဘိုဒွန်းရယ် . . . ကျုပ်ဖြင့် ရင်တွေ တုန်ပြီးရင်း တုန်ရင်း ဖြစ်နေရတာပဲ"

"သူဌေးသမီးနဲ့ တွေ့ဖို့လေ"

စံသင်းက မျက်လုံးပြူးသွားလျက် ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဖိပြီး . . .

"ဟောဗျာ . . . လာပြန်ပြီလား . . တစ်ယောက်၊ ဟိုနေ့က တွေ့ရတဲ့ တစ်ယောက်နဲ့တင် ကျုပ်ဖြင့် ရူးချင်သလိုလို ဖြစ်နေတာ"

"ဟဲဟဲ အခုတွေ့ရမယ့် ငတိမလေးကတော့ ဟိုနေ့က သူငယ်မလို မဟုတ်ဘူး ကိုယ့်လူရ ဘာလို့လဲ ဆိုတော့ အခုတွေ့ရမယ့် ငနဲမလေးက ကိုကိုသော်နဲ့စေ့စပ်ထားရုံကလွဲပြီး လူချင်းတွေ့ဖူးတယ်ဆိုရုံလောက် ရှိတာ၊ ဒါကြောင့် ကိုယ့်လူအနေနဲ့တောင် သူနဲ့ ရင်းရင်းနှီးနှီး ဖြစ်ဖို့ ကြိုးစားရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ. . . ရှင်းနိုးအောင် ကြိုးစားရဦးမယ်"

"ဟုတ်တယ် ကိုယ့်လူကို ကိုကိုသော့်အနေနဲ့ပစ်ကျလာအောင် ကြိုးစားရဦးမယ်၊ ကျကျနန လူပျိုလှည့်ပစ်ရဦးမယ်ပေါ့"

"အမလေး . . မလွယ်တဲ့ အလုပ်ကြီးပါလားနော်၊ ကျုပ်က ဒါမျိုး တစ်ခါဆို တစ်ခါမျှ မတစ်ခါဖူးတာ . . . ဟင်း"

"လွယ်ပါတယ် ကိုယ့်လူရာ . . ကျုပ်ကလဲ နည်းပေးလမ်းပြ ယရာဝါသမှူးအဖြစ် ညွှန်ကြားပေးဦးမှာပဲ၊ အဲ . . နောက်တော့သာ ကိုယ့်အနေနဲ့ ငတိမလေးကို တကယ်မစွဲသွားဖို့အရေးကြီးတယ်၊ ဒါပဲ"

"ဟာဗျာ. . ."

"သူတို့က ကောင်းတဲ့ အမျိုးတွေ မဟုတ်ဘူးဗျ၊ သူတို့ အခုလို ချမ်းသာလာတာလဲ သူများပစ္စည်းတွေ မတရားယူခဲ့လို့ပဲ၊ ဒါကြောင့် ကျုပ်တို့ အနေနဲ့က သူတို့ဆီက ပစ္စည်းတွေ ရဖို့သာ အရေးကြီးတာ၊ လူကို လိုချင်လို့မှ မဟုတ်ဘဲ၊ ဒါကြောင့် သူ့ကို အလုပ်သဘောနဲ့သာ လူပျိုလှည့်ရမှာ"

"အလုပ်သဘောနဲ့ လူပျိုလှည့်ရမယ်၊ အမယ်လေး တယ်မစားသာတဲ့ အလုပ်ကြီးပါလားနော်"

စံသင်း၏ဖြစ်နေပုံကိုကြည့်လျက် ဘိုဒွန်းနှင့်ဖဲကြီးတို့ကတခွီးခွီး ဖြစ်နေကြသည်။ ဘိုဒွန်းက ရုတ်တရက် သတိရဟန်ဖြင့် ဖဲကြီးအား ကြည့်၍ . . .

"ဟေ့ ဖဲကြီး. . . မင်း စာတိုက်တွေကို မင်းမလစ်နဲ့နော်. . ကိုကိုသော်ဆီက စာတွေ မတော်လာရင် သတိထားဖို့"

ဖဲကြီးက လေးစားဟန်ဖြင့်. .

"အား . . . စိတ်ချပါ ဆရာ"

"စာလာရင်နော်. . . ငါ့ဆီ မြန်မြန်ပေးဖို့ မမေ့နဲ့၊ လုပ်ကြံပြီး ရေးသင့်တာတွေလဲ ရေးပြီး ကြည့်လုပ်ရမှာကလား"





"မမေ့ပါဘူး ဆရာ"

ဘိုဒွန်းက စံသင်းကို လှမ်း၍ . . .

"ဒီမယ်. . ကိုစံသင်း စောစောက ကိစ္စ ဆက်ရဦးမယ်၊ ကျုပ် ဒီမနက် ဦးလေးရှမ်ကို ကိုကိုသော့် ယောက္ခမလောင်း ဒေါ်ခင်လေးဆီ လွှတ်ပြီးတော့ သူတို့ မင်္ဂလာကိစ္စအတွက် စကားတီးခေါက်ခိုင်းလိုက်တယ်ဗျ"

စံသင်းက စိတ်ဝင်စားလာဟန်နှင့် . . .

"ဒီတော့ . . . သူတို့က ဦးလေးရှမ်ကို ဘာပြန်ပြောလိုက်သလဲဗျ"

"အိုကေပဲပေါ့၊ အဘွားကြီးက ကိုကိုသော်တို့ကိစ္စဟာ သူ့အဖေ ဦးလေးထွန်းရှိစဉ်ကတည်းက အားလုံးသဘောတူ စီစဉ်ခဲ့တာဖြစ်လို့ ဘာမှ အထူးပြောနေစရာ မလိုပါဘူးတဲ့၊ ဘိုဒွန်းတို့ကပဲ ကြည့်စီစဉ်ပေးရမှာပါပဲတဲ့၊ ဒါပေမယ့် တစ်ခုရှိနေတာက အခုခေတ်သဘောအရ ဆိုတော့ လူငယ်ချင်း ရင်းနှီးပြီးတော့မှပဲ သူတို့ကိစ္စကို စီစဉ်ဖို့ သင့်ပါသတဲ့ဗျ"

စံသင်းက ဖြတ်၍. . .

"ဒါဖြင့်. . . ကျုပ်တို့ချင်း ရင်းနှီးအောင် အရင်လုပ်ရမှာပေါ့၊ တယ်လဲကျပ်ပါကလားနော်"

"ဟုတ်တယ် . . . ဒါပေမယ့် ဒီကိစ္စက သိပ်မခက်ပါဘူးဗျာ၊ သူ့သမီးအနေနှင့်ကလဲ နဂိုထဲက သဘောတူပြီးသား ဖြစ်လေတော့ ဟဲဟဲ ကိုယ့်လူက နည်းနည်းပါးပါး ကြိုးစားလိုက်ဖို့သာ လိုတယ်"

"အမယ်လေး ဒါကြီးမျိုးကို နည်းနည်းပါးပါး ကြိုးစားရမယ်တဲ့ လားဗျာ"

"ဟဲ ဟဲ . . စိတ်ချ ကိုယ့်လူ. . ကျုပ်တို့ကလဲ မြန်မြန်တန့်ကျသွားအောင် ကြည့်ပြီး ဘေးတီးပေးပါ့မယ်၊ အခုတော့မှ သူကလေး



www.burmeseclassic.com

www.burmeseclassic.com


အမေက ကလေးတွေ ရင်းနှီးမှုရအောင်ဆိုပြီး ဒီညနေ သူတို့ အိမ်မှာ ပါတီပေးဖို့ စီစဉ်ထားတယ် ကိုယ့်လူ၊ အဲဒါ ကျုပ်တို့ သွားရလိမ့်မယ်"

စံသင်းမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး . . .

"ဟား. . . ဖြစ်ပါ့မလား ဘိုဒွန်းရဲ့၊ ပါတီဧည့်ခံပွဲဆိုရင် လူတွေ အများကြီးဖြစ်နေတော့မှာပေါ့၊ ကိုကိုသော့်အသိပေါင်းတွေကို ကျွန်တော်က ဟန်ကျပန်ကျ ဆက်ဆံလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ကိုယ့်လူရယ်၊ ကျုပ်ကလဲ ခင်ဗျားအနားမှာ အမြဲရှိပြီး ဘယ်သူဘယ်ဝါဆိုတာ ပြောပေးနေမှာဗျ၊ ဒီတစ်ပွဲသာ အောင်ရင် ကျုပ်တို့ အိုကေပဲ၊ အားတင်းပြီးသာ လုပ်ဗျာ။ ဘာမှ ကြောက်စရာ မလိုဘူး၊ အဲ, ကိုကိုသော့်အမူအရာတွေဖြစ်တဲ့ ခပ်ထွေထွေဖြစ်တဲ့အခါ မိုးလားကဲလား ပြောဖို့ရယ်၊ နောက်တော့ နောက်တော့ . . ."

စံသင်းက ဘိုဒွန်း၏ပေါင်ကို ခပ်ဆတ်ဆတ် ရိုက်ချလိုက်ရာ ဘိုဒွန်းက ရှုံ့မဲ့သွားပြီး . . .

"အဲ . . . ဟုတ်ပြီ၊ သဘောကျတာတွေ့ရင် ပေါင်ပုတ်ဖို့ရယ်၊ ဒါပေမယ့် ကိုယ့်လူ ဒီလောက်တော့ မကြမ်းနဲ့နော်၊ ယောက်ျားချင်းဆို နောင်ကျိန်နေရဦးမယ်၊ အဲ . . . နောက်တစ်ခုက အကျဉ်းအကျပ်တွေ့ လာရင် ခေါင်းကုတ်ဖို့ရယ်"

"ဒါတော့ စိတ်ချ ဘိုဒွန်း. . . ဟန်ဒရက်ပါဆင့်ကို ခေါင်းကုတ်ပစ်လိုက်မယ်၊ ဒါထက် အဲဒီ ဧည့်ခံပွဲမှာ ဟိုတစ်နေ့က တွေ့ရတဲ့ မြ. . ဆိုတာများ ပါဦးမလားဗျ"

ဘိုဒွန်းက ပြုံးကြဲကြဲလုပ်ကာ . . .

"ဟဲ . . . ဟဲ . . မပါပါဘူးဗျ၊ ဘာလဲ . . ခင်ဗျားက ထပ်တွေ့ချင်သေးလို့လား၊ ဒါတော့ မဖြစ်ဘူး ကိုယ့်လူ"

စံသင်းက မျက်စိမျက်နှာပျက်၍ လက်ကာလိုက်ပြီး "မ. . . မ. . မဟုတ်ပါဘူးဗျာ၊ အမလေး. . ကျုပ်က ဒီငတိမကြမ်းအားကြီးလို့ အလန့်ကြီး လန့်နေတာ၊ အဲဒါကြီးနဲ့ တွေ့တုန်းက ငါ့နှယ် နောက်တစ်နေ့ထိအောင်မှ အသက်ထင်ရှား လက်ကျန်ရှိပါတော့မလားလို့တောင် အောက်မေ့နေတာ"

ဒေါ်လေးခင်တို့ ပန်းခြံအတွင်း ခင်းကျင်းထားသော စားပွဲတိုင်းလိုလိုပင် ဆင်ယင်ထုံးဖွဲ့မှု အမျိုးမျိုးဖြင့် ဝတ်ဆင်ထားကြသော လူကုံထံများမှာ ပြည့်လျက် ရှိနေ၏။ များသောအားဖြင့် လူကြီးပိုင်းကို မတွေ့ရ။ လူငယ်လူလတ်ပိုင်းများသာ ဖြစ်ကြပြီး၊ သူ့ဝိုင်းနှင့်သူ တစ်ခါတစ်ရံ စီခနဲ စီခနဲ ဟားတိုက်ဆူညံလျက် ရှိတော့သည်။

အနီးရှိ ပန်းချုံကလေးများတွင် ထွန်းညှိထားကြသော ရောင်စုံမီးလုံးကလေးများကလည်း ဧည့်ခံပွဲအတွင်းရှိ လုံမပျိုတို့၏ အလှကို ပိုမိုတောက်ပ ကြွယ်ဝစေတော့သည်။ ခြံထောင့် တစ်နေရာ ရှိ တီးဝိုင်းမှလည်း ဂီတသံများမှာ တိုးတိုးတစ်လှည့် ကျယ်ကျယ်တစ်ခါဖြင့် ပျံ့မြူးလျက်ရှိလေသည်။

ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း ဧည့်ခံပွဲ အသွင်အပြင်ကို မြင်လိုက်ရသော ကိုကိုသော် ဟန်ဆောင် စံသင်းမှာ ရင်း၏ခုန်ရှိန်အဝါကြောင့် ဒူးများတဆတ်ဆတ် တုန်လျက် လမ်းလျှောက်မတတ်အောင်ပင် ဖြစ်နေသဖြင့် ဘိုဒွန်းက တီးတိုးတီးတိုးဖြင့် အတန်တန်အားပေး နေရ၏။ သူတို့နှစ်ဦးကတော့ အကောင်းဆုံးဝတ်စုံများကို သေသပ် ကျနစွာဝတ်ဆင်ထားကြလေသည်။

ဧည့်သည်များအား လိုက်လံ၍ ဧည့်ခံစကားပြောနေသော ဒေါ်လေးခင်သည် စံသင်းတို့အား မြင်လိုက်သည်ဆိုလျှင် ဝမ်းသာအားရ ဆီးကြိုပြီး သူကိုယ်တိုင် ချောင်ကျကျ စားပွဲလေးတစ်ခုသို့ ပို့ကာ နေရာချပေးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့နောက် ဒေါ်လေးခင်က စံသင်းအား ရှုန်းရှုန်းစားစား ကြည့်ပြီး . . .

"ကိုကိုသော်တို့များကွယ် လာမလားလို့ မျှော်လိုက်ရတာ၊ လက်ဆောင်တွေသာ ရောက်လာတယ် လူမလာဘဲကိုး"

စံသင်းကလည်း သွက်လက် ပြုံးရွှင်စွာပင် ပြန်၍ . . .

"ဟုတ်ကဲ့ ခရီးရောက်မဆိုက် ပင်ပန်းနေလွန်းလို့ မရောက်တာပါ၊ ခုမှ ရောက်ပေတဲ့ နောက်ရောက်လွန်းလို့ ချဉ်လာပါဦးမယ် ခင်ဗျ"

စံသင်းသည် သွက်သွက် ရွှင်ရွှင်လေး နှိပ်လိုက်ရာ ဘိုဒွန်းပင် အံ့အားသင့်သွားလေ၏။ ဒေါ်လေးခင်က မျက်နှာတစ်ချက် ပျက်သလို ဖြစ်သွားပြီးမှ ရွှင်ရွှင်ပြုံးသွားကာ . . .

"ဟင်း. . ဟင်း ကိုကိုသော်တို့က ပြောရော့မယ်၊ ကဲ . . နေနှင့်ကြဦးနော်. . သမီးလေး ခု လာပါလိမ့်မယ်"

ဒေါ်လေးခင် ထွက်သွားသည်ကို စံသင်းက ပြုံးရွှင်စွာ ကြည့်နေရာ ဘိုဒွန်းက မျက်လုံးပြူး၍ . . .

"အလဲကွယ့် ကိုယ့်လူ . . သွက်မဲ့သွက်လွန်းတော့ ကိုယ့်လူစကားက ယောက္ခမလောင်းကြီးကိုတောင် သွားချိတ်မိသလို ဖြစ်နေပါလားဟဲ့. . ကိုယ့်လူရဲ့. . . ကြည့်လုပ်နော်. ."

ဤသို့နောက် ဘိုဒွန်းနှင့် စံသင်းတို့၏ စားပွဲသို့ ဧည့်သည်များ တစ်သုတ်ပြီးတစ်သုတ် ဝမ်းသာအားရနှင့် လာရောက် နှုတ်ဆက်ကြလေရာ စံသင်းမှာလည်း ဘိုဒွန်း၏ အကူအညီဖြင့် အလိုက်သင့် ပြန်လည်ပြောဆိုခြင်းဖြင့် အခြေအနေမှာ အဆင်ပြေ၍ နေတော့၏။

ဘိုဒွန်းတို့ စားပွဲတွင် လူရှင်းသွားခိုက် ဟိုစားပွဲ ဒီစားပွဲသို့ ကူးသန်းပြီး လိုက်လံနှုတ်ဆက်နေသော ဒေါ်လေးခင်သည် ဘိုဒွန်းတို့၏ မလှမ်းမကမ်းသို့ ရောက်အလာတွင် ဘိုဒွန်းအားခေါင်းညိတ်ခေါ်လိုက်သဖြင့် ဘိုဒွန်းက ရုတ်တရက် ထသွားတော့သည်။





ဤအဖြစ်ကို မြင်လိုက်ရသော စံသင်းမှာ ရုတ်တရက် မျက်လုံးမျက်ဆန်ပြူး၍ တစ်ယောက်တည်းကျန် နေလေတော့၏။

ထိုစဉ်တွင် ခပ်ရွယ်ရွယ် လုံမငယ်နှစ်ဦးတို့သည် မမျှော်လင့်ဘဲ စံသင်းအနားသို့ ရောက်လာပြီး စံသင်းအား . . .

"ဟဲလို . . . အစ်ကိုသော်၊ ဟောင်းအာယူ"

စံသင်းမှာ ပြူးပြူးပြာပြာနှင့် . . .

"ဟင်း ဟင်း. . . ဟုတ်ကဲ့. . အဲ. . ."

သွက်လက်ပုံ ပိုရသော အငယ်မကလေးက စံသင်း၏ လက်မောင်းတစ်ဖက်ကို ရင်းရင်းနှီးနှီး ဆွဲလှုပ်လိုက်ပြီး . . .

"အိုး . . . အစ်ကိုသော် . . . ဘာဖြစ်နေတာလဲ၊ ဘာကြောင်နေတာလဲ၊ ကြည့်စမ်း. . . ဟင့်. . . ဘာလဲ ဖောရိန်းက ပြန်လာတယ်ဆိုပြီး ဒီကလူတွေနဲ့ မတန်ဘူးဆိုပြီး မာနကြီးနေသပေါ့လေ၊ ဟင်း. . ဒီလိုသာဆိုရင် ပေါင်တွင်းကြောကို စုံဆွဲလိမ်ပစ်လိုက်မယ် သိလား"

စံသင်းကမူ ကြောင်ကလုကလုနှင့် ရယ်ရမလိုငိုရမလို မျက်နှာကြီးဖြင့် "ဟင်း . . . ကြီးပါဘူး ကြီးပါဘူး၊ ဟဲ. . ဟဲ. . ဟင်း"

စံသင်းသည် ငါတော့ဖြင့် မိုးလုံလေလုံချောက်ကျလေပြီဟု အောက်မေ့မိလေ၏။ သွားကြီးဖြဲလျက် တစ်ချက်တစ်ချက်ဘိုဒွန်းအား ဒေါသထွက်စွာနှင့် လှမ်းကြည့်လိုက်သည်။ ဘိုဒွန်းကတော့ သူတို့အဖြစ်အား လုံးဝမသိဘဲကျောခိုင်းကာ ဒေါ်လေးခင်နှင့်စကားကောင်းနေ၏။

လုံမငယ်ကတော့ သည်အဖြစ်ကို မသိ။

စံသင်းမျက်နှာနားသို့ သူမျက်နှာကိုတိုး၍ အသံကို ကျိတ်ပြီး

"ဒါနဲ့ ဟိုညက အဖြစ်ကို မှတ်မိသေးလား၊ အဟင့် . . ဟင့် ဟိုညကလေ. . . တော်တော်လက်မြန်တဲ့ လူကြီး၊ အဟိ. . ကောင်မလေးကို . . . ဟီး"



www.burmeseclassic.com

www.burmeseclassic.com



စံသင်းမှာ မျက်လုံးကြီးပြူးသွားပြီးသည့်နောက် တဟဲဟဲနှင့် ရောရယ်နေရသည်။ ကိုကိုသော်က ဘယ်လိုများလက်မြန်ခဲ့လေသည် မသိ။

လုံမငယ်က တိုးတိုးတိတ်တိတ် ဆက်၍ . . .

"အမှန်က အစ်ကိုသော်သာ လက်နှေးလိုက်ရင်လေ. . ခင်ခင်မူလေးဟာ တန်းပေါ်က ချော်အကျပဲနော်၊ ကံကြီးပေလို့"

စံသင်းက ဒီတော့မှပဲ သက်ပြင်းကို ဖူးခနဲ ချလိုက်နိုင်တော့၏။ ဘိုဒွန်းကား ယခုအထိ မရောက်လာသေး။ လုံမလေးက စံသင်းကို ခပ်ညှုညှုနှင့် ကြည့်ပြီး . . .

"ဒါထက် အစ်ကိုသော် သိပလား၊ ခင်စောလှ အကြောင်းလေ"

လာပြန်ပဟဲ့ တစ်မျိုး။ စံသင်း မျက်လုံးပြူးရပြန်လေပြီ။

"ဘာဖြစ်လို့လဲ"

"လက်ထပ်လိုက်ပြီကော"

"ဩော် . . . ဩော်"

ကပြားမက မျက်နှာကို ရှုံ့လိုက်ကာ. . .

"ခက်တာက ဒီခင်စောလှရဲ့ ငနဲက ကပြားမျိုး ဖြစ်လို့ဆိုပြီး. . အဖေက သဘောမတူချင်ဘူး၊ အမှန်က သူ့အဖေ မှားတာပဲ၊ ဒီအကြောင်း အစ်ကိုသော် အသိဆုံးပဲလေ"

"ဟုတ်တာပေါ့ဗျာ. . . သူ့အဖေ မှားတာပေါ့၊ ကိုယ့်သမီးက ပါနေပြီဟာ၊ မပေးစားလို့ ဘယ်ဖြစ်မလဲ၊ ဟိုတုန်းက ကိုယ်လဲ ခဏခဏ ပြောပြောနေသားပဲ"

စံသင်းက ဒီတစ်ချီတော့ သူ့စကားကို ကြည့်၍ ခပ်တည်တည် ဟန်ကျပန်ကျ ရောလိုက်လေတော့ရာ ကပြားမလေးက မျက်လုံးကို ပြူးလိုက်၍ . . .

"ဘယ်တုံးက အစ်ကိုသော် ပြောလို့တုံး"





စံသင်းမှာ ကွက်ခနဲ မျက်နှာပျက်သွားပြီး မျက်လုံးပေကလပ်ပေကလပ်ကြီး ပြူးလျက် . . .

"အဲ. . . . အဲ ဟုတ်တယ်၊ ဟိုတုန်းကတော့ မပြောခဲ့ဘူး၊ နောက်မှ တဖွဖွ ပြောနေမိတာ"

"ထားပါတော့လေ စင်စစ်တော့လဲ အစ်ကိုသော်ရဲ့ ဒီကောင်မလေးဟာ ဆန်နီနဲ့ ဖြစ်တာ မမှားပါဘူး၊ ဆန်နီက လူကောင်းပါ၊ ဂျော်ဂျီနဲ့ မခွဲနိုင်တာလေးတစ်ခုပဲ ပြောစရာရှိတာ"

စံသင်းကလည်း ဘိုဒွန်းကိုသာ ကျိတ်မှိတ်၍ စိတ်တိုနေရင်းမှ ဒီနေရာတော့ ကြည့်ရောလိုက်ဦးမှဟူသော သဘောဖြင့် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး . . .

"ဟုတ်တာပေါ့ . . ဂျော်ဂျီက ဘယ်တော့မှ ကောင်းစားမှာ မဟုတ်ဘူး၊ သူ့အကျင့်ကို ဖျောက်မှ မဖျောက်နိုင်တာ"

ကပြားမကလည်း မျက်နှာဝင်းလက်သွားကာ . . .

"ဟုတ်တာပေါ့ ကိုကိုသော်. . . ဂျော်ဂျီ့အကျင့်က မိုးရေထဲမှာ တစ်ကိုယ်လုံးရွှဲအောင် လျှောက်ပြေးပြီးတော့ အိပ်ရာထဲ စွတ်စွတ်အိပ်ချင်တယ်"

စံသင်းမှာ ဟိုက်ခနဲ ပါးစပ်ပြဲသွားရပြန်၏။ သူ့အထင်က ဂျော်ဂျီမှာ လူတစ်ဦးတစ်ယောက် ဖြစ်မည်အမှတ်နှင့် လိုက်လျော၍ ပြောလိုက်မိခြင်း ဖြစ်သည်။ ယခု ကပြားမ ပြောလိုက်ခါမှ ဂျော်ဂျီမှာ လူမဟုတ်မှန်း သိရတော့သည်။

လူမဟုတ်လျှင် ခွေးသော်လည်းကောင်း၊ ကြောင်သော်လည်းကောင်း ဖြစ်မည်ထင်ရ၏။ ကြောင်ဖြစ်ဖြစ် ခွေးဖြစ်ဖြစ် အမြီးတော့ ပါရမည် ဖြစ်ရကား အလိုက်သင့် မမှားအောင် ဆက်ရောတော့မည် အကြံနှင့် စံသင်းက မျက်နှာလို မျက်နှာရ နှုတ်ခမ်းကို ချွန်းတွန်းတွန်း လုပ်လိုက်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့. . ဂျော်ဂျီက အိပ်ရာပေါ် တက်အိပ်ပြီးလဲ ငြိမ်ငြိမ်နေတာမဟုတ်ဘူး၊ အမြီးက တနန့်နန့် လုပ်နေတတ်သေးတော့. . ."

လုံမလေးမှာ အံ့အားသင့်ပြီး မျက်လုံးပြူးသွားကာ. . .

"အိုး . . . ဂေါ့ဒ်. . ဂျော်ဂျီက ဘယ်က အမြီးနန့်ရမှာလဲ အစ်ကိုသော်ရဲ့. . . ခွေးမှ မဟုတ်တာကြီး"

ကဲ မှတ်ကရောဟ။ စံသင်းမှာ ခတ်လိုက်သလိုလို တုန်လှုပ်သွားသည်။ ခွေးမဟုတ်ရင် ကြောင်ပေါ့။ ဘာပဲဖြစ်ဖြစ် ရက်ရက်စက်စက် ဆက်ရော ဆက်ဖြီးရမည်ဟု မျက်နှာကို ပြင်လိုက်ပြီး . . .

"အမြီးနှန့်လှုတယ်တော့ ဟုတ်ရိုးလားလေ၊ သူ့သဘာဝ ကြွက်တို့ ဘာတို့ ချောင်းတဲ့အခါမတော့ အမြီးလေးက. . ."

"အိုးဟိုးဘယ်ကလာ ဂျော်ဂျီ ကြွက်ချောင်းရမှာလဲ၊ ဟားဟား"

"အစာဝလို့ မချောင်းတောင်မှ သဘာဝအရ တစ်နေ့ ကြွက်ကိုတော့ . . . အဟဲ. . ."

"ဟား. . . ဟား. . . ဟား. . . ဂျော်ဂျီက ကြောင်မှ မဟုတ်တာ အစ်ကိုသော်ရဲ့၊ ဘယ့်နှယ် ကြွက်ချောင်းရမှာလဲ၊ ဂျော်ဂျီက မျောက်ပဲရှင့်၊ မျောက်က ကြွက်ချောင်းရတယ်လို့ ဟား. . . ဟား. . . ဟီး"

လုံမပျိုလေးက ပစ်ခတ်အူနှိပ်၍ ဟစ်ရယ်နေလေတော့ရာ စံသင်းမှာ သူခိုးလူမိသလို အိုးတိုးအတ ကြောင်ကန်းကန်းဖြစ်လျက် ခြေမြှောက်လက်မြှောက်နှင့် သွားဖြဲလိုဖြဲ၊ လက်သုတ်ပဝါ ကောက်ကိုင်လိုကိုင်နှင့် ဖြစ်နေတော့သည်။

လုံမပျို၏ရယ်သံကြောင့် လှည့်ကြည့်လိုက်သော ဘိုဒွန်းမှာ ၎င်းတို့ အခြေအနေကို မြင်သည်နှင့် တစ်ပြိုင်နက် မျက်လုံးမျက်ဆန်ပြူးသွားပြီး ဒေါ်လေးခင်အားလက်ပြကာ အနီးသို့ပြေးသွားလေတော့သည်။





"ဘာများ သဘောတွေ့နေကြတာလဲဗျ"

ဇောချွေးပြန်လျက် မအူမလည်ဖြစ်နေသော စံသင်းအား ကြည့်၍ ဗိုက်နှိပ်ရယ်နေသော လုံမက. . .

"ဟင်း. . . ဟင်း. . ဟင်း. . . အစ်ကိုသော်ကလေ မျောက်ကလေး ဂျော်ဂျီကို အမြီးနှန့်တယ်လို့ ပြောလိုပြော၊ ကြွက်ချောင်းတယ် ပြောလိုပြောနဲ့ ရယ်စရာကောင်းလိုက်တာ. . . ဩော်. . . ကျွန်မကို ခွင့်ပြုပါဦးနော်"

လုံမက ဆတ်ကော့လတ်ကော့နှင့် ထွက်သွားတော့မှပဲ ဘိုဒွန်းနှင့်စံသင်းတို့မှာ သက်ပြင်းချနိုင်ကြတော့သည်။

ထိုအခိုက် ဧည့်သည်များအကြားမှ ဖြတ်လျက် ခေတ်ဆန်စွာ ဝတ်စားထားသော ချောမောလှပသည့် မိန်းမပျိုလေးတစ်ယောက် စံသင်းတို့ စားပွဲသို့ သွက်လက်ဖျတ်လတ်စွာ လျှောက်၍လာသည်။

ဘိုဒွန်းက စံသင်းအား လက်ကုတ်၍ . . .

"ဟော့. . . ဟော့ ကိုယ့်လူ. . . ဟိုမှာ လာပြီ. . . အဲဒါ ကိုယ့်လူ ကြိုရမယ့် ကညာပေါ့၊ ပုပုခင်လေ"

စံသင်းမှာ မိန်းမပျို၏ အလှကို ငေးမောနေမိရာမှ ရုတ်တရက် လန့်ဖျပ်သွားတော့သည်။ ဧည့်သည်များအား ဟိုဟိုဒီဒီ လှမ်းနှုတ်ဆက်ရင်း မိမိတို့ထံ ပြုံးရွှင်ကာ ကြွကြွရွရွကလေး လျှောက်လာသော ပုပုခင်ဆိုသူကလေးမှာ တစ်ကြိမ်က ဗိုလ်ချုပ်ဈေးတွင် ပိုက်ဆံအိတ်ကျသွားသဖြင့် မိမိ ကြမ်းပိုးဘဝက အိတ်လိုက်ပေးခဲ့သော သူကလေး ဖြစ်နေတော့သည်တကား။

ထို့ကြောင့် စံသင်းမှာ ကြီးစွာကြွေမြှေဖျက်ကာ တုန်တုန်ယင်ယင်ဖြစ်နေရာ ဘိုဒွန်းက အံ့ဩစွာ ကြည့်ပြီး . . .

"ဟော့လူ. . . ဘယ်လိုဖြစ်နေတာလဲ၊ ခက်တော့တာပဲနော်၊ ဒီဟာ အရေးအကြီးဆုံး ကိုယ့်လူရဲ့. . . ကြိုးစားစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



စံသင်းမှာ လန့်စိတ်ဖြင့် မောဟိုက်နေတော့သည်။

ပုပုခင်က စံသင်းနဲ့ဘိုဒွန်းတို့ စားပွဲသို့ရောက်လာပြီး တောက်ပသော မျက်လုံးကလေးကို ဝင့်လျက် . . .

"ကျွန်မနဲ့ ကွဲကွာနေတဲ့ သူငယ်ချင်းမတွေ အိမ်ပေါ်မှာ ပြုံးပြီး ရောက်လာလို့ ခုမှလာပြီးတော့ နှုတ်ဆက်ရတာ ခွင့်လွှတ်ပါနော်၊ ဒါနဲ့ ကျွန်မဆီ ပို့လိုက်တဲ့ လက်ဆောင်တွေအားလုံးအတွက် ကျေးဇူးတင် လိုက်တာ"

ချစ်စရာ အပြုံးကလေးများဖြင့် ပုပုခင်က စံသင်းအား ကြည့်၍ ပြောလိုက်သည်။ မျက်နှာကို ဖုံးလိုဖုံး၊ ကွယ်လိုကွယ် ဖြစ်နေသော စံသင်းအား ဘိုဒွန်းက ခြေဖြင့်ဆတ်လျက်သတိပေးလိုက်မှ စံသင်းက ခပ်လျှိုလျှိုအသံဖြင့် . . .

"ဟုတ် . . . ဟုတ်ကဲ့"

"ဒီလက်ဆောင်တွေဟာ မြန်မာပြည်မှာ လုံးဝ မရနိုင်ဘူးနော်၊ နိုင်ငံခြားက တကူးတကန့် ယူလာပေးလို့သာပေါ့"

စံသင်းမှာ ကွက်ခနဲ မျက်နှာပျက်သွားရာမှ ပြုံးလိုက်ပြီး. . .

"ဟုတ် . . . ဟုတ်ပါတယ်"

ထိုအခိုက် မိန်းမပျိုနှစ်ယောက် ပုပုခင်အား သီချင်းဆိုခိုင်းရန် အတွက် အတင်းဆွဲခေါ်ကြလေရာ ပုပုခင်က စံသင်းအား အားနာစွာ ဖြင့်ကြည့်ပြီး မလိုက်ချင် လိုက်ချင်ဟန်ဖြင့် ပါသွားလေတော့သည်။

စံသင်းမှာ ဖြစ်ရပုံအတွက် ဒူးများ ဆတ်ဆတ်ခါကာ ဟင်းခနဲ သက်ပြင်းကြီးချလိုက်လေသည်။

သာယာကြည်အေးသော အသံလေးဖြင့် သီချင်းဆိုနေရာမှ ပုပုခင်က တစ်ချက်တစ်ချက် စံသင်းအား လှမ်း၍ လှမ်း၍ ကြည့် လိုက်တိုင်း စံသင်းမှာ နေရထိုင်ရခက်ပြီး မျက်နှာပျက်ပျက်သွားသဖြင့် ဘိုဒွန်းက သတိပေးရတော့၏။





ဤသို့ဖြင့် သောက်ကြစားကြ ပျော်ရွှင်စွာ သီဆိုကြရင်းဖြင့် ဧည့်ခံပွဲမှ ဧည့်သည်များ တစ်စတစ်စနှုတ်ဆက်ပြီး ပြန်ကုန်ကြလေရာ နောက်ဆုံးတွင် လူရင်းဖြစ်သော ဘိုဒွန်းနှင့်ကိုကိုသော်တို့သာ ကျန် တော့သဖြင့် ဒေါ်လေးခင်နှင့် ပုပုခင်တို့က ၎င်းတို့နှစ်ဦးအား ဧည့်ခန်း အတွင်းသို့ ခေါ်ယူဧည့်ခံလေတော့သည်။

"ဖြည်းဖြည်းပေါ့ ကိုကိုသော် . . ဒေါ်ဒေါ်ဖြင့် ဧည့်ခံရတာနဲ့ အတော်တောင်မောသွားတယ်၊ သမီးကော ပင်ပန်းသွားသေးလား"

ပုပုခင်က ချစ်စဖွယ် မျက်နှာလေးဖြင့် သူ့အမေနှင့် စံသင်း တို့အား လှမ်းကြည့်လိုက်ပြီး . . .

"သမီးတော့ ပျော်လွန်းလို့ မောရမှန်းတောင် မသိဘူး မေမေ၊ သူငယ်ချင်းတွေက နောက်လွန်းတာနဲ့ ကိုကိုသော်တို့နဲ့တောင် ကောင်း ကောင်း စကားမပြောရဘူး"

ဘိုဒွန်းက ကြားဝင်ပြီး . . .

"အားနာစရာ မဟုတ်ပါဘူး ပုပုခင်ရယ် . . ကိုကိုသော်တို့က မကြာခဏတွေ့နေရမယ့် လူရင်းတွေပဲ"

ပုပုခင်နှင့် စံသင်းမှာ မျက်နှာများ နီမြန်းသွားလျက် ခေါင်းငုံ့ သွားတော့သည်။ ဤအချက်ကို မြင်တွေ့လိုက်ရသော ဒေါ်လေးခင်က ကျေနပ်စွာ ပြုံးလိုက်ပြီး . . .

"ဒါပေါ့ ကျွန်မတို့တစ်တွေ ပျော်ပျော်ရွှင်ရွှင် မိသားစုသဘောနဲ့ စုစုဝေးဝေး ရှိကြဦးမှာပဲ၊ စည်းလုံးမှု ရင်းနှီးမှုဆိုတာ အရေးကြီးတယ် မဟုတ်လား ကိုကိုသော်"

"ကျွန်တော်ကတော့ ရင်းနှီးပြီးသားပါ ဒေါ်ဒေါ်"

စံသင်းက ကြောင်နေရာမှ ပါးစပ်ဦးတည့်ရာ လွှတ်ခနဲ ပြော ထည့်လိုက်သည်တွင် ပုပုခင်ကလည်း မခံချင်စိတ်ဖြင့် မျက်နှာလေး မဲ့ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်. . . ပုတို့ကလဲ ရင်းနှီးပြီးသားပါရှင့်"

အားလုံးမှာ တပြုံးပြုံးနှင့် ဖြစ်သွားကြသည်။

ဤတွင် ဒေါ်လေးခင်က လေးနက်သော မျက်နှာထားဖြင့်-

"ဘိုဒွန်းမလဲ အခုနေတော့ကာ ကိုကိုသော်ရဲ့ အမိအဖလိုပဲ ဖြစ်နေတော့တာပေါ့လေ .. အစစအရာရာ ကြည့်ရှုစောင့်ရှောက်ပါနော်"

ဘိုဒွန်းကလည်း ခေါင်းတညိတ်ညိတ်ဖြင့် . . .

"ဟုတ်တာပေါ့ ဒေါ်ဒေါ်ရယ်. . . သူ့မှာက မတ်မတ်မားမား အဖေလဲ ဆုံးရလေတော့၊ ကောင်းတိုင်ပင် ဆိုးတိုင်ပင် ကျွန်တော်ပဲ လူရင်းလို ဖြစ်နေတော့တာကိုး၊ တစ်ခါတစ်ခါလဲ ညီအစ်ကိုလို၊ တစ်ခါ တစ်ခါလည်း သားအဖလိုပေါ့၊ ဟား. . . ဟား. . သူနဲ့ကျွန်တော်က"

အားလုံးက ပြုံးရွှင်သွားကြသည်။ ထိုစဉ်တွင် ပုပုခင်က ကိုကိုသော်အား စေ့စေ့ကြည့်လျက် . . .

"ဪ . . . ဒါထက်လေ. . . ပုလေ . . ကိုကိုသော်နဲ့ သိပ်တူတဲ့လူတစ်ယောက်နဲ့ တွေ့ဖူးတယ်၊ အိုး . . သိပ်ကိုတူတာပဲ"

အားလုံးက ပုပုခင်၏ စကားကို စိတ်ဝင်စားစွာ နားထောင်ကြသလောက် စံသင်းမှာ မျက်စိမျက်နှာ ပျက်သွားလေတော့၏။

ဒါကို ဘယ်သူကမှ မရိပ်မိကြ။

"ပု . . . ပိုက်ဆံအိတ်ကျနေရစ်တာကိုလေ. . . အဲဒီ လူက ကောက်ရပြီး လိုက်ပေးတယ်၊ သူ့မျက်နှာကို ကြည့်ပြီး ပုဖြင့် သိပ်အံ့သြသွားတာပဲ"

ဘိုဒွန်းက မျက်နှာကို ရှုံ့မဲ့လိုက်ပြီး . . .

"နည်းနည်းပါးပါး ရုပ်ချင်းဆင်လို့နဲ့ တူတယ် ပုရယ်၊ ဘယ်က ကြမ်းပိုးမှုန်းမှ မသိတာ"

စံသင်းမှာ တွန့်၍ သွားသည်။





ပုပုခင်က ဘိုဒွန်းအား မကျေမနပ်ဖြင့် ကြည့်ပြီး . . .

"အို. . ဟုတ်မယ် မထင်ပါဘူး ရှင်. . . လူကောင်းသူကောင်း တစ်ယောက်ပါပဲ၊ ဒါကြောင့်မို့လဲ ငွေတွေ အများကြီးပါတဲ့ ပိုက်ဆံအိတ်ကို မရမက လိုက်ပေးတာပေါ့၊ မဟုတ်ဘူးလား ကိုကိုသော်"

ပုက စံသင်းအား လှမ်း၍ အကူအညီတောင်းသလိုမျိုး ပြောလိုက်သည်တွင် စံသင်းက ကြွေဆည်လိုက်ပြီး . . .

"ဟုတ် . . . ဟုတ်တာပေါ့ဗျ"

ကြွေမျက်လွှန်းနေသော စံသင်းအား ဘိုဒွန်းက အားမလို အားမရလူမသိအောင် လှမ်း၍ ပေါင်ကို ဆိတ်လိုက်ရာ စံသင်းမှာ ရုတ်တရက်ယောင်သွားပြီး အားခနဲ အော်လိုက်မိတော့သည်။

ဒေါ်လေးခင်နှင့် ပုပုခင်တို့လည်း အော်သံကြောင့် လန့်ဖျပ်သွားကြကာ . . .

"ဟင် . . . ဘာဖြစ်တာလဲ ကိုကိုသော်"

စံသင်းမှာ ကြောင်စီစီနှင့် အိုးတိုးအတ ဖြစ်နေရာမှ ဘိုဒွန်း၏ နှာခေါင်းအား လက်ညှိုးထိုးပြပြီး . . .

"အို . . . အယ် . . ဟို. . ဟို. . အိမ်မြှောင်မှတ်လို့"

"အို . . . ကိုကိုသော်ကလဲ နောက်ရော့မယ်"

အားလုံး နှစ်မြို့က်စွာ ရယ်မောကြသည်တွင် ဘိုဒွန်း၏ မျက်နှာကြီးမှာ ထိတ်ပြုံးကလေး ပြုံးသွားရလေတော့သတည်း။

❁❁❁

www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၄)

နှုံးပိတ်ရက် ဖြစ်သည့်အပြင် ရာသီဥတု သာယာသော ညနေခင်းလည်း ဖြစ်သည့်အလျောက်. . ရန်ကုန်ဆိပ်ကမ်းမှာ အပန်းဖြေလေညင်းခံလာသူများနှင့် စည်ကား၍နေတော့၏။

ရန်ကုန်မြစ်အတွင်းမှာလည်း ကျောက်ချရပ်နားလျက် ကုန်များတင်ချနေသော ပင်လယ်ကူး သင်္ဘောကြီးများ၊ ဥဒဟို သွားလာလျက်ရှိသော မော်တော်သင်္ဘောငယ်များနှင့် ၎င်းတို့အကြားတွင် လှိုင်းဟုန်ကိုစီးလျက် ကူးခတ်နေကြသော ငှက်လေှသမ္ဗန်တို့မှာ ရှုမငြီးနိုင်အောင်ရှိကြတော့သည်။

စင်ရော်ငှက်ကလေးများ ခြံရံလျက် ရန်ကုန်မြစ်အတွင်း စုန်လိုက်ဆန်လိုက်ဖြင့် ကူးသန်းနေသည့် အပျော်စီး မော်တော်ကလေးတစ်စီး၏ ဦးပိုင်း၌ကား စံသင်းနှင့် ပုပုခင်တို့ ဖြစ်ကြ၏။

ဘိုဒွန်းက လက်တို့ခေါ် သွား၍ ဒေါ်လေးခင်သည် မော်တော်တွင်းရောက်နေ၏။ ဘိုဒွန်းနှင့် ဒေါ်လေးခင်တို့မှာ မော်တော်ဝမ်းခန်းထဲ၌ အေးအေးလူလူ စကားကောင်းနေကြရာ စံသင်းနှင့် ပုပုခင်တို့သာလျှင် မော်တော်ရှေ့ပိုင်းအပြင်၌ စင်ရော်ငှက်ကလေးများအားအစာကို ပစ်၍ကျွေးရင်း လိုက်ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စင်ရော်ငှက်ကလေးများအား ကျွေးသော ဘီစကစ်မုန့်ချပ်များ ကုန်သွားလေတိုင်း စံသင်းက ဂရုတစိုက်ဖြင့်ယူ၍ ပုပုခင်လက်ထဲသို့ ထည့်ပေး၏။ ပုပုခင်က ခုန်ပျံစားသောက်နေကြသော စင်ရော်လေးများကို ကြည့်ရင်း အရွှင်ကြီးရွှင် အကျေနပ်ကြီး ကျေနပ်နေလေတော့သည်။

ပုပုခင်သည် အနားသို့ မမီ့တမီ ကပ်လာသော စင်ရော်ကလေးများအား အသည်းတယားယားဖြင့်. . လှမ်း၍ လှမ်း၍ ဖမ်းနေလေတော့ရာ တစ်ချိန်တွင် အားလွန်ပြီး မြစ်တွင်း ထိုးကျသွားတော့မည့် အဖြစ်တွင် စံသင်းက အထိတ်တလန့်ဖြင့် ကမန်းကတန်း ပုပုခင်၏ ကိုယ်လေးအား လှမ်းဆွဲပြီး ဖက်ထားလိုက်မိတော့သည်။

ပုပုခင်မှာ လန့်စိတ်ဖြင့် ကြောက်လွန်း၍ ကိုယ်ကလေး တုန်နေရှာ၏။ ပြီးနောက် စံသင်းအား မျက်လုံးကလေးပြူး၍ မော်ကြည့်လိုက်မိလေသည်။

ထူးခြားသည့် အတွေ့လိုလို ဘာလိုလိုကြောင့် နှစ်ဦးစလုံး ကြောင်နေမိရာက နောက်မှ သတိရပြီး ဖျတ်ခနဲ ကိုယ်ချင်းခွာလိုက်မိ၏။ ပုပု ခင်က ရှိုးတိုးရှန့်တန့်ဖြင့် စံသင်း၏မျက်နှာက အိုးတိုးအတဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတော့သည်။

စံသင်း၏ ဖြစ်ပုံကို ကြည့်ကာ ပုပုခင်ခမျာမှာ ရယ်ချင်စိတ်ကို အနိုင်နိုင်ချုပ်တည်းလျက် စကားမရှိ စကားရှာပြီး . . .

"ပုဖြင့် ရင်ထဲမှာ အေးခနဲ ဖြစ်သွားတာပဲ၊ ကျေးဇူးတင်လိုက်တာ"

စံသင်းက ပြုံးဖြီးဖြီးကြီး လုပ်လျက်. . .

"အဟီး. . . အဟင်း. . . ဒီက . . . ဒီက ပုထက်တောင် ပိုပြီး ရင်တုန်သွားမိတာ . . . ဟီး"

ပုပုခင်က မျက်နှာလေး နီပြီး ခေါင်းငုံ့သွားတော့သည်။





ထိုနောက် လက်ကလေးနှစ်ဖက်ကို ရင်ဘတ်ပေါ် ယှက်လိုက်ကာ ပခုံးလေးကို တွန့်လိုက်ပြီး . . .

"ပုဖြင့် ချမ်းလို့ကြက်သီးတောင်ထလာပြီ၊ လာ. . မေမေတို့ဆီ သွားစို့နော်"

ပုက ရှက်ကန်းကန်းလေးဖြင့် လစ်ရာ စံသင်း ကြောင်နေရာက ခြေလှမ်းပြင်လိုက်သည်။ မော်တော်တွင်း၌ ဘိုဒွန်းနှင့် စကားကောင်းနေသော ဒေါ်လေးခင်ဘေးသို့ ပုက ပင်ထိုင်လိုက်ပြီး . . .

"မေမေ. . . ကံကောင်းလို့ ပုလေ . . ခြေချော်ကျမလို့ . . ကို ကို. . ကိုကိုသော်ရယ် လှမ်းဆွဲလိုက်ပေလို့သာပေါ့၊ ပုဖြင့် ရင်ထဲမှာ အေးခနဲ နေသွားတာပဲ"

မျက်လုံးကလေး ဝိုင်းနေသော ပုပုခင်အား ဒေါ်လေးခင်က အလန့်တကြား ကြည့်ကာ ရင်ဘတ်ကို လက်ဖြင့် ဖိလျက် . . .

"ဟယ် . . . ငါ့ ရင်တုန်လိုက်တာ၊ ဘုရား . . . ဘုရား၊ မသေကောင်း မပျောက်ကောင်း၊ ကျေးဇူးတင်လိုက်တာ ကိုကိုသော်ရယ်၊ သမီးဟာ ကိုကိုသော် ကယ်တဲ့ အသက်ပဲ ရှိပါကလား"

စံသင်းသည် ပြုံးဖြီးဖြီး ဖြစ်နေလေသည်။

▮

စံသင်းမှာ ပုပုခင်နှင့် နှီးစပ်ခဲ့သော အတွေ့ထူးတွေကြောင့် စိတ်များ ကယောင်ချောက်ချား ဖြစ်လျက် ညက တော်ရုံနှင့် အိပ်မပျော်ဘဲ ဖြစ်ခဲ့သဖြင့် ယခုနံနက် နေမြင့်သည့်တိုင်အောင် အိပ်မောကျဆဲ ရှိနေသေးတော့၏။

နံနက်ခင်း လမ်းလျှောက်ရာမှ ပြန်၍လာသော ဘိုဒွန်းသည် စံသင်း၏ အိပ်ခန်းတံခါးဆီအား အသာလှပ်၍ ချောင်းကြည့်လိုက်ရာ အိပ်မောကျနေသော စံသင်းအား တွေ့လိုက်သည်တွင် ကျေနပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်ပြီးနောက် မိမိအခန်းဘက်သို့ ခြေကို ဖော့နင်းကာ ကူးသွားတော့သည်။

တံခါးပွင့်လျက်ရှိသော မိမိအခန်းသို့ လှမ်းဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ပစ္စတိုတစ်လက်၏ ပြောင်းဝက မိမိအား အသင့်ဆီးကြို နေသည်ကို ရုတ်တရက် တွေ့မြင်လိုက်သည်တွင် ဘိုဒွန်းမှာ လန့်ဖျပ် သွားလျက် မွေးညင်းများ ထောင်သွားတော့သည်။

သေနတ်ကို ကိုင်ထားသူကား ဖုံကြီး ဖြစ်နေသည်။ ဘိုဒွန်းမှာ သက်ပြင်းကို ချလျက် မျက်မှောင်ကြုတ်လိုက်ပြီး . . .

"ဟော့ကောင် ချဲမှုပဲ၊ အရမ်းလုပ်မနေနဲ့ကွ၊ ခက်တဲ့ကောင်၊ အခန်းကြီးဖွင့်ပြီး သေနတ်ဆော့နေရလား၊ မင်းဘိုးအေ အသေးစား လေးက ဟိုဘက်ခန်းမှာ. . ."

ဖုံကြီးလည်း သေနတ်ကို ချကာ မျက်လုံးပြူးလျက် . . .

"ဟား . . ဆရာ မေ့လို့ ဆရာ၊ သေနတ်ကို တိုက်နေမိတာ"

ဖုံကြီးက ကပျာကရာ အခန်းတံခါးကိုသွားပိတ်လိုက်ပြီးနောက် ဆက်၍ . . .

"ဟိုနေ့က . . ဖျဉ်းမနားက ကောင်တွေလာရင်း ကျည်ဆန် သုံးဒါဇင်လောက် အချောင်ရလိုက်တယ် ဆရာ"

ဘိုထွန်းက ဖုံကြီးချထားသော သေနတ်ကို ကောက်ယူလျက် လက်ဖြင့် ဆ,နေရင်းက. . .

"ဟာ,ဟန်ကျလိုက်လေကွယ် ဖုံကြီးရယ်၊ ဒါထက် ဟော့ကောင် အောက်ထပ်က ကိုကိုသော့်အဖေကြိုက်လှတယ်ဆိုတဲ့ မင်းသမီးရုပ် စံသင်းအခန်းထဲရွှေ့ထားပြီးပြီလား၊ ဒါမှသူ့အဖေကို ချစ်ကြောင်းသရုပ် ပေါ်အောင် ညာဖို့ပေါ့ကွာ"

"ဟာ. . . ဆရာ မတွေ့ခဲ့ဘူးလား၊ အဲဒီ အရုပ်ကို ရွှေ့ထား ပြီးတာ ကြာပကော၊ ကိုစံသင်းကလဲ ဒီအရုပ်ကြီးကို ဦးရှမ်ရှေ့မှာ





ဟန်လုပ်လုပ်ပြီး ကြည့်လိုက်ရတာ အမောပဲ ဆရာရဲ့၊ ဟီး. . ဟီး. . ဒါနဲ့ ဆရာ့ငနဲလဲ တယ်ဟုတ်နေပါလား ဆရာ၊ ငနဲမက အဟုတ်ပဲ ကျနေပြီ"

ဘိုဒွန်းက ကျေနပ်စွာ ပြုံးလိုက်ပြီး . . .

"အေး . . . ဆရာကြံရင် ဘယ်ခံနိုင်မလဲကွ"

"ဟုတ်တယ် ဆရာ၊ တကယ့် ကိုကိုသော် အစစ်ဆိုရင်တောင် ဒီလောက် ခရီးပေါက်ချင်မှပေါက်မှာ"

"ဒါပေါ့ကွ၊ ခုဆို သူ့အမေကြီးကပါ မြန်မြန်တောင် ကိစ္စပြီးစေ ချင်နေပြီလေ၊ သူတို့ကတော့ ဒီသမက်ထူးလေးဟဲ့ဆိုပြီး အချိန်ကြာရင် လွတ်သွားမှာ စိုးရိမ်နေဟန်တူရဲ့ . . . ဟီး. . ဟီး. . ၊ အမှန်ကတော့ အကုသိုလ်ဝင်တာ မဟုတ်လား၊ တကတည်း ဝင်တာမှ အကုသိုလ် ကောင်ကြီးက အကောင်လိုက် ဘောင်းဘီဝတ်ပြီး ဝင်လာတာ မသိ ဘဲကိုး၊ ဟိုးဟိုး. . . ဟားဟား"

"အစစ်ပဲ ဆရာရေ၊ အကုသိုလ်အကောင်လိုက် ဘောင်းဘီ ကြီးနဲ့ ဝင်လာတာ ဟီးဟီး. . နို့ . . . ဒါနဲ့ ဆရာ. . ဆရာ့ငနဲလဲ သတိ ပေးလိုက်ဦးနော်. . . တော်တော်ကြာ အတွေ့များပြီး ဖသော ဖသနဲ့ ကိုယ့်ငါးများချိတ်ငနဲဟာ တကယ်ကြိုက်သွားလို့ ဟွန်း. . ပြဿနာရှင်း ရခက်ကုန်ဦးမယ်"

ဘိုဒွန်းမှာ မျက်မှောင်ကြုတ်သွားလျက် . . .

"အေး. . . ဒါ သတိထားစရာပဲ၊ မှန်တယ်၊ ဒါပေမယ့်. . ဒီလို အဖြစ် ခံနိုင်ရိုးလား ဖုံကြီးရ၊ ဒါတွေဟာ ဘာတွေလဲကွ"

ဘိုဒွန်းက ဟန်ပါပါနှင့် ဘေးနားတွင် ပုံထားသော ကျည်ဆန် များကို ကောက်ကိုင်လိုက်ရင်း ဇယ်ဆက်သလို ချွတ်ခနဲချွတ်ခနဲ မြည် အောင်လုပ်ပြီးနောက် လက်ဝါးကို ဖြန့်ပြလိုက်သည်။ ဖုံကြီး ကျည် ဆန်များကြည့်၍မျက်လုံးပြူးကာ လည်ပင်းရှည်ထွက်သွားလျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျည် . . . ကျည်ဆန်တွေ . ဒါတွေသုံးမလို့လား ဆရာ"

ဘိုဒွန်းက ခပ်ဟက်ဟက် ရယ်လိုက်ပြီး . . .

"ဟဲ ဟဲ . . . ဒါတွေ သုံးရမပေါ့၊ ပစ်ဖို့တော့ မဟုတ်ပါဘူး၊ ငနဲသစ္စာဖောက်ရင်လား၊ ဟင်း, ဟောဒီကျည်ဆန်တွေကို တစ်နေ့ကို သုံးတောင့် သုံးတောင့် အစိမ်းလိုက်ကို စေတနာ့ဝန်ထမ်း မျိုခိုင်းမယ်၊ ဒါပဲ ဟဲ ဟဲ ဟဲ"

ငံကြီးမှာ မျက်လုံးများ ပြူးရာမှ တဖြည်းဖြည်း မှေးလာကာ ပြုံးသွားလေတော့၏။

■

သာယာကြည်နူးဖွယ် ရှုခင်းရှိသော ကန်တော်မင် ပန်းခြံဝတွင် ပြောင်လက်နေသော ဆလွန်းကားလေးတစ်စီးသည် ညင်သာစွာ ထိုးဆိုက်လိုက်ပြီးနောက် ကားတွင်းမှ ကိုကိုသော် ဟန်ဆောင် စံသင်းနှင့်ပုပုခင်တို့ ပြုံးရွှင်စွာ ဆင်းလာကြလေသည်။

နှစ်ဦးစလုံးမှာ ကျေနပ်လှသော အသွင်ဖြင့် ပန်းခြံ၏အလှကို ငေးကြည့်လိုက်ကြပြီးနောက် တစ်ဦးနှင့်တစ်ဦး ပူးကပ်စွာယှဉ်၍ ပန်းခြံတွင်းသို့ စကားတပြောပြောနှင့် လျှောက်လာကြသည်။

ပန်းခြံတွင်း၌ကား ဇတ္တဲကိုယ်စီများဖြင့်လည်းကောင်း၊ တစ်ဦးချင်းသမားများဖြင့် လည်းကောင်း အေးအေးလူလူ သွားလာလျက် ရှိနေကြ၏။

စံသင်းတို့နှင့် ပုပုခင်တို့ ပန်းခြံတွင်း တစ်နေရာသို့ ရောက်လျှင် ခပ်လှမ်းလှမ်းမှ ဝပ်နေကြသော သူတောင်းစားနှစ်ဦးအနက် တစ်ဦးက နွားသံပါပါနှင့် ဆုတောင်းတစ်ပုဒ်ကို ရွတ်ဆိုလေတော့သည်။

"သာဓုပါ ခင်ဗျာ သာဓုပါ . . . ဤဒါန စိန်စေတနာကြောင့် စိန်ပဒေသာ စိန်မြေမှာ ထပေါက်လျက်၊ စိန်လက်ကောက်က စိန်ခြေ





ချင်း စိန်ရောင်စိန်ပြောင်လင်းပြီးလျှင်၊ စိန်ခါးစည်း စိန်ဒါလီ၊ စိန်နာရီ ကြိုးရှုပ်လို့မို့ . . ."

ဆုပေးသံကြား၍ စံသင်းက လှမ်းကြည့်လိုက်သည်တွင် မိမိ ရန်ကုန်ရောက်စက ဤပန်းခြံအတွင်း ဆုံရသော သူတောင်းစားအုပ်စု ထဲမှ ပေါ်အိုင်နှင့် စံပဲ ဆိုသူတို့ ဖြစ်နေကြောင်း မှတ်မိလိုက်တော့သည်။

ထိုစဉ်က ၎င်းတို့ အဖြစ်ကို သတိရလိုက်၍လည်း စံသင်းမှာ ပြုံးဖြဖြကြီး ဖြစ်သွားကာ ပေါ်အိုင်တို့ရှေ့ အရောက်တွင် စံသင်းက ငွေတစ်ကျပ်တန် တစ်ချပ်စီကို ထုတ်၍ ခွက်ထဲထည့်လိုက်သည်။

ပေါ်အိုင်မှာလည်း ငုံ့နေရာက ထူးထူးဆန်းဆန်း ကျပ်တန် တွေ့၍ အံ့အားသင့်လျက် မော်ကြည့်လိုက်သည်တွင် . . .

စံသင်းအား မှတ်မိသလို ဖြစ်သွားပြီး မျက်လုံးများ ပြူးလျက် သွားလေတော့၏။

ထို့နောက် ပုပုခင်သည် ပြုံးရွှင်စွာ စံသင်း၏ လက်ကို လှမ်းဆွဲ လိုက်လျက် ကြော့ကြော့မော့မော့ လျှောက်သွားကြလေတော့သည်။

စံသင်းတို့ စုံတွဲ ခပ်လှမ်းလှမ်းသို့ ရောက်၍သွားလေလျှင် ပေါ်အိုင်က ငွေတစ်ကျပ်ကို ကိုင်ကာ အံ့အားသင့်ပြီး ငိုင်နေသော စံဖဲအား လှမ်း၍ . . .

"ဟေ့ . . . ဟေ့ ဟိုကောင့်ကို မမှတ်မိဘူးလားကွ၊ ဒီကောင် အရင် တို့တွေ့ဖူးခဲ့တဲ့ ဘိုင်ငနဲမဟုတ်လား၊ ဘိုင်မှ ဘိုင်ခါလီ . . ကျွတ် ငနဲ"

စံဖဲက အံ့သြဟန်ဖြင့် . . .

"အေးကွ . . . အစစ်ပဲ . . . ငါ မှတ်မိပြီ"

"ဟာ . . . ဒါဖြင့် ဒီကောင် တယ်ဖြိုးနေပါလား၊ ဒီလိုကောင်နဲ့ မြာနဲ့ ဘယ်က ဘယ့်နှယ် ဘယ်အဖွဲ့ကပ်ပြီး ဂျမ့်ပရိုမိုးရှင်းနဲ့ အရှင် လတ်လတ် ကောင်းစားလာတာလဲ မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် လူလာနေသဖြင့် သူတောင်းစားနှစ်ဦးတို့လည်း စကားဖြတ်၍ ဣန္ဒြေဆည်လိုက်ကာ ဆုပေးကိုအော်ရွတ်နေတော့၏။

ကိုကိုသော် ဟန်ဆောင် စံသင်းနှင့် ပုပုခင်ကား ညနေ မှောင်စပျိုးသည်အထိ ရန်ကုန်မြို့ရှိ ထင်ရှားသော နေရာများသို့ တစ်နေရာပြီး တစ်နေရာသွား၍ အားမရနိုင်အောင် ရှိနေကြတော့သည်။

တိရစ္ဆာန်ရုံတွင်လည်း နှစ်ဦးတစ်တွဲတွဲနှင့် ပျော်မြူးခဲ့၏။

ပုပုခင်တို့ တိုက်ပုလေးရှေ့သို့ ကားထိုးဆိုက်လျှင်ဆိုက်ချင်း ကားမောင်းလာသော စံသင်းက သွက်လက်စွာဖြင့် ခုန်ဆင်းလိုက်ပြီးနောက် ပုပုခင်ဘေးမှ ကားတံခါးကို ဖွင့်ပေးလိုက်၏။

ထိုအပြုအမူကို ပုပုခင်က ချစ်စဖွယ် မျက်လုံးလေးဖြင့် စံသင်းအား ငေး၍ကြည့်လိုက်ပြီး ကားပေါ်မှ ဆင်းရင်း . . .

"ကိုကိုဟာလေ တကတည်း ပုမှာလဲ လက်နဲ့ပါတော်၊ ဟင်း ခုတော့ဖြင့် ယုယလိုက်တာ၊ နောက်တော့သာနော်"

ချစ်စဖွယ် ချိုလွင်လွင် မျက်နှာထားလေးဖြင့် ပြောနေသော ပုပုခင်ကို စံသင်းက အားမလိုအားမရဖြင့် ကြည့်နေမိပြီးမှ မိမိ၏ ဘဝအမှန်ကို တွေးလိုက်မိသော စံသင်းမှာ ရင်တွင်းမှ မချိတင်ကဲ ဖြစ်မှုကြောင့် ရုတ်တရက် မျက်နှာများပင် ပျက်သွားရတော့သည်။

နောက်မှ ကြိုးစား၍ ပြုံးလိုက်ရပြီး . . .

"ပု. . . ဟာလေ. တကယ်ပဲ အဟုတ် . . ဟင်း"

စံသင်းမှာ ကြိတ်မနိုင် ခဲမရဖြင့် ပုပုခင်၏ ပခုံးလေးနှစ်ခုကို သူ၏လက်ကြီးဖြင့် ဆွဲယူဖျစ်ညှစ်လိုက်မိတော့သည်။ နောက်မှ အံကို ကြိတ်လျက် စိတ်ကို အနိုင်နိုင်ထိန်းလိုက်ရပြီး ပုအား လွှတ်လျက် ကားပေါ်သို့ တက်ထိုင်လိုက်ကာ . . .





"ကဲ . . . ကိုယ် သွားမယ်နော် ပု. . . ဒေါ်ဒေါ်တို့လဲ အပြင် သွားကြတယ် ထင်တယ်"

"ဟုတ်တယ်. . . ဒါထက် ကိုကို ညနေ အားလားဟင်၊ လာခဲ့ဦးနော်၊ ကိုကိုကချည်း ဒရိုင်ဘာလုပ်လုပ် ပို့နေတာ၊ ပုကလဲတစ်လှည့် ပို့ပေးရဦးမယ်၊ ကိုကိုလဲ မိန်းမဒရိုင်ဘာ မောင်းတဲ့ကား ဘုရားတတပြီး စီးဖူးတယ် ရှိအောင်လေ"

စံသင်းမှာ သဘောကျစွာ ရယ်မော၍ ခေါင်းညိတ်လိုက်ပြီး ကားကို ညင်သာစွာ မောင်းထွက်သွားလေတော့သည်။

ပုပုခင်မှာလည်း လက်လေးပြလိုက် လျှာလေးထုတ်ပြလိုက်နှင့် ပြောင်စပ်စပ် မျက်နှာလေးဖြင့် ကျေနပ်စွာ ကျန်ရစ်ခဲ့လေ၏။

စံသင်း ပုထံမှအပြန် ကားမောင်းလာရင်း အတွေးတန်းကြီးသည် သီ၍ ပါလာလေသည်။ ပုပုခင်၏ ဖြူစင်သန့်ရှင်းသော စေတနာနှင့် တကယ့်ကိုကိုသော် အယောင်ဆောင်နေသော မိမိအပေါ် ထားရှိသည့် ချစ်မေတ္တာတို့ကို စံသင်းက ပြန်တွေးနေမိ၏။

သူ့ခမျာ ရိုးသားလွန်း၍သာလျှင် ကျားပါးစပ်ရောက်နေသော အဖြစ်ကို မသိရှာခြင်း ဖြစ်သည်ဟူ၍သာ စံသင်းက တစ်ထစ်ချ စွဲမှတ်နေမိတော့သည်။ ဤသို့ ရိုးလွန်းဖြောင့်မှန်လွန်း၍ပင် အပြစ်ကင်းမဲ့ သူလေးတစ်ဦးအား စံသင်းက ဘိုဒွန်း၏ အကြံအတိုင်း ပိုးစိုးပက်စက် မကြံရက်အောင် ဖြစ်နေမိပြန်တော့သည်။ သို့ပုပုခင်တို့ ရိုးသားလွန်း မှန်းသိလေလေ. . လှည့်စားလာခဲ့သည့် မိမိ၏အဖြစ်ကိုလည်း စိတ်မကောင်းမိလေဖြစ်နေမိ၏။ နောက်ဆုံး ဤ ရှုပ်ထွေးကောက်ကျစ်လှသော ဘိုဒွန်းတို့နှင့်တကွ ဖြောင့်မှန်သန့်ရှင်းလှသော ပုပုခင်တို့အား စွန့်ခွာ၍ တောသို့ပင် တိတ်တဆိတ် ပြန်ပြေးချင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

မိမိ၏ဘဝအခက်အခဲမှ ယာယီသက်သာ လွတ်မြောက်ရေး အတွက်သာ ကြည့်မိပြီး ဘိုဒွန်း၏ အကြံအစည်ကိုလက်ခံခဲ့မိသော်လည်း တကယ်တော့ ဤသို့သော မသမာသည့် နည်းဖြင့် ရရှိမည့် လာဘ်ကို စံသင်းသည် ရွံချင်လာလေပြီ။

စံသင်းမှာ မျက်နှာညှိုးငယ်လျက်ပင် ကားကို ခြံတွင်းထဲသို့ မောင်းဝင်ခဲ့မိသည်။ ထို့နောက် စိတ်မကောင်းလှသဖြင့် မည်သူနှင့်မျှ တွေ့ဆုံနှုတ်ဆက်ခြင်းမပြုတော့ဘဲ အိမ်ပေါ်သို့သာတန်း၍တက်သွားတော့သည်။ မိမိ အခန်းတံခါးကို ဖွင့်၍ ဝင်မည်အပြုတွင် တစ်ဖက်ခန်းမှ ထွက်လာသော ဘိုဒွန်းကို တွေ့လိုက်ရသဖြင့် မျက်နှာကို ကမန်းကတန်း ပြင်လိုက်ရသည်။

ဘိုဒွန်းက တွေ့ပုံရသွားကာ . . .

"ဟော့လူ . . . . ဘာဖြစ်လာတာလဲ၊ ငိုင်တိုင်တိုင်နဲ့ ဒီဟာကြီး တော့ တစ်ခုခု ညော်မိပြီထင်တယ်၊ ဒါမျိုးဆို မြုံမထားနဲ့နော်"

စံသင်းက မျက်နှာကို အတင်းပြုံးလိုက်ပြီး . . .

"ညော် . . ဘိုဒွန်း ဘာမှ မဖြစ်ပါဘူး၊ ဘယ်မှ မသွားဘူးလား"

"အိမ်ပုံစံတွေ ဆွဲနေရတာနဲ့ ဘယ်မှ မသွားဖြစ်ဘူးဗျ၊ ကျုပ်ကန်ထရိုက်ယူထားတာတွေလေ၊ နို့ ကိုယ့်လူကြီး အတော်ခရီးပေါက်နေပြီထင်တယ်၊ ဟဲဟဲ . . ဟဲ . . ဟဲ . . အခြေအနေ ကြည့်ရတာ တတွဲတွဲနဲ့"

စံသင်းက မျက်နှာ မည်းခနဲ ဖြစ်သွားရာမှ ကမန်းကတန်း ပြုံးလိုက်ရ၏။

"ကြိုးစားနော် ကိုယ့်လူ . . . ကြိုးစား၊ ဒါထက် တစ်ခုတော့ သတိထားဗျို့"

ဘိုဒွန်းက စံသင်းအနီးသို့ လျှောက်လာပြီး လေးနက်သော မျက်နှာထားနှင့် . . .





"ကိုယ့်လူ တစ်ခုတော့ သတိထားဆရာ၊ ကောင်မလေးနဲ့ ငြိဖို့ အလုပ်သဘော လုပ်ရင်းလုပ်ရင်းနဲ့ ကိုယ့်လူ တကတည်း ဒါရိုက်ဟာစ် ချစ်မိသွားလို့ ကုသရ ခက်နေပါဦးမယ်"

စံသင်းသည် သိသိသာသာ မျက်နှာမည်းသွားပြီး . . .

"အာ . . ဘိုဒွန်းကလဲ ကျွန်တော် သိပါတယ်"

ထိုအခိုက် ဦးရှမ်က အိမ်ပေါ်တက်လာပြီး ပစ္စည်းတစ်ခုကို လာယူသဖြင့် သူတို့နှစ်ဦးစကားများကို ဖြတ်လိုက်ကြရသည်။

ဘိုဒွန်းသည် ဦးရှမ်ဘက် မျက်နှာအလှည့်လိုက်တွင် စံသင်း၏ ဟန်ဆောင်နေရသော မျက်နှာမှာ ပြုံးရာမှ ညှိုးကျသွားလေတော့သည်။ ဤအဖြစ်ကို လှေကားပေါ်မှ အမှတ်တမဲ့ တက်လာမိသော ဖဲကြီးက မြင်လိုက်သဖြင့် ဖဲကြီးမှာ စူးစိုက်ကြည့်လျက် အံ့အားသင့်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၁)

ရန်ကုန်မြို့၏ ညတစ်ည။

ဥဒဟိုသွားလာနေကြသော ကားတန်းကြီးများအတွင်း အမိုးဖွင့်ဆလွန်းကားလေး တစ်စင်းပေါ်ဝယ် ရွှင်ပြုံးကျေနပ်သော အသွင်ကိုဆောင်လျက် ကားမောင်းလာသူ မိန်းမပျိုတစ်ဦးနှင့် ဘေးမှ ယှဉ်၍ ထိုင်လိုက်လာသော ယောကျ်ားပျိုတို့၏ ဘက်ညီလှသော စုံတွဲအားမြင်ရသူအပေါင်းတို့က သခင်လည်ပြန်လုအောင်ပင် ကြည့်ရသည်ချည်း ဖြစ်တော့သည်။ သူတို့ကား စံသင်းနှင့် ပုပုခင်တို့တည်း။

စံသင်းနှင့် ပုပုခင်တို့ စီးနင်းလာသော ကားလေးမှာ အေးချမ်းသောလမ်းကလေးမှ အင်းလျားဆီသို့ မောင်းလာကြ၏။အင်းလျားစောင်းတွင် အရပ်လိုက် ကားပေါ်မှ ရွှင်မြူးစွာ ခုန်ဆင်းလိုက်သည့် ပုပုခင်မှာ သွက်လက်လျက်ရှိသလောက် စံသင်းမှာ မူကား သိသိသာသာကြီးပင် ငိုင်တိငိုင်တိုင်ကြီး ဖြစ်နေသည်။

စံသင်းသည် ရေပြင်ကြီးကိုသာ အဓိပ္ပာယ်မရှိ ငေးကြည့်နေမိလေတော့သည်။ဒါကိုတွေ့လျှင် ပုပုခင်က နှုတ်ခမ်းလေးကို တင်းတင်းစေ့လျက် မျက်ခုံးကို ချီလိုက်ပြီးနောက် . . .

"အိုး. . ဘယ့်နှယ်ဆရာကြီးရဲ့ ငိုင်လှချေလား၊ ဟား. . ဟားချစ်ဒုက္ခရောက်နေ မှတ်တယ်"

စံသင်းမှာ ရုတ်တရက် အိပ်ရာမှ လန့်နိုးသူကဲ့သို့ ကြောင်တိကြောင်တောင် ဖြစ်သွားပြီးမှ အလျင်အမြန် ပြုံးလိုက်ရာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . . ပုကဖြင့်လေ . . . ကတည်း လန့်သွားတာပဲ"

ပုပုခင်က စံသင်းအား ရွှန်းရွှန်းစားစား ကြည့်လိုက်ပြီးနောက် စံသင်း၏ရင်ခွင်တွင်းသို့ ကိုယ်လုံးလေးကို ပစ်၍မှီလိုက်၏။ ၎င်းနောက် နှစ်သိမ့်ကြည်နူးလှသော မျက်နှာလေးဖြင့် အင်းလျား၏သာယာသော ရှုခင်းများကို ကြည့်နေတော့သည်။ စံသင်းကတော့ ပုပုခင်၏ကိုယ်လေးကို အလိုက်သင့်ဖက်ထားသည်။

သူ့မျက်နှာမှာ စိတ်မကောင်းဟန်များ ပေါ်လွင်၍ နေ၏။

ပုပုခင်က စံသင်း၏ ရင်ခွင်းတွင်းမှနေ၍ ရှပ်အင်္ကျီကြယ်သီး တစ်လုံးကို ကယုကယင်ဖြင့် ပွတ်သပ်ကစားနေရာမှ ကန့်ကလျ အသံလေးဖြင့် . . .

"ရင်ထဲရှိတဲ့ အတိုင်းပါပဲ ကိုကိုရယ်၊ ပုတို့ကတော့ ချစ်လဲလုံးလုံး၊ မုန်းရင် လျှားလျှားဆိုတာမျိုးပဲ ကိုကို၊ ပရိယာယ် မရှိဘူး၊ အပိုအဆီးအတား ဟန်ပန်တွေ မရှိ၊ ချစ်တာပဲ သိတယ် . . သိလား"

စံသင်းကတော့ မိမိ၏ရင်ခွင်တွင် ကျောမှီကာ ပြောဆိုနေသော ပုပုခင်၏စကားများကို ကြားလိုက်တိုင်း အသည်းနှလုံးကို အပ်ဖျားကလေးများဖြင့် အဆွခံနေရသည့်အလား ရင်တွင်းမှာ နာကျင်လှတော့သည်။ စိတ်ထိခိုက်လေးလံလျက် ရှိသဖြင့် ပုပုခင်အားငုံ့ကြည့်ပြီး သက်ပြင်းချလိုက်မိ၏။

"ကိုကို . . . ဘာသက်ပြင်းချတာလဲ၊ လေးလိုက်တဲ့ သက်ပြင်းကြီးကလဲ. . အဟင်း . . နှစ်ပိဿာလောက်ရှိ ထင်ပါရဲ့. . အဟုတ်ပဲ အဟီး၊ တကတည်း. . ."

ပုက ပြောင်စပ်စပ်လေး ပြောလိုက်ရာ စံသင်းသည် သူ မှုပျက်လွန်းနေပြီလောဟု ကမန်းကတန်း ဟန်ပြင်လိုက်လျက် မိမိ၏ ပါးဖြင့် ပုပုခင်၏ခေါင်းမှ ဆံပင်များကို တယုတယ ပွတ်၍ပေးနေမိသည်။

ပုက မျက်နှာလေး အိုနေရာမှ . . .





"ပုတို့ကတော့ ကိုကိုရယ် စိတ်ထဲရှိတဲ့အတိုင်းသာ ပြောတတ်တာပဲ၊ ပုလေကိုကို့ကို ဘယ်လောက်ချစ်လဲဆိုတာ ကိုယ့်ဟာကိုယ် ဆန်းစစ်ကြည့်မိတယ်၊ လောကမှာ မေတ္တာဆိုတာ ပကတိ ကိုယ်ပိုင် အရေး ကိုယ်ပိုင်ကိစ္စ မဟုတ်လား ကိုကို၊ မေတ္တာကို ရောင်းလို့ ဝယ်လို့ ညှာယူ လို့ရသလား ကိုကို"

ပုပုခင်၏ စကားကြောင့် စံသင်းမှာ အလွန် စိတ်ထိခိုက်ကာ နေရထိုင်ရ ခက်သွားတော့သည်။ မျက်နှာပျက်လျက်ရှိရာမှ အသံကို အနိုင်နိုင်ထိန်းလိုက်ပြီး . . .

"ဘယ်ရမလဲ ပုရယ်"

"ကိုကိုနဲ့ဟာလေ စေ့စပ်ထားခဲ့ကြတာက တစ်ကိစ္စပဲ၊ ခုမှခုလို မေတ္တာတွေ ပုံအပ်ပြီး မေတ္တာမိုးတွေ စွေရဖို့ ဖန်လာပြန်တော့လဲ ဪ . . . ကိုကိုဟာ လောကမှာ ငါ့ကိုယ်ပိုင် မွန်မြတ်တဲ့ မေတ္တာကို အပ်ရမယ့် တစ်ဦးတည်းသော သူပါကလားလို့ တွေးတွေးပြီး အဟုတ် ကြည်နူးလိုက်တာ ကိုကိုရယ်"

စံသင်းကား ပို၍ စိတ်နာကျင်သွားမိလေသည်။

ဣန္ဒြေပင် ပျက်ကာ တုန်တုန်ယင်ယင် ဆို့နင့်နင့်ကြီး ဖြစ်လျက် သက်ပြင်းကို ချလိုက်မိပြန်၏။

ပုပုခင်က လန့်ဖျပ်သလိုဖြင့် စံသင်းဘက်သို့ ဖျတ်ခနဲ လှည့်တည့်၍. . .

"ဟော. . . ဟော . . . လာပြန်ပြီလား နှစ်ပိဿာလောက် သက်ပြင်းကြီး၊ ကိုကို ဘာဖြစ်နေလဲ၊ ဟိုနေ့တုန်းကလဲ ပုက ကိုကိုရယ် ပုတို့ လက်ထပ်ကြပါစို့လို့ ဆိုတုန်းကလဲ ဒီလိုပဲ သက်ပြင်းကြီး တချချ ဖြစ်နေတယ်၊ ဟင်း, ကိုကို ဘာဖြစ်နေလဲဆိုတာ ပု သိတယ်၊ လက်ထပ်ဖို့ အရေးဆိုတော့ ဘီလပ်က မမ ရှိလို့ . . သက်ပြင်းချနေရတာ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



စံသင်းမှာ လက်ကာ၍ ကြောင်တောင်တောင် ဖြစ်နေရာမှ . .

"ဟာ . . . ပုကလဲ . . . ပုကလဲ"

"ဒီကတော့ ဆရာရေ့ . . . ရှင်းရှင်းပဲပါတော်၊ ဘိလပ်က မမတို့လိုတော့ အချစ် ဖြူဖြူဖွေးဖွေးကြီး မဟုတ်ပေါင်တော်၊ ဒီမှာကတော့ အချစ်ညှိတိုတိုပဲ ဖြစ်ပါသတော့၊ ကဲ . . . ကဲလေ"

မျက်နှာလေး ချိုချိုချို ရန်တွေ့ကာ ပြောနေသော ပုပုခင်အား ကြည့်လျက် . . .

"ပုဟာလေ အဟုတ်ပဲ . . . ကတည်း"

ပုက ကိုယ်လေးကို မတ်လျက် ဆံပင်ကို ပြုပြင်လိုက်ပြီးနောက်

"ကိုင်း . . . ဒါဖြင့် ပြော . . ပြော၊ ဘာလို့ သက်ပြင်းကြီး တချချနဲ့ ကိုယ်တော်မြတ်ငနဲက ဖြစ်နေရသတုံး"

စံသင်းမှာ ဘာပြောရမှန်း မသိ ဘေးကျပ်နံကျပ် တွေ့နေရာမှ အတတ်နိုင်ဆုံး ဟန်ဆောင်ကာပြုံးလိုက်ရ၏။ ထို့နောက်မှ မိမိ၏ အဖြစ်ကို မပေါ် ရန် အတတ်နိုင်ဆုံး မုသာမာယာလုပ်တော့မည်ဟု . .

"အဲ . . . အဲဒါ . . ကိုယ်တို့အမျိုးက ချစ်ရင် သက်ပြင်းကြီး ချတတ်တယ် ပုရဲ့၊ အဲ . . . ခုလဲ ပုကို ချစ်လာလို့ သက်ပြင်းက မနေနိုင်မထိုင်နိုင်ဖြစ်ပြီး . . . ချ . . . ချ . . . သက်ပြင်းချ"

ပုက မျက်လုံးလေး လည်ထွက်သွားပြီး စံသင်းအား ဆွဲလိမ်လိုက်ကာ . . .

"တော်ပါ မဟုတ်တာ၊ ထူးထူးဆန်းဆန်း သက်ပြင်းချတတ်တဲ့ အမျိုးရယ်လို့ တကတည်းမှပဲ"

စံသင်းမှာ ရှုံ့မဲ့သွားရာမှ "ဒီမှာလေ ပု . . . ကျားများ ချစ်သူတွေ့ရင် ဘယ်လိုလုပ်လဲ သိလား"

ပုပုခင်က ကြောင်တောင်မျက်နှာလေးနှင့် ခေါင်းခါပြလိုက်သည်။





"ပါးစပ်ကြီးကို ဟောဒီလို ဖြဲပြီး ဟိန်း ဟိန်းနဲ့ အော်တယ်ပေါ့"

ပုက စံသင်း၏ ပြောင်စပ်စပ်မျက်နှာကြီးကို ကြည့်၍ တခစ်ခစ် ဖြစ်နေ၏။

"အဲ . . နွားများ ချစ်သူတွေ့ရင်တော့ ဟောဒီလို ဝတ်ထရိန်းနဲ့ အော်တော့တာပဲ"

စံသင်းက ပြောရင်းဆိုရင်း လက်နှစ်ဖက်ကို ချိုသဏ္ဍာန်လုပ်ပြီးနောက် ပုပုခင်၏ ခါးလေးကို လိုက်ကလိလေတော့ရာ ပုပုခင်မှာ တွန့်တွန့်ကလေး လူးသွားလေသည်။

"တော်ပါတော့ ကိုရွှေနသိုးကြီးရဲ့ . . . အူတက်လို့ သေရပါတော့မယ်၊ ကတည်း သူမို့ ကြံကြံဖန်ဖန်"

ပုပုခင်က စံသင်းအား မျက်စောင်းလေးထိုးကာ ပြောလိုက်၏။

"ပြီး ဆင်များ ချစ်သူတွေ့ရင်တော့လေ ဒိန်းဟိန်း . . ဒိန်းဟိန်း . . . နဲ့အော်ပြီး နှာမောင်းကြီးနဲ့ ဟောလို . . ဟောလို"

စံသင်းက လက်တစ်ဖက်ကို နှာမောင်းလို လုပ်ပြီး ပုပုခင်အား ဆွဲ၍ ပွေ့လိုက်လေတော့ရာ ပုပုခင်မှာ ဆတ်ကော့လတ်ကော့ ပါလာပြီးနောက် စံသင်း၏ရင်ဘတ်အား လက်သီးဆုပ်ကလေးဖြင့် ထုနေတော့၏။ ထို့နောက် စံသင်းသည် မျက်နှာကို ဟန်အတတ်နိုင်ဆုံး ဆောင်လိုက်ပြန်ကာ . . .

"ကဲ . . . ကြောင်များ ချစ်သူတွေ့ရင်ကော ဘယ်လိုလုပ်သလဲ သိလား"

"ညောင် . . . ဝမ် . . . ဝမ်" ဟု ကြောင်သံလုပ်၍ အော်ပြရင်း ပုပုခင်၏မျက်နှာလေးကို ချစ်စနိုးလေး ဆွဲလိမ်လိုက်ပြန်လေသည်။

ပုပုခင်သည် ကိုယ်လုံးလေး သိမ့်သိမ့်တုန်အောင် ရယ်မော ကြည်ရွှင်နေ၏။ နောက် ပုပုခင်သည် စံသင်း၏ ရင်ခွင်တွင် ပြုံးပြုံးကလေးမှေးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သာယာလှသော အင်းလျားညရှုခင်း ညို့ဓာတ်တွင် ပုပုခင်သည် ယစ်မူးဝေးမောသွားလေသည်။

စံသင်းသည် ပုမျက်နှာ ကွယ်သည်နှင့်ပင် အတင်း မူရာမာယာများထားရသော အပြုံးများ ပျောက်ကွယ်ကာ မှိုင်းမှုံ အငေးဖြင့် သက်ပြင်းကို ကျိတ်၍ ကျိတ်၍ ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

စံသင်းသည် ပက်လက်လှန်လျက် လက်မောင်းတစ်ဖက်ကို နဖူးပေါ်သို့ တင်ထားပြီးနောက် ပြူးကျယ်သော မျက်လုံးကြီးများဖြင့် ခြင်ထောင်မိုးကို အဓိပ္ပာယ်မရှိ စူးစိုက်ကြည့်မိသည်။ တစ်ခါ တစ်ခါလည်း အံကိုကြိတ်လျက် မျက်မှောင်ကြုတ်ပြီးနောက် လက်တစ်ဖက်မှ သောက်လက်စ စီးကရက်တိုကို ဖွာရှိုက်နေမိ၏။

စံသင်း၏ခုတင်ဘေးရှိ စားပွဲပေါ်တွင်ကား ပုပုခင်၏ ဓာတ်ပုံလေးက စံသင်းအား တကယ့်အသက်ဝင်နေသယောင် ပြုံးချိုတောက်ပစွာစိုက်ကြည့်နေမိသည်။ ဓာတ်ပုံပေါင်၌ကား စီးကရက်တိုများ ဆေးလိပ်ပြာများဖြင့် ဖွရရာ ကြလျက်။

မိမိကို တကယ်ထင်၊ တကယ်ချစ်ကာ ရိုးအ,လှသော ပုပုခင်လေးကို သနားစိတ်ဝေ။ မိမိ၏ ယုတ်မာမှု ဘဝကိုလည်းနာကြည်း။ စံသင်းမှာ ခံစားချက်များကြောင့် ရင်ထဲမှာ မချိလှပြီ။ နေမထိထိုင်မထိနှင့်အဓိပ္ပာယ်မရှိ ခေါင်းအုံးကိုဆွဲကာ ခြေရင်းဘက်သို့ ပေါက်လွှတ်လိုက်မိ၏။

ခေါင်းအုံးအောက်မှ ပေါ်လာသော စံသင်း၏ အမေဓာတ်ပုံကို မြင်လိုက်သည်ဆိုလျှင် စံသင်းသည် တုန်ခါသွားမိပြန်သည်။

ဓာတ်ပုံကို စိတ်မချမ်းမြေ့စွာ ကောက်ယူ၍ . . .





"မေမေ. . . ကျွန်တော်လူယုတ်မာ. . မေမေ"

စံသင်းမှာ ဓာတ်ပုံကို အသာအယာ အိပ်ရာအောက်သို့ ထိုးထည့်လိုက်ပြီးနောက် ရှေ့သို့ လှမ်းကြည့်လိုက်ရာ ပုပုခင်၏ ဓာတ်ပုံကို မြင်မိသည်ဆိုရင်ပဲ မိမိကိုယ်မိမိ လိပ်ပြာ မသန့်တော့သဖြင့် မကြည့်ရက်နိုင်တော့သည့်အလား အိပ်ရာပေါ်သို့ လှဲချလိုက်ပြန်သည်။

တစ်ဖက်ခန်းတွင်မူကား ဘိုဒွန်းမှာ သူ၏လုပ်ငန်းဖြစ်သော အဆောက်အအုံ ပုံစံစာရွက်များ စားပွဲပေါ်တွင် ပြန့်ကျဲလျက် အလုပ်ရှုပ်လျက် ရှိသည်။ အခန်းထောင့်တစ်နေရာမှ ဖုံကြီးသည် လက်တစ်ကမ်းသို့ရှိသော ခြောက်လုံးပြူးကို သတင်းစာနှင့် ဆွဲဖုံးလိုက်ရင်း . . .

"ဒါနဲ့ ဆရာ ကိုကိုသော်နဲ့ ကျွန်တော်တို့ အခန်းပြင်ဘက်နံရံမှာ ချိတ်ထားတဲ့ ရိုင်ဖယ်သေနတ်ပုံစံလေးကို ကျွန်တော် သိပ်သဘောကျတာပဲ ဆရာ၊ တယ်လှတာပဲ၊ သူတို့ ဒီမှာ ဘာလုပ် အမြဲထားတာလဲ မသိဘူး"

ဘိုဒွန်းက လက်ထဲမှ ခဲတံကို ချ၍ ဖုံကြီးဘက်သို့ လှည့်ကြည့်ပြီး. . "အဲဒါ ကိုကိုသော့်အဖေ အစီအမံတွေပေါ့ကွာ၊ အရေးပေါ် ရန်သူလာရင် ကြည့်လုပ်ဖို့ပေါ့၊ အလှထားတယ်လို့လဲ ဆိုနိုင်တယ်ပေါ့"

ဖုံကြီးက အံ့သြသွားဟန်ဖြင့် . . .

"အဘိုးကြီးကတော့ တော်တော် စေ့စပ်တာပဲ ဆရာ"

"အေး. . . သူဟာသူ စေ့စပ်ပြီး လုပ်ခဲ့တာတော့ မှန်တယ်၊ ဒါပေမယ့် ရန်သူက အပြင်ကမလာဘဲ အထဲဝင်အိပ်နေကြတာ ခက်တယ်၊ ဟားဟား မဟုတ်ဘူးလားကွ ဖုံကြီး၊ ဟား. . . ဟား. . ဟား"

နှစ်ဦးသား သဘောကျစွာ ရယ်မောလိုက်ကြ၏။

ပြီးနောက် ဘိုဒွန်းက မျက်မှောင်ကြုတ်၍ စံသင်း၏အခန်းဘက်သို့ မေးထိုးပြပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ . . ဟေ့ ဖုံကြီး ဒီငနဲက ဘယ်လိုလဲကွ၊ ငါတော့ စဉ်းစားရတောင်ခက်ချင်လာပြီ၊ ကောင်မလေးက သိပ်ကို ပါနေတာတောင်လဲ လက်ထပ်ဖို့ အဆင့်အထိ ရောက်အောင် မလုပ်သေးဘူး"

"ကျွန်တော်လဲ မပြောတတ်အောင်ပဲ ဆရာ"

"ဟုတ်တယ်ကွာ ဒီကောင်လုပ်ပုံက ဆင်ပြောင်ကြီး အမြီးကျမှ တစ်သလို ဖြစ်နေတယ်၊ အတစ်တော့ မခံနိုင်ဘူးဟေ့၊ ဘယ်နည်းနဲ့မှ မခံနိုင်ဘူး"

ဘိုဒွန်းမှာ မျက်နှာကြီး တင်းမာလာလျက် စားပွဲကို လက်သီးဖြင့် ခပ်အုပ်အုပ် ထုလိုက်၏။ ပြီးနောက် အခန်းပြင်ဘက်သို့ ထွက်လာပြီး ခြေသံ ခပ်ပြင်းပြင်းဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေတော့၏။

ထိုအခိုက် အခန်းတွင်းမှ မသာမယာ ညှိုးငယ်သော မျက်နှာဖြင့် ထွက်လာသော စံသင်းအား မြင်လိုက်ရာ ဘိုဒွန်းသည် မျက်နှာကို ရုတ်တရက် ချက်ချင်း ပြုံးပစ်လိုက်၏။ စံသင်းအနားသို့ လျှောက်သွားပြီး ပခုံးကို တစ်ချက်ပုတ်လိုက်ကာ . . .

"ဟေ့ . . . ကိုယ့်လူကြီး၊ ဘာလဲ မျက်နှာမကောင်းပါလား၊ ဟဲ ဟဲ . . တန်တော့ ကောင်မလေး ခေါက်လွှတ်လိုက်ပြီထင်တယ်၊ နေမကောင်းရင် ပြောနော်၊ ကိုယ့်ဆရာကို ပိုးမွှေးသလို မွှေးထားရတာ ဟား. . . ဟား"

စံသင်းကလည်း ကြိုးစားဟန်ဆောင် ပြုံးလိုက်ကာ . . .

"နေကောင်းပါတယ် ဘိုဒွန်းရဲ့၊ဘာမှ မဖြစ်ပါဘူး"

"ဘယ့်နှယ်လဲ ကိုယ့်လူ၊ အလုပ်အကိုင် အခြေအနေလေး"

စံသင်းက မျက်နှာကို ခပ်တည်တည်ထားလိုက်ပြီး"ကြိုးစားနေပါတယ်၊ ခရီးလဲ ပေါက်သင့်သလောက် ပေါက်ပါတယ်၊ အလုပ်က မလွယ်ဘူးလေ၊ အပျိုကို လင်ငယ်နေရတာ မဟုတ်လားဗျ"





ဘိုဒွန်းမှာ ပါးစပ်ကြီးပြဲလျက် မျက်လုံးများပြူးကျယ်သွားပြီး-

"ဘာ . . . အပျိုကို လင်ငယ်နေရတာ"

စံသင်းက မဲ့ပြုံးပြုံး၍ . . .

"နို့ . . . မဟုတ်ဘူးလား၊ ဒီအပျိုက အဆက်ကြီးနဲ့၊ အဲ . . သူ့အဆက် နိုင်ငံခြားသွားနေတုန်း မတရား နသားပါယားပြီး ကိုယ်က ဒီအပျိုကို အတင်းဝင် ပုံမှားကြိတ်နေရတာလေ၊ အဲ . . . အပျိုကို လင်ငယ်နေ နေရတာလေ"

ဘိုဒွန်းမှာ အတော်အောက်သွားဟန်နှင့် မျက်နှာပျက်သွား၏။ နောက်မှ ဣန္ဒြေဆည်ကာ ပြုံးလိုက်ပြီး . . .

"အင်း . . အင်း လင်ငယ်တော့ လင်ငယ်ပဲ၊ သို့သော် လင်ငယ်အတုလေး၊ ရွှေရည်စိမ် လင်ငယ်လေးလေ ဟား. . ဟား၊ ကိုယ့်ဟာကိုယ်လဲ လင်ငယ်အစစ်လို့ မထင်နေနဲ့ဦးဆရာ"

စံသင်းမှာ ထောင်းခနဲ ဒေါသထွက်မိကာ ဟန်မဆောင်နိုင်အောင်ပင် မျက်နှာများ တင်းမာသွားတော့၏။ နောက်မှ အနိုင်နိုင်စိတ်ကိုထိန်းလိုက်ရတော့သည်။ ဘိုဒွန်းကလည်း ဤအချက်ကို သတိပြုမိကာ မျက်နှာကို ပြင်ပြုံးလျက် ချော့မော့ဟန်ဖြင့် . . .

"ဒီလိုလေ ကိုယ့်လူရဲ့၊ ကိုယ့်လူ ညော်မိနေမစိုးလို့ ပြောတာပါ၊ ဟဲဟဲ . . . လောကမှာ ဒီလိုညော်မျိုးက အတော်ဆိုးတာကလား၊ ဒါကြောင့် သတိထားမိဖို့ ညော်နောက်ပါမသွားဖို့"

စံသင်းမှာ ဒေါသကြောင့် မျက်နှာထားမှာ တည်လျက် ရှိနေသည်။ "ဒီမှာ ဘိုဒွန်း . . . ဟိုတစ်ခါလဲ ပြောရပြီးပြီဗျာ၊ ကျွန်တော့်ကို ဒီလောက် အထင်မသေးပါနဲ့"

"ဒီလိုပါလေ ကိုယ့်လူကလဲ. . . "

စံသင်းမှာ စိတ်လှုပ်ရှားမှုများကြောင့် ဟန်ပင် လုံးဝမဆောင်နိုင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာဘိုဒွန်း။ ကျုပ်ဟာ လမ်းဘေး ကြမ်းပိုးပါ။ ဒါပေမယ့် သစ္စာရှိတဲ့ လူစားပါ။ (အသံပင် မာကျောပြီး) ဒီသူဌေး မုဆိုးမ သားအမိပိုက်ဆံကို မတရား ခုလို ကျွန်တော်တို့ ကြံစည်နေရာမှာ. . ."

စံသင်း၏ စကားကြောင့် ဘိုဒွန်း၏ မျက်လုံးများမှာ ဒေါသဖြင့်မီးဝင်းဝင်းတောက်သွားတော့သည်။

စံသင်း စကာမဆုံးမီပင် ဘိုဒွန်းက လက်တားလိုက်ပြီး . . .

"နေပါဦးလေ နေပါဦး။ ခင်ဗျားက ဒီလို ဖြစ်သွားပြီလား"

ဘိုဒွန်းက စံသင်း၏ မျက်နှာကို အေးစက်မာကျောသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ စံသင်းမှာ နှုတ်ခမ်းကို ကိုက်လျက်မျက်လုံးများက နံရံပေါ်တွင် ချိန်ထားသော ရိုင်ဖယ်သေနတ်သို့ပင်ရောက်သွားတော့သည်။ သူတို့နှစ်ဦး၏ ဒေါသသံများကို ကြားသဖြင့်ဖံကြီးသည် ခြောက်လုံးပြူးရှိရာ စားပွဲသို့ လက်လှမ်းထားသည်။

ထိုအခိုက်မှာပင် ကားတစ်စီး တိုက်ရှေ့ ဆင်ဝင်အောက်၌ ထိုးဆိုက်လိုက်သံ ကြားရပြီး သွက်လက်သော ခြေသံကို ကြားကြရ၏။ ခြေသံကြားရာသို့ သုံးယောက်သား လှမ်းအကြည့်၊ ကြော့ကြော့ရှင်ရှင်လေးလာနေသော ပုပုခင်ကို တွေ့ရလေသည်။ ပုပုခင်မှန်း သိလိုက်သည်နှင့် တစ်ပြိုင်နက် ဘိုဒွန်းနှင့် ဖံကြီးမှာ ရုတ်တရက် ဗီရိုကြီးရှိရာသို့ပြေးသွားပြီး ကြားတွင် ဝင်ပုနေကြတော့သည်။

ဒေါသခိုး ထနေသော စံသင်းလည်း ရုတ်တရက် မျက်နှာကိုပြုံးရွှင်ဟန် ပြုလိုက်ကာ . . .

"ဝေး. . ပု"

"ကိုကို"

ပုပုခင်မှာ စံသင်းအား မြင်လျှင်မြင်ချင်းပင် ဝမ်းသာအားရလေ့ကားပေါ် ပြေးတက်လိုက်၏။ ထို့နောက် စံသင်း ရင်ခွင်ထဲသို့ပြေးဝင်လိုက်ပြီး . . .





"ဘယ်သူမှလဲ မရှိကြပါလား ကိုကို၊ အားလုံး ခြောက်ကပ်လို့ပါလား"

စံသင်းမှာ ဘိုဒွန်းတို့ ဗီရိုနောက်ကွယ်တွင် ရှိနေမှုကြောင့် မလုံမလဲဖြင့် ကြောင်တက်တက် ဖြစ်သွား၏။ နောက်မှ ပုပုခင်၏ ပခုံးကလေးကို ယုယံဟန်ဖြင့် ဖက်လျက် မိမိအခန်းတွင်းသို့ အသာအယာပွတ်သပ်ခေါ်သွားသည်။

ဗီရိုနောက်ကွယ်မှ ဘိုဒွန်းနှင့် ဖံကြီးမှာ ကြောင်စီစီ မျက်နှာများနှင့် တစ်ဦးကို တစ်ဦး မျက်လုံး ပေကလပ် ပေကလပ်နှင့် ကြည့်နေ၏။ ထို့နောက် တိုးရှိုး ဆုတ်ရှိုးနှင့် ခွကျနေ၏။

ပုပုခင်မှာ စံသင်း၏ အခန်းတွင်းသို့ ရောက်လျှင် ရောက်ချင်းစံသင်းအား အငမ်းမရ ဖက်လိုက်ပြီး စံသင်း၏ မျက်နှာကို စူးစူးစိုက်စိုက်မော့ကြည့်လိုက်သည်။ ပြီးနောက် ရုတ်တရက် မျက်နှာကို ရင်ခွင်တွင်းအပ်လျက် ငိုချလိုက်တော့သည်။ စံသင်းမှာ မျက်လုံးကြီး အပြူးသားနှင့် ကြောင်၍နေသည်။ ဘိုဒွန်းတို့ဆီလည်း မလုံမလဲ လှမ်းကြည့်မိလေ၏။ ပုပုခင်က ခေါင်းကို မော့လိုက်ပြီး . . .

"ကိုကို . . . ကိုကို၊ ဘယ်နှုရက် ရှိပြီလဲ မလာတာ၊ ဟင်. . ဘာဖြစ်နေတာလဲ ကိုကိုရယ်. . ဟင်၊ ပုဖြင့် မျှော်လိုက်ရတာ၊ ဘာများစိတ်ကောက်သွားတာလဲ ကိုကိုရဲ့ . . . ဟင်"

ပုပုခင်မှာ စံသင်းအား ကလေးငယ်ကလေးပမာ ငိုချ၍ ပြောတော့သည်။ ဤသို့ ပုက ကလေးဆန်လွန်း ရိုးလွန်းလှ၍ပင် စံသင်းမှာခက်နေရသည်။

စံသင်းက ကြင်နာဟန်ဖြင့် ပုပုခင်၏ ခေါင်းလေးကို ပွတ်ပေးပြီးနောက် လေသံတိုးတိုးကျိတ်ကျိတ်ဖြင့် . . . .

"ဟဲ့. . . ဟဲ့ ဒီကလေးမလေးဟာလေ၊ ခက်တော့တာပဲ၊ ပုကလဲလေ၊ တကတည်း တိုးတိုး. . ."



www.burmeseclassic.com

www.burmeseclassic.com



“မတိုးနိုင်ဘူး မတိုးနိုင်ပါဘူး၊ ချစ်တဲ့ဥစ္စာကို ဘယ်သူ ရှိတာ မှတ်လို့”

ပုက တမင်ကျယ်ကျယ် လုပ်၍ ရန်တွေ့သံဖြင့် ပြောလိုက်ရာ စံသင်းက ထိတ်ထိတ်ပျာပျာနှင့် ပု၏ပါးစပ်လေးအား လက်ဝါးဖြင့် လှမ်းပိတ်လိုက်၏။ ဘိုဒွန်းတို့ ကြားမည်လောဟု မျက်လုံးကလည်း ကျယ်သွား၏။

ပုပုခင်က စံသင်း၏လက်ဝါးကို ဖယ်လိုက်ပြီး တိုး၍ တင်းကျပ်စွာဖြင့် ဖက်လိုက်ကာ . . .

“ဘာလို့ ဒီလောက် နေနိုင်ရတာလဲ ကိုကိုရယ်”

စံသင်းက ဟင်းကနဲ သက်ပြင်းချလိုက်မိသည်တွင် . . .

“ဟောကြည့်၊ ဟော . . . သက်ပြင်းချပြန်ပြီ၊ သူတို့ အမျိုးက သက်ပြင်းချမျိုး”

စံသင်းက ပုပုခင်၏ စကားမဆုံးခင် ဖြတ်၍ ဟန်အဆောင်နိုင်ဆုံးသော အပြုံးဖြင့် ကြိုးစားပြုံးထားပြီး . . .

“အို၊ ပုကလဲ ကိုယ်တို့အမျိုးက သက်ပြင်းချရုံတင် ဘယ်ကမလဲ၊ ချစ်သူနဲ့ တွေ့လိုက်ရင် ဟောဒီလို ဟောဒီလို. . .”

စံသင်းက လက်တစ်ဖက်ကို ဆင်နှာမောင်းလို လုပ်၍ ပုပုခင်အား တို့ကာဆိတ်ကာ ဖက်လိုက်လေတော့ရာ ပုပုခင်မှာ ထိုးထိုးထွန့်ထွန့်ဖြင့် တခစ်ခစ် ဖြစ်လာလေသည်။

ပုကား ကလေးမှ တကယ့်ကလေးပင်တကား။ ပုသည် စိတ်ပျော်သံလေးဖြင့် စံသင်း၏ ဆင်နှာမောင်းသဏ္ဌာန်လုပ်ကာ လိုက်တို့နေသောလက်ကို တွန့်တွန့်လေးရှောင်၍ . . .

“အို . . . ဘယ့်နှာလဲ၊ အဟင့် . . ဘယ့်နှာကြီးလဲ ကြည့်ပါလား၊ အဟင့်ဟင့် . . တော်ပါ ကိုဆင်ကြီးရယ်၊ အဟိ . . တော်ပါတော့ ကိုဆင်ကြီးရဲ့”





ပုပုခင်က ဟန်လုပ်၍ရှုံ့နှံ့ကာ ကိုယ်ချင်းခွာလိုက်ပြီးနောက် စံသင်းအားကြည့်လျက် မျက်နှာလေးကို ရှုံ့ပြလိုက်ပြီး . . .

“ညောင်ဝမ်ဝမ် . . . ညောင်ဝမ်ဝမ်”

ပုက တစ်ခါက သူတို့နှစ်ဦး အင်းလျားစောင်းတွင် နောက်ပြောင်ပြောဆိုခဲ့သော ကြောင်အော်သံ ဟန်ကလေးကို လုပ်ကာ ကြောင်လိုအော်လိုက်၏။

အပြင်တွင် ကြောင်ကလုလုဖြစ်နေသော ဘိုဒွန်းနှင့်ဖုံကြီးတို့မှာ ပု၏ကြောင်လိုအော်သံကြောင့် ဘုမသိဘမသိ အံ့အားသင့်ပြီးမျက်လုံးပြူးတူပြူသွားမိကြလေတော့သည်။ ထို့နောက် တစ်ဦးနှင့်တစ်ဦးလက်တို့ပြီး ခြေဖျားများ ထောက်လျက် အောက်ထပ်သို့ ကုန်းကွကွဖြင့် လစ်ကြသည်။

“ညောင်ဝမ်ဝမ်”

ပုက ထပ်နောက်၍ အော်ရင်း စံသင်းနှင့် ပုပုခင်တို့က တစ်ဦးနှင့်တစ်ဦး အကျေနပ်ကြီး ကျေနပ်လျက် တခစ်ခစ်နှင့် ရယ်၍မဆုံးဖြစ်နေကြသည်။ သို့သော် စံသင်း၏မျက်နှာကား ပုပုခင် မျက်လုံးလစ်သည်နှင့် သောကများဖြင့် ပြာဝေလျက် . . .

ပုမှာ တွန့်ကြေနေသော အကျႌမှ ကြယ်သီးများကို ပြင်တပ်နေရင်းက စံသင်း၏မျက်နှာကို စူးစူးလေး စိုက်ကြည့်ပြီး . . .

“ပြောစမ်းပါဦး ကိုကိုရယ်၊ ခုတစ်လော ဘာဖြစ်လို့ မလာတာလဲ ဟင်၊ ဘာတွေ အလုပ်များနေရလို့လဲ၊ ပုဖြင့်လေ ကိုကိုမလာလို့ မျှော်ရမောရ စိတ်ထိခိုက်ရတော့မှ သိလား၊ ကိုကို့အပေါ် ပုဘယ်လောက်ထိ အချစ်ကြီး ချစ်နေမှန်း သိရတော့တယ် ကိုကိုရယ်၊ ပုက ချစ်မှန်းသိလို့ တမင်ညှဉ်းချင်တာလား ကိုကို . . . ဟင်”

ပုပုခင်က စံသင်း၏ရင်ခွင်ကို ကန့်ကလျခေါင်းလေးဖြင့် ခွေ့ပွတ်၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စံသင်းမှာ ကြိတ်မနိုင် ခဲမရဖြင့်အောက်နှုတ်ခမ်းကိုကိုက်လျက် စိတ်အထိနိုက်ကြီး ထိခိုက်နေမိသည်။

ပုသည် စံသင်း၏ ရင်ခွင်တွင် မေးတင်ကာ ချစ်သူမျက်နှာကို စူးစူးလေးကြည့်ရင်း မျက်နှာလေး အို၍နေသည်။

"ကိုကို"

"ပု. . ."

ခပ်မှန်မှန် လေးနက်သော လေသံ . . .

"လက်ထပ်ကြပါစို့ . . ."

စံသင်း၏ မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်ကို သိလိုက်ရသဖြင့် ပုပုခင်မှာမျက်လုံးလေးလည်သွားတော့သည်။ ပုသည်ဆတ်ခနဲလည်း ထထိုင်လိုက်သည်။

ငါ၏ဟန်မဆောင်နိုင်အောင် ကွက်ခနဲ မည်းသွားသော မျက်နှာကို ပု ရိပ်မိသိရှိပြီ၊ ပု စိတ်ဆိုးပြီဟု စံသင်း တွေးမိပြီး ဖျတ်ခနဲ ထလိုက်ပြီး . . .

"ပု . . . ဟို . . . အဲ, ဒီလိုလေ. . ကိုယ် ရှင်းပြ . . ."

ပုသည် ဒေါကလေးနှင့်ရင်ခွင်ထဲမှဆတ်ခနဲခွာလိုက်ပြီးနောက် မို့မောက်နေသောရင်ကလေး နိမ့်ချည်မြင့်ချည်ဖြစ်အောင် ဒေါသအိုးကလေးပေါက်ကွဲကာ . . .

"ဘာလဲ ကိုကို၊ ဘာလဲဟင်၊ ဘာသဘောလဲ၊ ကိုကိုဟာလေ ပု. . လက်ထပ်ဖို့စကားစတိုင်း မျက်နှာပျက်ပျက်သွားတာက ဘာသဘောလဲ . . . ဟင်"

ပုပုခင်၏ ကိုယ်လုံးလေးမှာ တဆတ်ဆတ် တုန်ပင် တုန်လာသည်။ ခုတင်ပေါ်မှာပင် ဖျတ်ခနဲ ဆင်းလိုက်ပြီး . . . စံသင်းအား စေ့စေ့ကြည့်ကာ . . .

"ဘာသဘောလဲ ကိုကို၊ ဟင်, ကိုကို့ အမိပွာယ်က ရိုးရဲ့လား"





စံသင်းမှာ အလွန် ချောက်ချားသွားလျက် မျက်စိမျက်နှာများ ပျက်၍ . . .

"ဒီလို မဟုတ်ပါဘူး၊ ပု . . ပု . . . ဒီလို မထင် . . ."

ပုပုခင် ဒေါသကြားက မျက်ရည်များလည်၍ ကျလာကာ-

"တော် . . တော်ပါ ကိုကိုရယ်၊ တော်ပါ၊ နောက် ဘယ်တော့မှ ပု မပြောတော့ပါဘူး၊ အို. . . မြင်းကမလှုပ်ဘဲ ခုံက လှုပ်ရသလို ဖြစ်တာကိုပဲ ရှက်လှပါပြီ၊ တော်ပြီ ပုဟာလေ မိန်းမသားဖြစ်ရက်နဲ့ ထပ်တာလဲလဲ . . . အို . . . တော်ပါပြီ"

"မဟုတ်ပါဘူး ပု မဟုတ်ဘူး၊ ကိုယ် ပြောချင်တာက. ."

ပုပုခင် တစ်ကိုယ်လုံးတုန်လျက် ရှိုက်ရင်း အံကိုကြိတ်ကာ. .

"ရှက်လိုက်တာ ရှက်စရာ . . တော်ပါတော့. . တော်ပါရစေတော့ ကိုကိုရယ်. . . စိတ်ချပါ၊ ဒီစကားကို ပု. . မပြောတော့ပါဘူး၊ အို့. . ပုလဲ မလာတော့ဘူး၊ ကိုကိုလဲ ပုဆီ ဘယ်တော့မှ မလာနဲ့တော့ ကိုကို . . : မလာနဲ့တော့"

ပုပုခင်သည် မျက်ရည်များအား သုတ်ပစ်လိုက်ပြီးသည့်နောက် မာန်ဖြင့် လက်ပွေ့အိတ်ကလေး စွေ့ခနဲဆွဲယူပြီး အခန်းတွင်းမှ ဒေါသဖြင့် ဆောင့်ထွက်သွားတော့သည်။

စံသင်းမှာ ရုတ်တရက် မှင်တက်မိနေရာမှ စိုးရိမ်ထိတ်ပျာသွားပြီး ပုပုခင် နောက်သို့ လေးငါးလှမ်းမျှ လိုက်သွားမိပြီး . . .

"ပု . . . ပု. . . အိုး ခက်တော့တာပဲ . . ပု"

ပုပုခင်၏ တဒုန်းဒုန်းဖြင့် ဆင်းသွားသော ခြေသံများ၊ ကားတံခါးကို ဆောင့်၍ ပိတ်လိုက်သံနှင့် ကားကို တစ်ရှိန်ထိုး မောင်းထွက်သွားသော အသံများက စံသင်း၏ နှလုံးသားကို ဖျစ်ညှစ်ချေမွသွားသြဘိသည့်အလား ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စံသင်းသည် အိပ်မပျော်သော ည၏ ဘ၀ကို တွေ့ကြုံကျော်လွန်နေရပြီ။

ပုကိုလည်း မိမိအဖြစ်မှန်ကို အလွန်ပြောရခက်၊ ဘိုဒွန်းတို့ကလည်း တစ်ဖက်။ ရန်ဖြစ်ပြီးသည့် အချိန်မှစ၍ ဘိုဒွန်းတို့ကလည်း စံသင်းကို မသက်ာစိတ်အပြည့်ဖြင့် မျက်ခြည်မပြတ် ကြည့်ကြပြီ။

နောက်တစ်နေ့ တစ်နေ့လုံးလိုလိုပင် စံသင်းသည် မိမိ၏ ဘ၀အဖြစ်ကို စဉ်းစား၏။ ကြိတ်မနိုင် ခဲမရဖြစ်လေတိုင်း တွေ့ရာ စာအုပ်၊ ဆေးလိပ်ခွက်၊ ခေါင်းအုံး. . စသည်တို့ကို တစ်ခုပြီးတစ်ခု တဒုန်းဒုန်း တဒိုင်းဒိုင်းဖြင့် ဆွဲပေါက်ပစ်လွှင့်နေမိတော့သည်။

စံသင်းသည် သူ့အခန်းထဲတွင် လုံးချာလိုက်နေတော့သည်။ အံကိုကြိတ်ထား၏၊ လက်သီးကိုကျစ်ကျစ်ဆုပ်မိ၏။ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိပြီးနောက် သူ့အဖြစ်ကို သူ မကျေမနပ်ဖြင့် ရေရွတ်ကျိန်ဆဲ၍နေသည်။

အခန်းပြင်သို့ ထွက်လာသော ဘိုဒွန်းမှာလည်း လက်သီးကို ဆုပ်လျက် အကြီးအကျယ် ဒေါသထနေမိတော့သည်။

"ဒီကောင် ကလိမ်ကျနေတာကွ ဖ,ကြီး၊ ဒီကောင် မယုံရတော့ဘူး၊ မင်း သူ့ကို မျက်ခြည်မပြတ်နဲ့တော့"

ဘိုဒွန်းက စံသင်း၏ အခန်းဘက်ဆီသို့ ဖ,ကြီးအား မေးထိုးပြလိုက်ပြီး အမိန့်ချလေတော့သည်။ ထို့နောက် ဘိုဒွန်းသည် တဒုန်းဒုန်းဖြင့် အောက်ထပ်သို့ဆင်းကာ ကားကို မောင်းနှင်ထွက်ခွာသွားတော့သည်။

အောက်ထပ်တွင် ရှိနေကြသော ဦးရှမ်၊ ဦးဖိုးဘနှင့် မောင်လုလေးတို့မှာ တစ်ဦးကိုတစ်ဦး အူကြောင်ကြောင်ဖြင့် ကြည့်နေလျက် ဘာလုပ်ရ ဘာကိုင်ရမှန်း မသိ ဖြစ်နေကြ၏။ သူတို့ကား အဖြစ်မှန်ကို ဘာမျှ မသိရှာ။ ဖြစ်ပုံများ ကြည့်၍ စဉ်းစားရသာ ခက်နေကုန်၏။







ဘိုဒွန်း၏ ကားထွက်သွားသံကို စံသင်းသည် ခေါင်းစွေ၍နားစွင့်လိုက်၏။

ထိုနောက် မိမိအခန်း အရှေ့မှ ဖ,ကြီးက ချောင်းသည့် ခြေသံတရှပ်ရှပ် ကြားလိုက်ရသောအခါတွင်မူကား စံသင်း၏ ဒေါသမှာ အထွတ်အထိပ်သို့ ရောက်သွားတော့သည်။

စံသင်းသည် တံခါးပေါက်မှ ဝုန်းခနဲ ထွက်၍ ဖ,ကြီးကို မီးဝင်းဝင်းတောက်သော မျက်လုံးဖြင့် ရင်ဆိုင်လိုက်သည်။ ထို့နောက် စံသင်းသည် သူ့အဖေ နောက်ဆုံးဝယ်ခဲ့သော ရုပ်လုံးကို နှစ်သက်လှဟန်ဖြင့် သူ့အခန်း၌ ဟန်ဆောင်ထားသော မင်းသမီးရုပ်ကလေးကို ဆတ်ခနဲ ကောက်ကိုင်လိုက်သည်။

တံခါးဝတွင် ကုန်းကွကွ ကြောင်တက်တက်ဖြင့် လူမိနေသော ဖ,ကြီးအား . . .

"ဟေ့ကောင် ဘာလဲကွ၊ မင်းက. . ဘာသဘောလဲ"

ဖ,ကြီးမှာ ထိတ်လန့်တကြီးနှင့် ကြောင်ကန်းကန်းဖြစ်ကာ. .

"ခင်ဗျား . . . ကျွန်. . . ကျွန်တော်. . ."

"မင်း ငါ့ လာချောင်းတာပေါ့လေ၊ ဟေ့ကောင် မင်း လူလည်မလုပ်ချင်နဲ့ ဖ,ကြီး၊ ငါ မနက်ကတည်းက ကြည့်နေတာ၊ ဘာလဲ မင်းတို့က ငါ့အမြဲ လူစောင့်ကြည့်ပြီး အကျယ်ချုပ်အပေါက်မျိုး ချိုးနေပြီလား. . . ဟင်း"

စံသင်းမှာ အံကို ကြိတ်လျက် လက်တွင်းမှ မင်းသမီး ရုပ်နှင့် ရိုက်လုလုဖြင့် ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်ရင်း ပြောသည်။ ဖ,ကြီးကား အလွန် ထိတ်လန့်တကြီး ဖြစ်သွားသဖြင့် ခါးပုံစကြားတွင် ထိုး၍ ဝှက်ထားသော ပစ္စတိုသေနတ်ကိုပင် ယောင်ယမ်းပြီး စမ်းလိုက်မိ၏။

"တယ်လေ . . . ကောင်"

မင်းသမီးရုပ်ဖြင့် ရိုက်တော့မည်ဟု ကိုင်မြှောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် စိတ်ကို အလွန်ချုပ်တည်းလိုက်ဟန်ဖြင့် အံတစ်ချက်ကြိတ် လိုက်ပြီး၊ ဖဲကြိုး ခေါင်းကို ရိုက်မခွဲတော့ဘဲ မင်းသမီးရုပ်ကို ကြမ်းပြင်သို့ ဆောင့်ပစ်ချလိုက်တော့သည်။

သူ့အဖေ၏ နောက်ဆုံးပစ္စည်းဟု အလွန်နှစ်သက်ဟန်ဆောင်ခဲ့သော မင်းသမီး ပန်းပုရုပ်ကလေးသည် အစိတ်စိတ်အမြွာမြွာ ပျက်စီးကျိုးပဲ့လေပြီ။ သူတို့စီမံကိန်းအကြံသည်လည်း မင်းသမီးရုပ်နှင့်ထပ်တူ ပင်ပျက်စီးကျိုးပဲ့လေပြီလား။

ဖဲကြိုးကား ပါးစပ်အဟောင်းသား ချွေးများပင် ပြန်လျက်ရှိပြီးနောက် ကြမ်းပြင်ပေါ်ရှိ အစိတ်စိတ်အမြွာမြွာ ကွဲ၍နေသော ရုပ်တုအစများကို ငိုင်၍ ကြည့်နေမိလေသည်။

ထိုအခိုက် ဆူညံသံများကြောင့် ဦးရှမ်ကြီး အိမ်ပေါ်သို့ရေကြီးသုတ်ပျာ ပြေးတက်လာ၏။ အရုပ်ကျိုးများကို မြင်သောအခါ အလွန်ထိတ်လန့်အံ့ဩသွားလေ၏။ နောက် ကြေကွဲဝမ်းနည်းဟန်ဖြင့် ဒူးထောက်ချလိုက်ပြီး အရုပ်အကျိုးအပဲ့များကို တစ်ခုချင်း ကောက်ယူနေမိသည်။ ဖဲကြိုးမှာလည်း အူကြောင်ကြောင်ဖြင့် ဟိုဟာလုပ်ရနိုး ဒီဟာလုပ်ရနိုးဖြင့် ဖြစ်နေ၏။

အခန်းတွင်းမှ စံသင်းကား ဒေါသရှိန်က မပြေနိုင်။ တွေ့ကရာ ပစ္စည်းများကို ဆွဲဆောင့်လွှင့်ပစ်နေသည်။

စံသင်းသည် ဒေါသကြောင့် မောဟိုက်သွားရာမှ တွေဝေသွားပြန်၏။ ထို့နောက် တစ်စုံတစ်ခု ဆုံးဖြတ်ချက် ချလိုက်ပြီးသည့်အလား အင်္ကျီချိတ်သို့သွားလိုက်ကာ ဂျာကင်တစ်ထည်ကို ယူ၍ အခန်းပြင်သို့ ထွက်လိုက်၏။

အခန်းဝ၌ မျက်ရည်များဝဲလျက် တုန်တုန်ယင်ယင်ဖြင့် အရုပ်ကျိုးများကို လိုက်ကောက်နေသော ဦးရှမ်အား တွေ့လိုက်သည်တွင် စံသင်းမှာ အံ့အားသင့်လျက် တစ်စုံတစ်ခုပြောမည်ပြုရာမှ . . .





. . . မပြောတော့ဘဲ ခြေသံပြင်းပြင်းဖြင့် အိမ်အောက်သို့ ဆင်းသွားတော့သည်။ ဦးရှမ်မှာလည်း စံသင်းအား အံ့ဩစွာ ကြည့်လျက် ငိုင်နေ၏။

ဖဲကြိုးကတော့ စံသင်းအား လှမ်း၍ တားမည်ပြုရာမှ ကြောက်ရွံ့မှုကြောင့် မတားဝံ့တော့ဘဲ မှင်တက်မိကာ ကျန်ရစ်တော့သည်။

အိမ်အောက်ထပ်တွင် ရှိနေကြသော ဦးဖိုးဘနှင့် မောင်လှလေးတို့ကား မိမိတို့အား သုန်မှုန်စွာကြည့်၍ ထွက်သွားသော စံသင်းအား တုန်လှုပ်စွာဖြင့် ကြည့်လျက် ကျန်နေကြလေသည်။

သူတို့အဖို့တော့မူ ယနေ့အထိ ကိုကိုသော် အစစ်ပင်တည်း။

စံသင်း ခြံတွင်းမှ ခြေဦးတည့်ရာ ထွက်သွားပြီး မရှေးမနှောင်းလေးလောက်တွင်ပင် ခင်မြအေးနှင့် မမသန်းတို့စီးလာသော ဆိုက်ကားလေးသည် ကိုကိုသော်တို့၏ခြံရှေ့ မလှမ်းမကမ်းသို့ ရောက်လာသည်။ ကိုကိုသော်ဆိုသူကို မသင်္ကာ၍ မမသန်းက ဦးဆောင်ကာ စုံစမ်းအကဲခတ်ရန် ကိုကိုသော်၏ ချစ်သူခင်မြအေးကို ခေါ်လာခြင်းပင်တည်း။

ကိုကိုသော့် အိမ်သို့ မလာစဖူး လာရပြီး စုံစမ်းရေးကိုလည်း လုပ်ရမည့် ခင်မြအေးမှာ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။

ခင်မြအေးအား မမသန်းက ဒေါင်းတင်မောင်းတင် အမူအရာ နှုတ်ခမ်းတစ်လန် ပန်းတစ်လန်ဟန်ဖြင့် ဆွဲခေါ်လာသည်။ သို့သော် ကိုကိုသော်အတု စံသင်းနှင့် မဆုံလိုက်ရသဖြင့် စိတ်ပျက်စွာ ပြန်သွားကြရတော့၏။

ဘိုဒွန်း၏ မူလနေထိုင်ရာ အိမ်အတွင်းတွင် အကြံသမားတို့ ခေါင်းချင်းရိုက်ရပြန်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းရှိ ဆိုဖာပေါ်တွင် စာတစ်စောင်ကို ကိုင်လျက်ရှိသော ဘိုဒွန်းသည် စိတ်လှုပ်ရှားမှု ပြင်းထန်လွန်းလှသောကြောင့် ဇောချွေးများပင် ပြန်နေ၏။ ဘိုဒွန်း၏အနားမှ ရပ်လျက်ရှိသော ဖုံကြီးမှာလည်း သူ့ဆရာနည်းတူ ပြင်းစွာချောက်ချားနေပြီ။

"ကျွန်တော် စာတိုက်ကို ခါတိုင်းလို သွားကြည့်တော့ ဒီစာရခဲ့တာပါ၊ အဲဒီ စာတစ်စောင်တည်းပဲ ရောက်တယ်တဲ့၊ ဒါနဲ့ ဒီစာ အရေးကြီးတဲ့ စာပဲထင်ပြီး ဆရာ့ကို လက်ကုတ်ပြီး ဒီခေါ်လာရတာ၊ အိမ်မှာက ဦးရှုမ်တို့နဲ့ မလွတ်လပ်လို့ ဆရာ"

"အေး . . . အဲဒါ ကိုကိုသော် ပြန်လာမလို့ ရေးလိုက်တဲ့စာ (ဘိုဒွန်းသည် တံတွေးကို ဂစ်ခနဲ မျို၍) ဘယ်လို လုပ်ကြမလဲ၊ ဟင်း . . အကြံလဲ မပေါက်သေးဘူး၊ ဒီအရေးထဲ ဟိုခွေးမသားကလဲကွာ ဘယ်လိုလဲ ဖုံကြီး"

"ညက . . ပြန်ကို မလာဘူး ဆရာ"

"ခက်တာပဲ . . ခက်တယ်၊ ဒီတိရစ္ဆာန်ကလဲကွာ . . ဒီကောင်ရှိရင်တော့လဲ၊ ဟင်း . . . ရေတစ်ခွက်ပေးစမ်းကွာ"

ဖုံကြီးက ဖန်ချိုင့်ထဲမှ ရေတစ်ခွက်ကို လှမ်းပေးသည်။ နှစ်ဦးစလုံး၏ တုန်တုန်ယင်ယင် ဖြစ်နေမှုကြောင့် ရေဖန်ခွက်မှာ လက်မမြဲတော့ဘဲ ကြားမှလွတ်ကျပြီး အစိတ်စိတ်အမြွာမြွာ ကွဲသွားလေတော့သည်။




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

နောက်ဆုံးပေါ် ဂျက်စက်ခေါင်းလေးလုံးတပ် ခရီးသည်တင် လေယာဉ်ကြီးသည် မင်္ဂလာဒုံလေယာဉ်ကွင်းအတွင်း ရပ်နားလိုက်၏။ လေယာဉ်ဘေးတံခါးပေါက်တွင် တပ်ဆင်ပေးလိုက်သည့် လှေကားဖြင့် အစီအရီ ဆင်းလာကြသော ခရီးသည်များအတွင်း အလွန်လှပသောဝတ်စုံကို သေသပ်ကျနစွာ ဝတ်ထားသော ကိုကိုသော်အား တွေ့ရသည်။

ကိုကိုသော်မှာ လာကြိုကြသူများ အထဲ၌ မိမိအား ကြိုဆိုသူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရသည်တွင် အံ့ဩဟန်ဖြင့် မျက်မှောင်ကြီးကြုတ်ပြီးနောက် ဒေါအပွကြီး ပွနေတော့သည်။

ဧင်းအချိန်လောက်မှာပင် စိတ်ရှုပ်ရှုပ်နှင့် မြို့လုံးပတ်လည် တောင်စဉ်ရေမရ လျှောက်သွားနေသော စံသင်းမှာ လေယာဉ်ရုံးကြီး၏ လှေကားမှနေ၍ တောင်ငေးမြောက်ငေးဖြင့် ဆင်းလာတော့သည်။ ဒေါသကြောင့် ခပ်သုတ်သုတ်တက်သွားသော ကိုကိုသော်နှင့် စံသင်းတို့နှစ်ဦး လှေကားအလယ်တွင် ဆုံမိကြသော်လည်း တစ်ဦးနှင့်တစ်ဦး သတိမမူလိုက်မိကြပေ။

ကိုကိုသော် လှေကားထိပ်သို့ အရောက်တွင် ပုပုခင်တို့အိမ် ပါတီဧည့်ခံပွဲ၌ စံသင်းနှင့်ဆုံခဲ့ဖူးသော မိတ်ဆွေတစ်ယောက်မှာ ကိုကိုသော်အား တွေ့လိုက်သည်တွင် ကြီးစွာ အံ့အားသင့်သွားလေသည်။





စောစောလေးကပင် စံသင်းကို လမ်းပေါ်၌ တွေ့မိ၍ ကိုကိုသော်အမှတ်ဖြင့် လက်ပြနှုတ်ဆက်ခဲ့သေးသည်။ ယခုသော် ဝတ်စုံတစ်မျိုးဖြင့် ခရီးရောက်မဆိုက်ဟန် ကိုကိုသော်တစ်မျိုးကို သူ တွေ့ရပြန်လေပြီ။ ဖြတ်သန်းသွားသော ကိုကိုသော်ကိုကြည့်ရင်း ကြောင်တက်တက်နှင့် ကျန်ခဲ့ရာမှ သူ့မျက်စိကို သူ မယုံသလို အကြိမ်ကြိမ်ပွတ်နေမိတော့သည်။

လေယာဉ်ရုံးအတွင်း၌လည်း ကိုကိုသော်မှာ လာရောက်ကြိုဆိုသူများ တွေ့လိုတွေ့ငြား ကြည့်သေးသော်လည်း မတွေ့သဖြင့် ဒေါသလှိုင်းတံပိုးများ ရင်တွင်း၌ အကြွကြီး ကြွ၍နေမိသည်။ မိမိနှင့် ပါလာသောအထုပ်အပိုးများ၊ သေတ္တာများကိုရွေးချယ်ပြီးနောက် အကောက်ခွန်အရာရှိများက စစ်ဆေးသောအခါတွင်လည်း စိတ်အတိုကြီးတိုလျက်ရှိသော ကိုကိုသော်၏ အယောင်ယောင် အမှားမှား ဖြစ်မှုများကြောင့် အချိန်မကြာသင့်ဘဲ ကြန့်ကြာနေရပြန်တော့သည်။

▮

စံသင်းမှာ လူစည်ကားရာ ပလက်ဖောင်းကြီးတစ်လျှောက် တောင်ငေးမြောက်ငေးနှင့် ပေစူးစူးဖြင့် လျှောက်၍လာသည်။ သူ့ပုံသဏ္ဌာန်မှာလည်း မသပ်မရပ်နှင့် ကြမ်းပိုးဟန်ပေါ်နေပြီ။

ထိုအခိုက်မှာပင် ကိုကိုသော်၏မိတ်ဆွေတစ်ဦး အနီးသို့ရောက်လေလျှင် စံသင်းကို မြင်မြင်ချင်း အံ့အားသင့်ဟန်ဖြင့် ပခုံးကို ပုတ်လိုက်ကာ . . .

"ဟား. . ကိုယ့်လူ ကျောင်းတုန်းကလို နောက်ချင်တုန်းပဲကိုး၊ ကိုယ့်လူ ပြန်ရောက်တာ အကြောင်းတောင် မကြားဘူး၊ ခု ဘာလဲ၊ အထက်တန်းကျကျ ပွေလို့ အားမရလို့ လမ်းသရဲယောင်ဆောင်ပြီး လာပွေတာလား ဗျ"



www.burmeseclassic.com

www.burmeseclassic.com



စံသင်းမှာ ဘာပြောရမှန်းမသိဘဲကြောင်တက်တက်မျက်နှာနှင့် သွားကိုဖြီး၍နေလေသည်။ ထိုလူလည်း အရေးတကြီး ကိစ္စရှိဟန်ဖြင့် လျှင်မြန်စွာနှုတ်ဆက်ပြီး ထွက်သွားတော့မှ စံသင်းမှာသက်ပြင်းချ လိုက်နိုင်တော့၏။ စံသင်းကို အကဲခတ်နေသော ထီစာရေးမလေးက ရင်းဖြစ်ပုံကိုကြည့်ပြီး တခွီးခွီးရယ်ပြန်တော့သဖြင့် စံသင်းမှာ ထိုနေရာမှ ခပ်သုတ်သုတ်လစ်လေတော့သည်။

ခြေဦးတည့်ရာ ဗိုလ်ချုပ်ဈေးအတွင်းသို့ ဝင်သွားသော စံသင်း မှာ အလှပြသောပစ္စည်းများအား ဟိုငေးသည်ငေးနှင့် လျှောက်လာစဉ် လူတစ်ဦး ရောက်လာပြန်ပြီး . . .

"ဟော့ . . . လူကြီး . . ကိုယ့်လူကြီး ဘာကြောင်နေတာလဲ၊ တကတည်း. . ခေါင်းစုတ်ဖွားကြီးနဲ့ ဘာဝယ်မလို့လဲ"

စံသင်းမှာလည်း အိုးတိုးအတ အယောင်ယောင်အမှားမှားဖြင့် တစ်စုံတစ်ခုကို လက်ညှိုးထိုးပြလိုက်သည်။ သူ ညွှန်ပြသောအရာကား ဇာဘော်လီပုံကြီး ဖြစ်၍နေတော့သည်။

ဗိုလ်ချုပ်ဈေးဝ တစ်နေရာသို့ ပြန်ရောက်သည့်အခါတွင်ကား စံသင်းမှာ တစ်ကိုယ်လုံး ကျဉ်စက်နှင့်အတို့ခံလိုက်ရသူကဲ့သို့ တုန်လှုပ် ချောက်ချားသွားရပြန်သည်။ ဤနေရာမှာပင် ပုပုခင်နှင့် စံသင်းတို့ ပထမဦးဆုံး စတင်ဆုံခဲ့ကြသည်မဟုတ်ပါလော။

ပုပုခင်၏ပိုက်ဆံအိတ်လေးကို ကောက်ယူ၍ မီအောင် လိုက်ပို့ ခဲ့ရပုံ၊ ကားခအတွက်ချောက်ကျရင်း ဘိုဒွန်းနှင့် ကြုံခဲ့ရပုံများ ပြန်လည် တွေးမိလေသည်။

ထိုအခိုက်မှာပင် စံသင်းမှာ တိုက်ဆိုင်ကြုံကြိုက်မှုများကြောင့် ကြက်သေသေနေမိတော့သည်။ သူနှင့် ယဉ်ပါးနေကျ မွှေးရနံ့လေး တစ်ခုကို ရှူရှိုက်လိုက်မိသဖြင့် ရီဝေသော မျက်လုံးများကို ပွတ်၍ ရှေ့သို့ကြည့်လိုက်ရာတွင် ပုပုခင်မှာ ခေါင်းငိုက်စိုက်ဖြင့် အထုတ်လေး





တစ်ခုကို ပိုက်လျက် သူ့ရှေ့မှ ခပ်သုတ်သုတ်ဖြတ်သွားသည်ကို တွေ့ လိုက်ရသည်။ ပုပုခင်ကတော့ သူ့ကို သတိမထားမိ။

မှင်တက်မိနေရာမှ စံသင်းမှာ ရုတ်တရက် သတိရလာပြီး ပုပု ခင်နောက်သို့ ပြေးလိုက်၍ လှမ်းခေါ်မည် လုပ်သေး၏။ ထို့နောက် အံကိုကြိတ်လျက် ဦးခေါင်းကို ယမ်းခါပြီးနောက် တစ်ဖက်သို့ ခပ်သုတ် သုတ်ခြေလှမ်းများဖြင့် လျှောက်သွားလိုက်မိသေးသည်။ နောက်သို့ တစ်ချက် လှည့်ကြည့်လိုက်ရာတွင် မောင်းထွက်သွားသော ပုပုခင်၏ ကားလေးနောက်ပိုင်းကိုသာ တွေ့ရလေတော့သည်။

စိတ်ထိခိုက်မှုကြောင့် စံသင်းရင်မှာ လှိုင်းတံပိုးထ၍နေသည်။ အာခြောက်လာသဖြင့် ဆေးလိပ်သောက်ချင်လာ၍ ဘောင်းဘီနှင့် အကျႌအိတ်များအား ဟိုစမ်း သည်စမ်းဖြင့် ဆေးလိပ်ဘူးအား ရှာဖွေ ရာမှ စံသင်းမှာ မျက်လုံးအပြူးကြီး ပြူးသွားရန်ပြန်လေပြီ။

"ဟင်. . . မေမေ မေမေ့ပုံ မရှိတော့ပါလား၊ ဟိုအိမ်ကြီးမှာ ကျန်ခဲ့ပြီ၊ မဖြစ်ဘူး မဖြစ်ဘူး၊ ဖြစ်တဲ့နည်းနဲ့ ပြန်ယူမှ"

စံသင်းသည် ထိတ်ထိတ်ပျာပျာနှင့် ဆုံးဖြတ်မိလေသည်။

---

ဇာတ်ရှုပ်များ ဖန်တီးခဲ့သော ကိုကိုသော်တို့ အိမ်ကြီးရှေ့သို့ ဆလွန်းတက္ကစီ တစ်စီးသည် ရုတ်တရက်ထိုးဆိုက်လိုက်သည်။

ကားပေါ်မှကိုကိုသော်က သွက်လက်ဖျတ်လတ်စွာ ခုန်ဆင်း လိုက်ပြီးနောက် ဟိုဟိုသည်သည်လှမ်းကြည့်လိုက်သည်။ တက္ကစီ ဒရိုင် ဘာက ပစ္စည်းများကို သယ်ချနေခိုက် ကိုကိုသော်မှာ ဒေါသဖြင့် မကျေမချမ်း ဖြစ်လျက်ရှိရာမှ အသံကို ညှစ်၍ အော်ရင်း . . .

"ဟော့ . . . ဘယ်သူမှ မရှိကြဘူးလား၊ သေကုန်ပြီလားတယ် . . ဟင်. . မရှိကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



အော်သံကြောင့် လှလေးနှင့် ဦးဖိုးဘကြီးတို့ အိမ်တွင်းမှ ပြေးထွက်လာကြရာ ကိုကိုသော်ကို တွေ့လိုက်ရသည်တွင် အံ့အား အသင့်ကြီးသင့်သွားကြပြီး ပါးစပ်လောင်းလောင်း ဖြစ်ကုန်ကြလေသည်။

သို့သော် ကိုကို သော်၏ ဒေါသမျက်လုံးများကို ထိတ်လန့်ကာဘာမှ ပြန်ပြောရဲဘဲ ကုပ်ချောင်းကုပ်ချောင်းဖြင့် ပစ္စည်းများကိုသာ ဝင်သယ်ကြတော့သည်။

ကိုကိုသော်က မောင်လှလေးအား . . .

"ဦးရှမ် ဘယ်သွားလဲ၊ ဦးလေးရှမ် . . ."

"အပြင်ခဏသွားတယ် ကိုကိုလေး"

ကိုကိုသော်က မျက်နှာကြီးရှုံ့မဲ့သွားပြီးနောက် ဘက္ကစီခကိုပေး၍ အိမ်ပေါ်သို့ ဆောင့်ကြီးအောင့်ကြီးနှင့် တက်သွားတော့သည်။

"ဟင်း. . အသုံးကို မကျဘူး၊ ငါ့စိတ်နဲ့တော့ကွာ"

ဟိုကြည့်သည်ကြည့်ဖြင့် ကိုကိုသော်က ကြိမ်းဝါးနေရာမှ နံရံမှသူ့အဖေပုံသို့ မျက်စိရောက်သွားလေသောအခါတွင် သူ့မျက်နှာမှာပျော့ပျောင်းညှိုးကျသွားတော့၏။ အဖေ့ပုံရှေ့ ဒူးထောက်လိုက်ပြီးဦးချပြီးနောက် ပုံကိုကြည့်လျက် မျက်ရည်များ ဝေကျလာသည်။

"ဩော် . . . ဖေဖေ . . . ဖေဖေ"

ကိုကိုသော်က သက်ပြင်းချလိုက်ပြီးနောက် ဓာတ်ပုံရှေ့ပန်းအိုးမှ ဗုဒ္ဓသရဏပန်းများကို တွေ့လိုက်ရသည်တွင် ငုံ့နေသော ဒေါသများထောင်းခနဲ ထလာပြီး ပန်းအိုးကို လှမ်းဆွဲလျက် . . .

"ဒီမှာ နှင်းဆီဖြူတွေ အမြဲထားပါဆို . . . ဘာလို့ ဒီပန်းတွေရောက်နေရသလဲ"

မောင်လှလေးတို့မှာ ချောက်ချားလျက် ရှိနေကြသည်။

ဝုန်းဝုန်းဒိုင်းဒိုင်း လုပ်နေသော ကိုကိုသော်မှာ အိမ်ရှေ့သို့လှမ်းကြည့်မိရာတွင်. . အိမ်ပေါက်ဝ၌ ပြုံတစ်ပြုံတစ်လုပ်နေသော





ခင်မြအေးနှင့် အဖော်မမသန်း တို့ကို တွေ့လိုက်ရလေရာ မျက်မှောင်ကြုတ်၍ ကြည့်ရာကနေ အားရဝမ်းသာ အိမ်ဝဆီသို့ ပြေးသွားတော့သည်။ မမသန်းသည် ခင်မြအေးကိုပါ ခေါ်ဆောင်၍ ကိုကိုသော်ဆိုသူအား ဒုတိယမွှိလာအချောင်းတွင် တကယ့်ကိုကိုသော်အစစ်နှင့်ရင်ဆိုင်မိကြလေပြီ။

"မြ မြ. . . ဟေး. . မြ၊ အောင်မယ်လေးလေ . . လာလာ"

ကိုကိုသော်က အားတက်သရော မြ၏ လက်ဖောင်းလေးကိုခပ်ကြမ်းကြမ်း ဖျစ်ညှစ်လျက် အိမ်တွင်းသို့ ဆွဲခေါ်လာ၏။ မမသန်းကလည်း ပြုံးတုံးပြုံတဲ အံ့သြတကြီးနှင့် ဧည့်ခန်းတွင်းသို့ ရောက်လာတော့သည်။

"မြတို့များ ဘယ်လိုက. . ဘယ့်နှယ်ကြားပြီး ချက်ချင်းလိုက်လာမှန်း မသိဘူး၊ မြင်လိုက်တယ် ထင်တယ်၊ ဟိုက် (မမသန်းကိုကြည့်၍)ခင်ဗျားကြီးလဲ ပါလာသကိုး၊ ထိုင်ပါ ထိုင်ပါ။ ဟီးဟီး"

ကိုကိုသော်က ခင်မြအေးအပြင် မမသန်းကိုလည်း သေချာစွာကြည့်မိလိုက်သည်တွင် လန့်ဖျပ်လျက် ပြုံးဖြီးဖြီးနှင့် ပြောလိုက်၏။ မမသန်းလည်း အူကြောင်ကြောင်နှင့် ပြုံးပြပြီး ဆိုဖာတစ်ခုတွင် ထိုင်လိုက်သည်။ ခင်မြအေးကတော့ အစဉ်းစားရခက်ဟန်ဖြင့် ကိုကိုသော်ကိုသာ မျက်လုံးလေးပေကလပ်ပေကလပ်နှင့်ကြည့်နေမိလေသည်။

"အဟီး နေကြဦးနော်၊ ကိုယ်လဲ ခုပဲ (တစ်ခုခု သတိဟန်ဖြင့်) ဩော် . ဒါထက် နေဦး. . နေဦး. . ခုမှ သတိရတယ် မြ. . . ဟောဦး"

ကိုကိုသော်က ရုတ်တရက် စကားစဖြတ်လိုက်ပြီး ဧည့်ခန်းနောက်ဘက်အကွယ် ပစ္စည်းသေတ္တာများချထားရာသို့ ရုတ်ခနဲ ထသွားလိုက်၏။ နောက်မှမြအားလှမ်းခေါ်ရာမှ မြမှာ မသွားရခက်သွားရခက်ကြောင်နေပြီးမှ ခပ်လန့်လန့်ဟန်ဖြင့် ထသွားသည်တွင်မမသန်းတစ်ယောက်သာလျှင် မျက်လုံးပြူး၍ ကျန်ရစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသော်မှာ လမ်းသွားလျှင် စောင်းငမ်းစောင်းငမ်းနှင့် သွားတတ်ခြင်း၊ ဖျိုးဖျိုးဖျတ်ဖျတ်လုပ်ကိုင်တတ်ခြင်း၊ စကားကိုလေသံမြှင့်၍ ပြောတတ်ခြင်းတို့မှာ စံသင်းနှင့်မတူသည့် ကိုကိုသော်၏ ထူးခြားလှသောဟန်များဖြစ်၏။

အတွင်းသို့ရောက်လျှင် ကိုကိုသော်က သေတ္တာတစ်လုံးထဲမှ အထုတ်နှစ်ခုကို ဆွဲထုတ်ပြီး လက်မှ ပစ္စည်းများကို ကိုင်လျက်နှင့် မြအား တင်းကျပ်စွာဖက်လျက် အားပါးတရ နမ်းလေတော့သည်။

ကိုကိုသော်၏အနမ်းများကို မထိတစ်ချက် ထိတစ်ချက် ရှောင်ရှားနေမိရင်းမှ ခင်မြအေး၏ မျက်နှာလေးမှာ အံ့သြခြင်း၊ ကြည်နူးဝမ်းမြောက်ခြင်းတို့ဖြင့် လျှမ်းလျှမ်းတောက်၍ နေတော့သည်။ ပြောလိုက်သည့် အငမ်းမရ စကားတွေမှာလည်း ဘာတွေမှန်းကိုမသိ။ မြ၏ လက်တွင်းမှ လက်ပွေ့အိတ်နှင့် ကိုကိုသော်၏ အထုပ်များမှာလည်း ကြမ်းပေါ်သို့ တဖုတ်ဖုတ် ပြုတ်ကျကုန်တော့၏။ ကိုကိုသော်မှာ သူ၏ ချစ်တဲ့သူမြကို မမျှော်လင့်ဘဲ တွေ့ကြုံနေ၍ အားပါးတရ ချစ်စွမ်းတွေ ပြလေ. . မြမှာ ခက်လေ။

"လွမ်းလိုက်တာ မြရယ်၊ သိပ်လွမ်းတာပဲ၊ မြဟာလေ . . အဟီး သိပ်ချောလာတာပဲ၊ မြနဲ့ မောင်တို့ နှစ်ယောက်ချင်း တွေ့ကြရအောင် နော်၊ ဒါနဲ့ မြက ဟိုဟာမကြီး ဘာလို့ ခေါ်လာတာလဲ၊ ခက်တော့တာပဲ မြရယ် ဒါကြီး မခေါ်နဲ့"

ကိုကိုသော်က အငမ်းမရ ပွေ့ဖက်ရင်းက မမသန်းဘက်သို့ ညွှန်ပြ၏။

မြမှာ မျက်လုံး ကလယ် ကလယ်နှင့် ကသိကအောက် ဖြစ်နေရတော့သည်။ ကိုကိုသော်က မျက်နှာတစ်ချက် ရှုံ့လိုက်ပြီး. . .

"နေဦးနော် မြ ခဏလေးနေဦး" ကိုကိုသော်က သေတ္တာတွင်းမှ အထုပ်တစ်ခုကို ဆွဲယူ၍ ဧည့်ခန်းတွင်းသို့ ထွက်သွားသည်။





တစ်ဦးတည်း ပွစိ ပွစိ လုပ်၍ ထိုင်နေသော မမသန်းအနီးသို့ ကိုကိုသော်က ဝင်ထိုင်လိုက်ပြီး မြရှိရာဘက်သို့ မျက်လုံးတစ်ချက်ဝေ့လျက် ကျေနပ်စွာဖြင့် မမသန်းပေါင်ကို သူ့အကျင့်အတိုင်း တစ်ချက် အားရပါးရ ပုတ်လိုက်ကာ "ခင်ဗျားကြီးကလဲ မလာစဖူး. . ဟီး. . ဟီး. . ရော့ရော့၊ ဒါက ခင်ဗျားကြီးအတွက် လက်ဆောင်လေအဟီး"

ကြောင်အအဖြစ်နေရှာသော မမသန်းမှာ ဘာမှ မပြောနိုင်မီ ကိုကိုသော်က ၎င်း၏ ပေါင်ကို တစ်ချက်ပုတ်လျက် သွက်လက်စွာဖြင့် မြရှိရာဘက်သို့ ထွက်သွားပြန်သည်။

ကြောင်ကလုကလု ဖြစ်နေသော မြအား ကိုကိုသော်က ဆွဲယူ၍ ဖက်လိုက်ပြီး လေသံကို နှိမ့်၍ . . .

"မြ. . . ဘယ့်နှာ ဒါကြီးနဲ့ တွဲနေရတာလဲ၊ မြ မသိဘူးပဲ့နော်၊ ကတည်း ဒီဟာမကြီး မြန်မြန်ခေါ် သွားစမ်း၊ မြ ဘာမှ မသိဘူး သိလား၊ နောက်မှ မြနဲ့မောင် နှစ်ယောက်ချင်းတွေ့ကြရအောင်နော်၊ ထုံးစံ အတိုင်းနော် အဟီး၊ မောင် မြလေးကို ကိုလေ. . ."

အံ့အားသင့်ပြီး ကျေနပ်ကြည်နူး၍နေသော မြ၏လက်ထဲသို့ ကိုကိုသော်က ကြမ်းပေါ်သို့ ကျသွားသော ပစ္စည်းများကို ကောက်ယူထည့်ပေးလိုက်သည်။

"သွား. . မြ. . ဒီဟာမကြီး. . မြန်မြန် ထုတ်သွားစမ်းပါ မြရယ်၊ ဟင်း. . . သူ ဘာမှ မသိဘူးနော်"ကိုကိုသော်က အံကြိတ်လျက် မြ၏ ခေါင်းကို လက်သီးဖြင့် ချစ်စနိုးလေး ထုချလိုက်လေရာ မြမှာ ကြောင် စီစီလေး ပုသွားတော့၏။

▮

ကြောင်တက်တက် ဖြစ်နေသော ခင်မြအေးနှင့် မမသန်းတို့က ခြံဝမှအထွက် ပုပုခင် တစ်ယောက်တည်း မောင်းဝင်လာသော ကားကလေးကို ခြံဝတွင် ဆုံမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ပုပုခင်က ကားလေးကို တွဲခနဲ ရပ်လိုက်၏။

ပြီး. . သူတို့နှစ်ယောက်အား မျက်မှောင်ကြုတ်ကာ ကြည့်နေလေသည်။ ထို့နောက် တွေတွေလေး ဖြစ်သွားရာမှ ကားကို ခြံထဲသို့ ဆောင့်ပြီး မောင်းဝင်သွားတော့သည်။ မလှမ်းမကမ်းတွင် ဦးလေး ရှမ်းသည် လမ်းလျှောက်၍ လာနေသည်။

မြတို့သည် အဓိပ္ပာယ်မရှိ ပုပုခင်၏ ကားလေးကို ပြန်ကြည့်မိရာမှ ကားလွန်သွားသည်တွင် မမသန်းက မေးငေါ့၍ ပြလိုက်၏။

ခင်မြအေးတို့ ထွက်သွားလျှင် ထွက်သွားချင်း ကိုကိုသော်၏ မျက်နှာမှာ ပြန်၍ မှုန်သွားပြန်၏။ သူ့စိတ်ထဲတွင်လည်း အဓိပ္ပာယ်မသဲကွဲသော တစ်စုံတစ်ခုက တင်းကျပ်ကျပ်ကြီး ဖြစ်နေမိသည်။

အိမ်ပေါ်သို့ တဒုန်းဒုန်းဖြင့် ပြေးတက်သွားသော အခါတွင် အိမ်နံရံ၌ ချိတ်ထားသော ရိုင်ဖယ်သေနတ်အား နဂိုအတိုင်း တွေ့ရသည်။

အနည်းငယ်ဟ,၍နေသော မိမိ နေခဲ့သည့် အခန်းဝ၌ အပိုင်းပိုင်းကျိုးပဲ့နေသော မင်းသမီးရုပ်တုအား ကြည့်ပြီးနောက် စဉ်းစား၍ မရဘဲ စိတ်ရှုပ်ထွေးစွာဖြင့် အခန်းတံခါးကို တွန်းဖွင့်ကာ အထဲသို့ဝင်လိုက်၏။

အခန်းတွင်းဝယ် ဖရိုဖရဲ မြင်ရသော ရှုခင်းများကား ကိုကိုသော်အား အံ့ဩတုန်လှုပ် ချောက်ချားသွားစေတော့သည်။ တစ်ခန်းလုံးရှိ ပစ္စည်းများမှာ ဖွာရရာကျဲ၍ နေသည်။

ကိုကိုသော်မှာ ခေါင်းရင်းနံရံပေါ်တွင် ချိတ်ထားသော စံသင်း၏ဓာတ်ပုံအား တစ္ဆေအချောက်ခံရသူကဲ့သို့ မှင်တက်မိလျက် ပါးစပ်အဟောင်းသားနှင့် မျက်လုံးကို ဖြဲ၍ ကြည့်နေမိသည်။

"ဘယ့်နှယ်. . ငါ တစ်ခါမှ မရိုက်ဖူးတဲ့ ငါ့ဓာတ်ပုံကြီး ဒီကို ရောက်နေပါလိမ့်"





ထိုနောက် ပြန့်ကျဲနေသော အင်္ကျီအဝတ်အစားများ၊ ခေါင်းအုံးများကို ကောက်ကိုင်ကြည့်နမ်းကြည့်ပြီး လွှင့်ပစ်လိုက်နှင့် လုပ်နေသည်။ စားပွဲပေါ်မှ ဓာတ်ပုံလေးက သူ့အား ပြောင်စပ်စပ် လုပ်နေသည့်နှယ်. .

မိမိ အိပ်နေကျဖြစ်သော အိပ်ရာကို ဆွဲလှန်ပစ်လိုက်သောအခါ စံသင်း၏ အမေဓာတ်ပုံ ပေါ်လာသည်။ ကိုကိုသော်မှာ စိတ်ရှုပ်ထွေးနောက်ကျိစွာဖြင့် နီးရာ စာအုပ်တစ်အုပ်ကို ဆွဲလှန်လိုက်ရာတွင်လည်း အထဲမှ မိန်းမဓာတ်ပုံတစ်ခု ပေါ်လာသဖြင့် ဟယ်ခနဲ ဆွဲပေါက်ပစ်လိုက် တော့၏။

ကားကလေးနှင့် ဝင်လာသော ပုပုခင်သည် ဧည့်ခန်းအတွင်းသို့ စပ်ဖြဖြမျက်နှာလေးနှင့် ရောက်လာပြီး ဟိုကြည့်ဒီကြည့် လုပ်နေသည်။ မျက်စိမျက်နှာ ပျက်လျက်ရှိသော မောင်လှလေးက အပေါ်သို့ လက်ညှိုးထိုးပြလိုက်သဖြင့် ပုပုခင်မှာ ကျေနပ်၍ သွားတော့သည်။

ထိုအခိုက်မှာပင် ကိုကိုသော် စာအုပ်ဆွဲပေါက်ပစ်လိုက်သော ဝုန်းခနဲအသံပေါ်လာရာ ပုပုခင်မှာလည်း လျှာကလေး တစ်လစ်ဖြင့် ဇက်ပု၍သွားတော့သည်။

ထို့နောက် ခြေဖျားကလေးဖြင့်ထောက်ကာ အသာအယာ လှေကားပေါ်သို့ တက်လိုက်၏။

ဒေါသနှင့် လှေကားမှ တဝုန်းဝုန်းဖြင့် ဆင်းလာသော ကိုကိုသော့်အသံကြားလေလျှင် ပုပုခင်က လှေကားထောင့်ချိုးတွင်ပုန်းကွယ်နေလိုက်ပြီး ကိုကိုသော် အနည်းငယ်လွန်သွားမှ နောက်မှ ဖြုန်းခနဲ ဆီးဖက်၍ မျက်စိနှစ်ဖက်ကို လက်ဖြင့် ပိတ်လိုက်သည်တွင် ကိုကိုသော်က မျက်စိကို အုပ်ထားသော လက်တစ်ဖက်အား ဆွဲကြည့်လိုက်၍ . . "အို . . . မြ. . . မြ. . မပြန်သေးဘူးလား၊ ဟိုဟာမကြီးကော. . မြဟာလေ. . တကတည်းမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပုပုခင်မှာ မျက်နှာအပျက်ကြီး ပျက်လျက် ဒေါသထောင်းခနဲ ထွက်သွား၏။ သူ့အဖို့မူ ကိုကိုသော်သည် ကိုကိုသော်ပင်တည်း။

ကိုကိုသော်၏ ပခုံးအား ဆွဲလှုပ်ကာ . . .

"ဟင် . . ဘာ ဖြစ်လဲ . . သိပြီ သိပြီ၊ ဒါကြောင့် လက်ထပ်ဖို့ကို ကိုကိုက ဟိုလိုဒီလို လုပ်ချင်နေတာကိုး. . . ဟင် . . . ရက်စက်ပါပေ့ ကိုကိုရယ်"

မိမိလှည့်အကြည့်တွင် မိမိရင်ခွင်အား မျက်နှာအပ်ကာ ရှိုက်ကြီးတစ်ငင် ငိုနေသော ပုအားကြည့်လျက် ကိုကိုသော်မှာ အထိတ်တလန့် ပါးစပ်ကြီးဟ၍ အံ့အားသင့်နေတော့သည်။ ပုသည် ငိုရှိုက်နေရင်းက ကိုကိုသော်အား ဒေါသဖြင့် ကိုင်လှုပ်ပြီး . . .

"သိပ်ရက်စက်တဲ့ ကိုကိုရယ် နေနိုင်လှချေလား ကိုကိုရဲ့၊ ဒီက စိတ်ကောက်တာနဲ့ ပြိုင်ကောက်နေသပေ့ါလေ၊ ပုနဲ့ ကိုကိုနဲ့ မတွေ့ရတာ သုံးရက်တောင် ရှိပြီ မဟုတ်လား၊ သုံးရက်တောင် ကိုကို"

ပုပုခင်က မျက်လုံးကြီး ပြူးလျက် အံ့ဩထိတ်လန့်နေသော ကိုကိုသော်နှင့် မျက်နှာချင်းထိလုနီးပါး တေ့ဆိုင်လိုက်ပြီး အံကလေးကြိတ်လျက်. . . "ကိုကို မိန်းမနဲ့များ ပြိုင်ကောက်နေတာပေ့ါလေ၊ အဟင့်. . ဟုတ်လား၊ ကဲ, ကောက်ဦး ကောက်ဦး. . ကဲ. . ကဲ"

"အောင်မယ်လေးဗျ မြတ်စွာဘုရား ကယ်ပါ၊ ဘုရားအစင် ကယ်ပါဗျ"

ရုတ်တရက် နှာခေါင်းကြီးကို ဆွဲ၍ အလိမ်ခံရသော ကိုကိုသော်မှာ ပုပုခင်အား တွန်းဖယ်ပြီး ကိုးရိုးကားရား ဆုတ်ကန်သော် ကန်ဖြင့် လှေကားမှ ပြေးဆင်းသွားပြီးနောက် အိမ်ရှေ့အရောက်တွင် ဦးရှမ်နှင့်ဆုံမိကြတော့သည်။

"ဦးလေးရှမ် . . . အမယ်လေး လုပ်စမ်းပါဦး. . ဟုံး. . ဟုံး လာပါဦးဗျ"





လှေကားပေါ်တွင် ပုပုခင်မှာ ဘုမသိဘမသိဖြင့် ကြောင်၍ရပ်ကျန်နေတော့၏။ ကိုကိုသော်သည် ပြေးဆင်းသွားပြီး ဦးလေးရှမ်နှင့် တစ်စုံတစ်ခုကို အရေးတကြီး ကျိတ်၍ မေးနေကြသည်။ ထိုအဖြစ်ကို ကြည့်ရင်း ပုပုခင်မှာ အလွန်အမင်း အံ့ဩဟန်ဖြင့် လှေကားပေါ်မှ တဖြည်းဖြည်း ကြောင်ကန်းကန်း ဆင်းလာမိသည်။

ရေးကြီးသုတ်ပျာ ပြူးတဲပြဲတဲဖြင့် ပြောလိုက်သော ဦးရှမ်၏ စကားအဆုံးတွင် ကိုကိုသော်မှာ ဆွေ့ဆွေ့ခုန်သွားပြီးနောက် ဒေါသလည်းဖြစ်၊ မခံမရပ်နိုင်လည်း ရှိလှသဖြင့် ကုန်း၍ ထအော်လေတော့သည်။

ကိုကိုသော့် တစ်ကိုယ်လုံးမှာလည်း ဆတ်ဆတ်တုန်၍နေ၏။

"ဒါ ဒါဖြင့် ဒီအိမ်မှာ ကိုကိုသော်ဆိုတဲ့ ကိုယ်တော်မြတ်တစ်ကောင်၊ ကိုကိုသော်အတု တစ်ကောင် ရောက်နေတယ်ပေ့ါ၊ အမယ်လေးဗျာ. . . အမယ်လေး"

ပုပုခင်မှာ အလွန် ထိတ်လန့်သွားလျက် ဆင်းလက်စ ခြေလှမ်းများပင်တုံ့ပြီး ကြောင်သွားလေတော့၏။ ကိုကိုသော်ကား ရှုပ်ပျက်ဆင်းပျက် ပြူးတူးပြဲတဲ ဖြစ်နေသည်။ ပုပုခင်ဘက်သို့လည်း တစ်ချက်လှည့်ကြည့်လိုက်ပြီး . . .

"အမယ်လေးဗျ ကုန်ပါပြီဗျ၊ သွားကုန်ပါပြီ၊ ကျွန်တော်က ခုမှ နိုင်ငံခြားက ပြန်ရောက်တာ၊ ဒီမှာတော့ ကိုကိုသော်တစ်ယောက်က အစောကြီးကတည်းက . . အမယ်လေး ကုန်ပါပြီဗျ. . သွားကုန်ပါပြီ"

ပုပုခင်သည် မျက်လုံးလေး ဆတ်ဆတ်ခါ တုန်သွားပြီးနောက် အံ့အားသင့်နေရာမှ မဲ့၊ မဲ့နေရာမှ မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ အပေါက်ဝဆီသို့ ပြေးထွက်ပျောက်ကွယ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၁၁)

ဘိုဒွန်းတို့ အိမ်တွင်း၌ကား ဘိုဒွန်းနှင့် ဖဲကြီးတို့မှာ ကြီးစွာအကြံ အိုက်လျက် ယောက်ယက်ခတ်နေကြတော့သည်။

ထိုအခိုက်တွင် အစောင့်စေလွှတ်ထားသော ဘိုဒွန်း၏ တပည့်တစ်ဦး ရေးကြီးသုတ်ပျာနှင့် ဝင်ရောက်လာတော့ရာ. . ဘိုဒွန်းက စိတ်လန့်တုန်လှုပ်စွာဖြင့် ဆီးကြိုပြီး. . .

"ဟေ့ . . . ဘာဖြစ်လဲ၊ ဘာအရေးကြီးလာပြီလဲဟေ့"

"မဟုတ်ဘူး ဆရာ၊ ကိုစံသင်းရယ် ဆရာ. . . "

"ဗျော . . စံသင်းလား ဘယ်မှာလဲ"

"ဆိုက်ကားတစ်စီးနဲ့ ကိုကိုသော်တို့ ခြံဘက် အခုပဲ သွားတာ တွေ့လိုက်ရတယ် ဆရာ"

"ဟေ. . . ဟုတ်လား၊ ဖဲကြီးရေ လုပ်ဟေ့ မြန်မြန်"

ဘိုဒွန်းနှင့်ဖဲကြီးတို့မှာ အနီးရှိ ဆွဲအံထဲမှ သေနတ်များကို တစ်ယောက်တစ်လက်စီ လျှင်မြန်စွာထုတ်ယူလျက် အကျႌထဲ ထိုးထည့်လိုက်ကြသည်။ ဘိုဒွန်းက နှုတ်ခမ်းသားကို ကိုက်လျက် လက်ဖျောက်တစ်ချက်တီးလိုက်ပြီး . . .

"ဒီကောင်ကွာ . . စံသင်း ခက်တဲ့ကောင်၊ ခုပုံတော့ ဟန်ကျလိုက်လေကွယ်. . ဖဲကြီးရယ်၊ မျှော်လင့်ချက် ရှိဦးမယ်ကွ၊ လာလာ. . မြန်မြန်လိုက်မှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုသော်ကား ဘောင်းဘီအိတ်ထဲကို စုံနှိုက်လျက် ဧည့်ခန်းတွင်း အံ့တကြိတ်ကြိတ်ဖြင့် လမ်းလျှောက်နေရင်းမှာ နီးရာ စားပွဲတစ်လုံးကို ခြေဖြင့် ပိတ်ကန်လိုက်ရာ အနီးမှ ဦးရှမ်တို့ လူစုမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြ၏။

ထို့နောက် ကိုကိုသော်က တဒုန်းဒုန်းဖြင့်ဆောင့်လျက် အိမ်ပေါ်သို့ တက်သွားလေရာ ဦးရှမ်တို့မှာ ဘာလုပ်ရ မှန်းမသိ၊ မျက်စိမျက်နှာပျက်လျက် ကြောင်၍ ကျန်ရစ်နေကြတော့သည်။

အခန်းတွင်းသို့ ရောက်သောအခါ ကိုကိုသော်သည် စံသင်း၏ မာတ်ပုံကြီးအား ဆွဲဖြုတ်လိုက်ပြီး အံကို ကြိတ်လျက် မခံမရပ်နိုင်ဖြစ်သွားပြီး "မင်း. . . မင်း. . တောက်. . . ရက်စက်တဲ့ကောင်ကွာ၊ အေး. . . တွေ့ရင်တော့လား. . ဟင်း"

မာတ်ပုံကို ဆွဲပေါက်ပစ်လိုက်ပြီးနောက် မီးဝင်းဝင်းတောက်သောမျက်လုံးများဖြင့် ကိုကိုသော် အခန်းအပြင်သို့ ထွက်လာရာ ချိတ်ထားသော ရိုင်ဖယ်သေနတ်အားတွေ့လိုက်လျှင် ကျေနပ်စွာဖြင့် ကြည့်လျက် ဖြုတ်ယူလိုက်ပြီးနောက် မောင်းဖြုတ်၍ သေနတ်ကျည်ဆန်များရှိ၊ မရှိစစ်ဆေးလိုက်၏။

ကျည်ဆန်များ အသင့်တွေ့လေလျှင် လက်မဖြင့် အသာလေးဖိလျက် မောင်းကို ပြန်ထိုးထားလိုက်ကာ သေနတ်ကို တင်းတင်းကြီးဆုပ်ကိုင်နေမိ၏။

ထိုအချိန်တွင် စံသင်းသည်ဘေးဘီကိုကြည့်ရင်းဝင်လာသည်။ စံသင်းမှာ မျက်နှာသိုးသိုးမှန်မှန်ဖြင့် အိမ်တွင်းရောက်လေလျှင်ဧည့်ခန်းတွင်းရှိ အံ့အားသင့်နေကြသော ဦးရှမ်တို့လူစုအား ခပ်တင်းတင်းလှမ်းကြည့်လိုက်ပြီးနောက် ဘာမျှမပြောမဆိုဘဲ သွက်လက်သော ခြေလှမ်းများဖြင့် အိမ်ပေါ်ထပ်သို့ တက်လာတော့သည်။

"ဂျောက် . . . ဂျွက်. . . ဂျောက်"





သေနတ်မောင်း ထိုးလိုက်သံ ကြားလိုက်သဖြင့် တုန်လှုပ်စွာ မော့ကြည့်လိုက်သောအခါ စံသင်းမှာ မိမိအား သေနတ်ဖြင့်ချိန်လျက် မျက်လုံးပြူးကြီးများဖြင့် စိုက်ကြည့်နေသည့် ကိုကိုသော်အား တွေ့ရလေတော့သည်။ သူတို့နှစ်ဦးမှာ မလှုပ်မယှက် အံ့သြခြင်းဖြင့် တစ်ဦးကိုတစ်ဦး စူးစိုက်ကြည့်နေမိကြပြီးနောက် ကိုကိုသော်က စတင်လှုပ်ရှားလာ၍ . . .

"ဟား. . အံ့စရာပဲဟေ့၊ ကဲ ကိုယ့်လူ အပေါ်ကိုကြွပါ၊ တွေ့ချင်နေတာနဲ့ အတော်ပဲ၊ ဟန်ကျလိုက်လေ. . ကဲ"

ကိုကိုသော်က သေနတ်ဖြင့်ယမ်း၍ အပေါ်သို့တက်ခိုင်းသည်တွင် စံသင်းမှာ မျက်စိသူငယ်၊ မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ကြောက်လန့်စွာ တက်၍သွားရသည်။ စံသင်း လွန်သွားသော် ကိုကိုသော်က နောက်ကျောကို သေနတ်နှင့် ထောက်ပြီး အခန်းတွင်းသို့ ခေါ်ဆောင်သွားသည်။

"ဝင် ကိုယ့်လူ အခန်းထဲကို. . . လူကြီးမင်းနဲ့လဲ စကားတွေ အများကြီးပြောရဦးမယ်၊ နိမ့်ပေ့ကွာ ဟင်း. . ဘာပစ္စည်းလေးများ လိုချင်သေးလို့လဲ. . ဝင်ယူပါဦး"

ကိုကိုသော်က စံသင်း၏ နောက်ကျောကို သေနတ်ဖြင့် ခပ်ဆတ်ဆတ်လေးတွန်း၍ အခန်းတွင်းသို့ သွင်းလိုက်သည်။ စံသင်းမှာ ကြောက်အားဖြင့် ကိုကိုသော်အား လှည့်ကြည့်ပြီးနောက် အခန်းတွင်းသို့ရောက်သွားတော့သည်။

"ကိုင်း. . . ကိုယ့်လူ ဒီမှာ ထိုင်စမ်း"

စံသင်းမှာ ခုတင်ပေါ်သို့ မရဲတရဲဖြင့် ဝင်ထိုင်ကာ ကိုကိုသော်ကိုသာ ပြူးကြောင်သော မျက်လုံးများဖြင့် ကြည့်နေမိသည်။ ကိုကိုသော်က အခန်းထောင့်နားတွင် မှန်ကွဲများဖြင့် ကြေမွနေသော မာတ်ပုံကို ယူလိုက်ပြီးနောက် စံသင်းအား ပြ၍ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒါက ကိုယ့်လူပုံနော် . . ဟုတ်စ"

စံသင်းက ခေါင်းညိတ်ပြလိုက်သည်တွင် . . ကိုကိုသော်က ဓာတ်ပုံအား တစ်နေရာသို့ ဆွဲလွှင့်ပစ်လိုက်သည်။ စံသင်းကတော့ မတုန်မလှုပ်ရှိနေသည်။ ကိုကိုသော်မှာ သေနတ်ကိုကား မချ၊ လက်တစ်ဖက်ဖြင့် တင်းကျပ်စွာ ကိုင်၍ထား၏။

"ဒါကကော ဘယ်သူ့ပုံလဲ"

"ကျွန် . . . ကျွန်တော့် အမေပုံပါ"

ကိုကိုသော်က အခန်းပေါက်ဝမှ ကုလားထိုင်တစ်လုံးတွင် ကိုယ်ကို တစောင်းထိုင်ချလျက် သေနတ်ကို ပေါင်ပေါ်တွင် ကန့်လန့်တင်ထားသည်။ စံသင်းအား နီရဲလျက်ရှိသော မျက်လုံးများဖြင့် စူးစိုက်၍ ကြည့်ပြီး အံကြိတ်လိုက်ကာ . . .

"ကိုင်း, ကိုယ့်လူ၊ အဖြစ်အပျက် အလုံးစုံကို အေးအေးဆေးဆေး အမိန့်တော်ရှိပါဦး၊ ကိုယ့်လူ ဘာလုပ်ခဲ့တယ်ဆိုတာ ဘယ်လိုအကြံရှိတယ်ဆိုတာ"

စံသင်းသည် နေရခက်ဟန်နှင့် ကိုကိုသော်အား ပြန်ကြည့်လိုက်သည်။ ထိုစဉ် မမျှော်လင့်ဘဲ အခန်းဝမှ ဘိုဒွန်းက ရုတ်တရက်ပေါ်လာပြီးနောက် လက်ထဲမှ သေနတ်ဖြင့် ကိုကိုသော်၏ နောက်စေ့ကို တေ့လိုက်သည်။

ကိုကိုသော်မှ တွန့်ခနဲ အံ့အားသင့်သွားပြီးနောက် သတိရပြီး လက်ထဲမှ သေနတ်ကို ဆွဲမည် ပြုသေးသော်လည်း နောက်ကျ၍သွားလေပြီ။

တပည့်တစ်ဦးက ရိုင်ဖယ်သေနတ်ကို ဆွဲယူ၍ ၎င်းတို့နှင့် အတူပါလာသည့် ဘိုဒွန်း၏ တပည့်အား ပေးလိုက်သည်။ ဘိုဒွန်းက တုန်တုန်ယင်ယင် ဖြစ်နေသော်လည်း အသံမာမာဖြင့် "မလှုပ်နဲ့နော်၊ ငြိမ်ငြိမ်နေပါ"





ကိုကိုသော်က ခေါင်းကို အသာငဲ့၍ကြည့်လိုက်ရာ ဘိုဒွန်းဖြစ်နေမှန်းသိရတော့မှ အစိပ္ပာယ်ပေါက်သွားပြီး ပြုံးမဲ့မဲ့ဖြစ်သွားသည်။

"အာ, ဘိုဒွန်းကိုး၊ အံ့ဩလိုက်တာဗျာ၊ အင်း . . ဘိုဒွန်းက ဒီလိုကိုး . . . ဒါ ခင်ဗျားအကြံတွေပေါ့၊ သိပြီဗျို့၊ အင်း . . ရက်စက်ပါပေ့"

"တိတ်ဗျာ . . . စကားပြောမနေနဲ့၊ ဟေ့ . . . စံသင်း မင်းလဲ ငြိမ်ငြိမ်နေ"

ကိုကိုသော်မှာ မျက်လုံးကြီးနီလျက် အံတကြိတ်ကြိတ်ဖြင့် တစ်ကိုယ်လုံး ဒေါသနှင့် တုန်ယင်၍နေသည်။ စံသင်းကား ကျားနှင့်တွေ့ရသော ချေသူငယ်အလား မှင်တက်မိ၍နေသည်။

"ဟေ့ . . . ဖဲကြီး၊ မင်း အောက်ကိုသွား၊ အောက်က လူတွေကို အပေါ်မှာ အရေးကြီးနေလို့ ဘယ်သူမှ အပြင် မထွက်ရဘူးလို့ ပြော၊ အပေါ်လဲ တက်မလာစေနဲ့၊ မင်း . . ကြည့်ထိန်းထားလိုက်"

ဖဲကြီးလည်း အကျီအိတ်ထဲသို့ ပစ္စတိုကို အသာထည့်လိုက်ပြီးနောက် သွက်လက်စွာ အောက်သို့ ဆင်းသွားတော့သည်။

"ဘိုဒွန်း ကျွန်တော် အဟုတ်ကို အံ့ဩတယ်ဗျာ၊ တကယ့်ကိုပဲ၊ ဒီလောက်အထိ အကြံပက်စက်ကို ယုတ်ကမ်းတဲ့ . . . ဟင်း"

"တိတ်တိတ်နေဗျာ . . . တိတ်ဗျာ"

ဘိုဒွန်က ပစ္စတိုနှင့်ရိုက်ရန် လက်ကိုမြှောက်လိုက်ပြီးမှ စိတ်ကိုထိန်းလိုက်သည်။ အသံမှာလည်းတုန်လှုပ်ချောက်ချား၍နေ၏။

ကိုကိုသော်က အံကိုခဲကာ မခံချိမခံသာဖြင့် မဲ့ပြုံးလေးပြုံး၍နေသည်။

ထို့နောက် ဘိုဒွန်းသည် ကိုကိုသော်အား ကြိုးနှင့် တုပ်နှောင်လိုက်တော့သည်။အလွန်ထိတ်လန့်၍ မျက်လုံးများပင် ဝေ့လည်လျက်ရှိသော စံသင်းအား ဘိုဒွန်းက လှမ်းကြည့်လိုက်ပြီး . . .


www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း. . . ကိုယ့်လူ၊ ကျုပ်နဲ့ အခန်းပြင် ခဏလိုက်ခဲ့၊ ယီးတီးယားတားတော့ မလုပ်နဲ့နော်၊ ဒါကြည့်. . ."

စံသင်းနှင့် ဘိုဒွန်းတို့ အခန်းပြင်သို့ ထွက်သွားကြသောအခါ ဘိုဒွန်း၏ တပည့်က ရိုင်ဖယ်သေနတ်ဖြင့် ချိန်လျက် ကိုကိုသော်အား စောင့်ရင်းကျန်ရစ်နေ၏။

"အဲဒါပဲကွ. . . အဲဒါ ငါပြောတာ သဘောတူသလား၊ မတူဘူးလား. . . ပြော မြန်မြန်ပြောကွာ အချိန်မရှိဘူး၊ ဒီအမှုအတွက်မင်းနဲ့ငါ လွတ်မြောက်ရေးဟာ ဒီအပေါက်ပဲ ရှိတယ်"

ဘိုဒွန်းက လက်ထဲမှ သေနတ်ကို တင်းတင်းကိုင်ရင်းမှ မျက်စိသူငယ်နှင့် ခပ်ကုပ်ကုပ် ခပ်ကြောင်ကြောင် ဖြစ်နေသော စံသင်းအား ကျိတ်၍ပြောလိုက်သည်။

သူ့မျက်နှာမှာ တင်းမာခက်ထန်၍နေသည်။

တစ်စုံတစ်ခု ရက်ရက်စက်စက် လုပ်တော့မည့် ဆုံးဖြတ်ထားပုံလည်း ရ၏။

"အဲဒါ တစ်နည်းဆိုရင် မင်းနဲ့ငါ သေရေးရှင်ရေးပဲ၊ နားလည်တယ် မဟုတ်လား၊ ဒီတစ်လမ်းပဲ ရှိတယ်၊ ဘယ်နည်းနဲ့မှ ငါ့အဖို့တော့ မစွန့်လွှတ်နိုင်တော့ဘူးဟေ့၊ မဖြစ်ဖြစ်အောင် လုပ်မှာပဲ၊ အမှုက ဖြစ်လာပြီ၊ ဖုံးရဖို့ ဒီတစ်နည်းပဲ ရှိတယ်"

တစ်တိမ်လုံးကား တိတ်ဆိတ်ချောက်ချား၍နေသည်။

စံသင်း၏မျက်နှာကား ချွေးပေါက်များနှင့် သီးလျက် ရှိ၏။

ဘိုဒွန်းတစ်ယောက်သာလျှင် ဂနာမငြိမ်နိုင်ဘဲ စံသင်းအားအားမလို အားမရ တုန်တုန်ယင်ယင် ဖြစ်နေရာမှ စိတ်ကို တုံးတုံးချလိုက်ဟန်ဖြင့် . . .





"ကျွန် . . . ကျွန်တော် ဆုံးဖြတ်လိုက်ပါပြီ၊ ဘိုဒွန်းအကြံကို ကျွန်တော် လိုက်တော့မယ်"

ဘိုဒွန်းမှာ မျက်နှာ ဝင်းခနဲ ဖြစ်သွားပြီးမှ မျက်မှောင်ကြုတ်၍ စံသင်းအား မသက်သာဟန်ဖြင့် ကြည့်လိုက်သည်။

"တကယ်နော် ပရိယာယ် မဟုတ်ဘူး"

စံသင်းက ခေါင်းညိတ်ပြသည်တွင် ဘိုဒွန်းက စံသင်းလက်ကို အားပါးတရ ဆွဲလှုပ်လိုက်လေသည်။

ဘိုဒွန်းနှင့် စံသင်းတို့ အခန်းတွင်းသို့ ဝင်ရောက်လာသောအခါတွင်ကား ကိုကိုသော်မှာ ထောင်ချောက်တွင် ပိတ်မိနေသည့် ကျားနာကြီးတစ်ကောင်အလား တရှူးရှူးတရှားရှားနှင့် ဖြစ်နေတော့၏။

ဘိုဒွန်းက သူ့တပည့်အား လက်ပြပြီး ကိုကိုသော်အား ချည်နှောင်ထားသော ကြိုးများကို ဖြေစေသည်။

ကိုကိုသော်မှာ အံ့အားသင့်လျက် ကြောင်၍နေသည်။

စံသင်းမှာ မသာမယာဖြင့် သူ့ကိုယ်တွင် ဝတ်ဆင်ထားသော အဝတ်အစားများကို တဖြည်းဖြည်းချွတ်၍နေသည်။ ဘိုဒွန်းက ကိုကိုသော်အား သေနတ်နှင့် ချိန်ထားပြီး "ကဲ. . . ကိုကိုသော်၊ တစ်ဆိတ်လောက် ခင်ဗျား အဝတ်အစားတွေ ချွတ်လိုက်စမ်းပါ"

ကိုကိုသော်မှာ ရင်းတို့ အကြံကို သိသွားသဖြင့် အံကိုကြိတ်လျက် တစ်ခုခုလုပ်တော့မည့်အလား. . ကိုယ်ဟန်ပြင်လိုက်စဉ်တွင် ဘိုဒွန်းက သေနတ်ကိုကပ်၍ ချိန်လိုက်ပြီး . . .

"အို. . . အို. . . ဒီလို မလုပ်နဲ့လေ၊ ကျုပ်တို့က သေလူတွေဗျ၊ ကိုယ့်အသက်ကို ကိုယ် တန်ဖိုးထားဦးမှပေ့ါ၊ ကျုပ်တို့ လွတ်မြောက်တဲ့လမ်းက ဒီတစ်လမ်းတည်း ရှိလို့ ဒီလို လုပ်ရတာဗျ၊ ဟဲဟဲ ခင်ဗျား ဒီအဝတ်တွေခွာပြီးတဲ့နောက် ဟို စံသင်းရဲ့အဝတ်တွေ ဝတ်ပြီးပြီဆိုရင် ခင်ဗျားကို ဘယ်သူက ကိုကိုသော်လို့ပြောတော့မှာလဲ၊ ဟားဟား"



www.burmeseclassic.com

www.burmeseclassic.com

ဘိုဒွန်းက လက်ပြလိုက်လေသဖြင့် သူ့တပည့်က အတွင်းခံဘောင်းဘီလေးမှတစ်ပါး ကိုကိုသော် ဝတ်ဆင်ထားသော အလွန်လှပသည့် လေကြောင်း ယူနီဖောင်း ဝတ်စုံများကို ဆွဲချွတ်လေတော့သည်။

ကိုကိုသော်မှာ အံကြိတ်လျက် လုပ်သမျှ ခံနေရတော့၏။

နှစ်ဦးသား အဝတ်ချင်း ပြောင်းပြီးကြသည်တွင် ဘိုဒွန်းက ကျေနပ်အားရစွာ ကြည့်လျက် ကိုကိုသော်ဘက်သို့ လှည့်လိုက်ပြီး-

"ကဲ . . . ကိုကိုသော် ဝမ်းနည်းပါတယ်ဗျာ၊ ကိုစံသင်းကိုတော့ ခုမှ နိုင်ငံခြားက ပြန်လာတဲ့ ကိုကိုသော်အစစ် ပြန်လုပ်ထား၊ ခင်ဗျားကိုတော့ ဒီအိမ်မှာလာပြီး ကိုကိုသော်အယောင်ဆောင်နေမှုသေကြောင်းကြံမှု၊ လိမ်လည်မှု၊ သူများပစ္စည်းများကို လုပ်ကြံမှု. . စတဲ့ ပုဒ်မမျိုးစုံနဲ့ ဆိုင်ရာအပ်ရတော့မှာကို ကျွန်တော် အလွန်ဝမ်းနည်းသော်လဲ မလွှဲသာလို့ လုပ်ရတော့မယ်ဗျာ"

ဘိုဒွန်းက စကားအဆုံး၌ ကိုကိုသော်မှာ ဖြုန်းခနဲ အလွန့်အလွန်အံ့အားသင့်ပြီး ခုန်ထလိုက်သော်လည်း. . လက်မြန်လှသော ဘိုဒွန်း၏ တပည့်က နောက်မှ ဖမ်းချုပ်ကာ လက်ပြန်ကြိုး တုပ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကိုကိုသော်သည် မိမိ၏ ဘဝဖြစ်ပုံကို အလွန် အံ့ဩနေတော့သည်။ အချုပ်ခန်းတွင်းမှ ပတ်ဝန်းကျင်အား ပြူးတူးပြဲတဲ ကြည့်လျက် ကျားနာကြီးအလား မချိမဆံ့ဒေါသထကြီး ထ၍နေတော့၏။

ထို့နောက် သက်ပြင်းကြီး တချချဖြင့် မျက်နှာညှိုးငယ်၍သွားရာမှ မိမိအဖြစ်ကို တစိမ့်စိမ့် တွေးမိရင်း မျက်နှာမှာ မာန်ဟုန်ဖြင့် တင်းမာသွားရပြန်သည်။

"ခွေးမသားတွေ. . . ခွေးကောင်တွေ၊ တောက်. . လုပ်လိုက်ကြကွနော်၊ ဟေ့ လူယုတ်မာတွေ. . မင်းတို့ သိမယ်. . . သိမယ်. . ရက်စက်ကြကွ"

အချုပ်ခန်း ထောင့်တွင်းမှ လှဲအိပ်နေကြသော အကျဉ်းသား နှစ်ဦးမှာ လန့်ဖျပ်ပြီး ခေါင်းထောင်ကာ ကိုကိုသော်အား လှမ်းကြည့်လိုက်မိကြသည်။ နောက်မှ တစ်ဦးကိုတစ်ဦး ကြည့်လျက် ခေါင်းယမ်းပြီးနောက် ပြန်အိပ်သွားကြ၏။

မလှမ်းမကမ်းမှ စန္တရီ စောင့်နေသော ရဲသားတစ်ဦးက အချုပ်ခန်းအပြင်မှ ရောက်လာပြီး သံတိုင်များအား ခြေဖြင့် ပိတ်ပိတ်ကန်နေသော ကိုကိုသော်အား မသက်မသာ ကြည့်လျက်. . . .

"ဒီမယ် ကိုစံသင်း"

"ဘာ ကိုစံသင်းလဲ၊ တယ်. . ."





ကိုကိုသော်က ထောင်းခနဲ ဒေါသထွက်သွားကာ ရဲသားအား လှမ်းကာ ပြင်းစွာ ဟောက်လိုက်သည်။ ရဲသားက ကိုကိုသော်အား စူးစိုက်ကြည့်လိုက်ပြီး . . .

"ခက်တော့ နေပါပြီ၊ ဝါစ်ဆိတ် ကိုယ့်ကိုယ်ကိုယ် သတိထားမှပေါ့၊ သိပ်မဆူပါနဲ့ ရဲဘော်ရာ၊ တော်ကြာနော် . . အချုပ်ခန်းကနေ အရှူးထောင် ရောက်ရရင် မကောင်းဘူးနော်"

ပြန်လှည့်၍ ထွက်သွားသော ရဲသားအား ကိုကိုသော်က မီးဝင်းဝင်းတောက်လျက်ရှိသော မျက်လုံးကြီးများဖြင့် လှမ်းကြည့်နေမိသည်။ နောက်မှ ကိုယ့်အဖြစ်ကို ကိုယ်တွေးမိသွားရာမှ မျက်နှာညှိုးကျသွားပြီး သနားစဖွယ် ငြိမ်သက်သွားလေတော့၏။

ကိုကိုသော့် အိမ်ရှေ့ ဧည့်ခန်းအတွင်း စံသင်းမှာ နှစ်ယောက်ထိုင်ဆိုဖာကြီးတစ်ခုပေါ်တွင် စမတ်ကျကျ ထိုင်၍နေသည်။

သူ့ဘေးမှ ခင်မြအေးက ကန္တကရ ပွတ်သီးပွတ်သပ်ဖြင့် ပူးကပ်၍ထိုင်နေရာမှ တစ်ချက်တစ်ချက် ဧည့်ခန်းထဲတွင် သတင်းစာ ထိုင်၍ဖတ်နေသော ဘိုဒွန်းအား လှမ်း၍လှမ်း၍ မျက်စောင်းထိုးနေမိသည်။ ခင်မြအေးမှာ ဘိုဒွန်းအနီးတွင် ထိုင်နေ၍ ကြွေဆည်နေရသဖြင့် မကျေမနပ် ဖြစ်လျက်ရှိ၏။

စံသင်းမှာကား မျက်နှာကို တည်တည်မှုန်မှုန်ကြီးလုပ်လျက် ခုမှ ကိုကိုသော် အစစ်အဖြစ် ဘီလပ်က ပြန်လာဟန် ဆေးတံကြီးကို မဖွာတတ် ဖွာတတ်ဖြင့် ဟန်ပါပါနှင့် ဖွာနေရသည်။ ခင်မြအေးသည် ခုမှ သူချစ်သူအစစ်နှင့် တွေ့ရပြီဟု ဝမ်းသာခြင်း လှိုင်းဂယက် ပြင်းစွာထလျက် ရှိသည်။ ထို ယခု ကိုကိုသော်သည်ပင် ဟိုတစ်ခါကစံသင်းပဲ ဖြစ်သည်ကို သူမှာ မသိရှာ။



www.burmeseclassic.com

www.burmeseclassic.com

မြက "မောင် ဒီအကျီလေးဟာ သိပ်လှတာပဲနော်၊ ဘယ်က ဝယ်လာတာလဲ၊ မြတို့ဖြင့် ဒါမျိုး ဒီမှာ မြင်တောင် မမြင်ဖူးဘူး"

စံသင်းသည်လည်း အိုးတိအိုးတကြီးဖြစ်နေရာက အထစ်ထစ် အငေါ့ငေါ့ဖြင့် "အ. . . အ. . . အမေရိကားက"

ဘိုဒွန်းက သတင်းစာကို ကွယ်ကာ ခွီးခနဲ ဖြစ်သွားမိလေသည်။ စံသင်းမှာ မျက်စိမျက်နှာ ပျက်၍သွားရသည်။ ကျေနပ်ဝမ်းသာလွန်းသဖြင့် ဆတ်ကော့လတ်ကော့ ဖြစ်နေသော ခင်မြအေးက ဒါကို သတိမထားမိ။ စံသင်း အနီးသို့သာ တိုးကပ်လိုက်ပြီး . . .

"တကတည်း. . . ဟိုကြမ်းပိုးကလေ နိုင်ငံခြားပြန်ဆိုပြီး စတိုင်ဖမ်းလိုက်တာ သိပ်ကို ရယ်စရာကောင်းတာပဲ မောင်ရယ်၊ တွေးကြည့်လိုက်ရင်လေ. . ."

စံသင်းမှာ တစ်ကိုယ်လုံး တုန်ခါသွားမိလေသည်။

"မြနဲ့ . . ဟိုမမတို့ကလေ . . ဒီငနဲကို မသက်ာပါဘူးဆိုပြီး ဒီကြမ်းပိုးကို စုံစမ်းမယ်လုပ်နေတုန်း အခု ပေါ်သွားတာ သိလား။ ဟိုမမက စပြီး မသင်္ကာဖြစ်တာပေါ့"

ခင်မြအေးသည် သူ့ချစ်သူအပေါ် ခုမှ တွေ့ရလေခြင်းဟု . . အငမ်းမရလေး ချစ်ဇာပင် ကြွနေမိသည်။

ခင်မြအေးက မိမိချစ်သူအဖြစ် ကြည်နူးကာ ချစ်စိတ်ဝေသလောက် စံသင်းကား ဇောချွေးပြန်နေပြီ။

စံသင်းမှာ ကသိကအောက်ဖြစ်၍ နေစဉ် အခန့်သင့်ပင် မောင်လှလေးရောက်လာသဖြင့် လူချင်းခွာလိုက်ရတော့သည်။

မောင်လှလေးက ခေါင်းကုတ်ပြီး . .

"အစ်ကိုလေး. . . အိမ်ရှေ့မှာ ပုပုခင်[illegible] လာနေတယ်"

စံသင်း မျက်လုံးပြူးရာက မြက ဒေါပွသွားကာ အသံမာမာဖြင့် "အောင်မာ . . . ဒီဟာမက"





စံသင်းက ကမန်းကတန်း ပါးစပ်လှမ်းပိတ်လိုက်သော်လည်း မြက လက်ကိုဖယ်၍ စံသင်းအား ခပ်ညျုညျု ကြည့်ကာ . . .

"ဒါပဲနော် . . ဒီဟာမနဲ့ ရှုပ်တုတ်တုတ် မလုပ်ရဘူး ဒါပဲ"

"မြဟာလေ. . . ခက်တော့တာပဲ"

နောက်မှ ခင်မြအေးသည် တစ်စုံတစ်ခု စဉ်းစားမိဟန် မျက်နှာလေးတွေသွားကာ "သြော်. . . ပုပုခင်. . သူတို့အဖြစ်ကလဲ သနားစရာပါပဲ မောင်ရယ်၊ မြလဲလေ. . မိန်းမချင်း ကိုယ်ချင်းစာမိပါတယ်၊ ကောင်းကောင်းမွန်မွန် စကားပြောလိုက်ပါ မောင်. . . နော်၊ နောက်မှ တွေ့ဦးစို့နော်"

စံသင်းက ခေါင်းညိတ်ပြလိုက်မှ မြက အကျီကို ဆွဲပြင်လိုက်ပြီး ကျေနပ်ကာ ထွက်သွားတော့သည်။

ထိုအခိုက် ဘိုဒွန်း အရေးတကြီး ဝင်လာပြီး . . .

"ကိုယ့်လူရေ လာနေပြီ၊ ဒါ . . သိပ် အရေးကြီးတယ်နော်၊ ဒါပဲ . . . နည်းနည်းမှ မမှားအောင်လုပ်"

ဘိုဒွန်းသည် သေနတ်နေရာကို လက်ကအုပ်ပြီး လိုက်ကာကြားထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ခင်မြအေးသည် အခန်းအပြင် အထွက် ပုပုခင်ကိုမြင်လျှင် စိတ်မကောင်းစွာဖြင့် အသာစောင်းငဲ့ကြည့်သွားသည်။

ပုပုခင်လည်း ညှိုးငယ်စွာဖြင့် ခင်မြအေးကို တစ်ချက်ကြည့်လိုက်ပြီး ဧည့်ခန်းတွင် ခေါင်းငုံ့၍ ထိုင်နေလေသည်။

ဤအခြေအနေအလုံးစုံကို ဧည့်ခန်းဝမှ မြင်တွေ့လိုက်ရသော စံသင်းကား ရင်ထဲတွင် နာကျင်၍ သွားလေသည်။'

ဆေးတံ ဆေးဘူးများကို လက်ထဲကိုင်လျက် ရှိသောစံသင်းက ပုပုခင်အား မှင်သေသေနှင့် ကြည့်လိုက်ရသော်လည်း ရင်တွင်မူကား ဗလောင်ဆူ၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုပုခင်ကလည်း စံသင်း၏ လက်ထဲမှ ဆေးတံ ဆေးဘူးများကို သတိပြုလိုက်မိသည်။ အမှုအရာ ပျက်ချင်ချင် ဖြစ်နေသော စံသင်းမှာ တစ်ဖက်လိုက်ကာကြားမှ ပုန်းကွယ်နေသော ဘိုဒွန်း၏ ခြေထောက်များကို မြင်လိုက်ရ၍ တွန့်ခနဲဖြစ်ကာ ခပ်တည်တည်ဖြစ်နေတော့သည်။

"ထိုင်ပါခင်ဗျား. . . ထိုင်ပါ"

အနိုင်နိုင် စိတ်ချုပ်တည်းထားရသော ပုပုခင်မှာ မျက်လွှာကိုချ၍ ထိုင်လိုက်ရာမှ မျက်နှာချင်းဆိုင် ထိုင်လျက်နေသော စံသင်းအား တစ်ချက်ကြည့်လိုက်ပြီး ကြမ်းပြင်သို့သာ စူးစိုက်လျက်. . .

"အကြောင်းစုံတွေကိုတော့ ကြားသိပြီးရောပေါ့နော်၊ အလုံးစုံ ကျွန်မတို့ အပြစ်ပါပဲ ဦးကိုကိုသော်. . . ."

စံသင်းသည် ရိုးအလှသော ပုပုခင်ကို နှစ်ခါပြန် လိမ်လည်ရမည့် အဖြစ်ရောက်ရ၍ ရင်ထဲတွင် နာကျင်လေပြီ။

စံသင်းမှာ ဆို့နင့် နင့်ကြီး ဖြစ်ကာ မျက်စိမျက်နှာပျက်လျက် ဘိုဒွန်း၏ ခြေထောက်များကို တစ်ချက်တစ်ချက် လှမ်းကြည့်လိုက်မိသည်။

ပုပုခင်ကတော့ စိတ်အလွန် ထိခိုက်လျက် ရှိသဖြင့် အသံကလေးများ မသိမသာ တုန်ယင်၍နေရှာ၏။

"ဖြစ်ရတဲ့ ကိစ္စအရပ်ရပ်အတွက် ကျွန်မ အလွန်ဝမ်းနည်းပါတယ်၊ ကျွန်မတော့ အလွန်ထိခိုက်နေပြီ"

ပုပုခင်က ခေါင်းငုံ့နေရာမှ ဖျတ်ခနဲ စံသင်းအား ကြည့်လိုက်ပြီးနောက် မျက်လွှာကို ပြန်ချလိုက်သည်။

"ကျွန်မတို့ သားအမိမှာ ဒီအဖြစ်ကြောင့် လူထဲ မျက်နှာမပြ့ တော့တဲ့ အခြေအနေမျိုး ရောက်နေပေမယ့် ကျွန်မတော့ မပြောမဖြစ်တဲ့ကိစ္စကြီးမို့ ဇွတ်ထွက်ပြီး ဒီကို လာခဲ့တာပါ"





စိတ်မချမ်းသာလွန်းသည့် အရိပ်အယောင်ကလေးများ ယှက်သန်းနေသည့် ပုပုခင်၏ မျက်နှာလေးအား ဆီး၍ကြည့်လျက် စံသင်းမှာ ကြိတ်မနိုင်ခဲမရ ဖြစ်နေတော့သည်။

"အမှန်တော့ ကျွန်မတို့ ကုသိုလ်ပေါ့ ဦးကိုကိုသော်၊ ကျွန်မပြောချင်တာကတော့ ဦးကိုကိုသော်နဲ့ ကျွန်မတို့ရဲ့ စေ့စပ်ကြောင်းလမ်းမှုဟာ လုံးဝ မဖြစ်နိုင်တော့ဘူးဆိုတဲ့ အချက်ပဲ"

စံသင်းမှာ အံ့ဩထိတ်လန့်မှုကြောင့် မျက်နှာအပျက်ကြီး ပျက်သွားတော့သည်။

ရုတ်တရက် စံသင်းအား မော့်၍ ကြည့်လိုက်မိသော ပုပုခင်မှာ စံသင်း၏အခြေအနေကို တွေ့လိုက်သည်တွင် သူ့စကားကို ကိုကိုသော်က လက်မခံနိုင်၍ ဤသို့ဖြစ်သွားသည်အထင်ဖြင့် မျက်လုံးလေးများပြူးကျယ်သွားတော့သည်။

"ဖြစ်ပျက်ခဲ့တဲ့ အခြေအနေအရ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ကြတော့ဘူး ဦးကိုကိုသော်"

စံသင်းမှာ ဘောကြပ်နံ့ကြပ်ဖြစ်လျက် ဆိုဖာပေါ်တွင် လူပ်လူပ်ရွရွ ဖြစ်နေမိသည်။

ငင်းနောက် လည်ချောင်းရှင်းလျက် ခြောက်ကပ်ကပ်အသံကြီးဖြင့်. . .

"ကျွန်. . . ကျွန်တော် ဘယ်လိုမှ သဘာမရှိပါဘူး၊ မပုပုခင်ကိုလဲ ဘယ်လိုမှ အယင်မမှားပါဘူး၊ မပုပုခင်ရဲ့ သိက္ခာကိုလဲ ကျွန်တော်လေးစားပြီးသားပါ၊ ဟိုလူဟာ. . ."

ပုပုခင်က ဖျတ်ခနဲ မော့ကြည့်၍ . . .

"အို . . . တစ်ခု ကျွန်မ ရှင်းရှင်းပဲ ဖွင့်ပြောပါရစေတော့ရှင်၊ ကျွန်မ ဒီလူအပေါ် ဒီ. . . ကို. . . ကိုစံသင်းအပေါ် ကျွန်မ [illegible]မျိုး စဉ်းစားပြီး ဆုံးဖြတ်ပြီးပါပြီ၊ ကျွန်. . ကျွန်မတော့ ကိုစံသင်းကိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



စံသင်းမှာ တုန်လှုပ်ချောက်ချားလျက် တစ်စုံတစ်ခု ပြောလိုက်ရန် ပါးစပ်လှုပ်သော်လည်း အာစေးငြိနေသည့်အလား ဘာသံမျှ မထွက်လာတော့ပေ။ ဘိုဒွန်းမှာကား လိုက်ကာကြားမှပင် စံသင်း၏ အခြေအနေကို ကြည့်လျက် အစိုးရိမ်ကြီး စိုးရိမ်နေမိသည်။

ပုပုခင်ကတော့ တည်ကြည်လေးနက်သောအသံလေးဖြင့်-

"မပြောမဖြစ်လို့ ပြောရတာပါ ဦးကိုကိုသော်. . . ဦးကိုကိုသော်တို့ဘက်က ကြည့်ရင် ကိုစံသင်းဟာ အင်မတန်ဆိုးဝါးယုတ်မာတဲ့ လူဖြစ်ကောင်း ဖြစ်လိမ့်မယ်၊ ဒါပေမယ့် ဒါပေမယ့် ကျွန်မဘက်က ကြည့်ရင် သူဟာ လုံးဝအပြစ်မရှိတဲ့ လူကောင်းတစ်ဦး ဖြစ်နေတယ်"

စံသင်းမှာ အံ့အားအသင့်ကြီး သင့်လျက် ပုပုခင်အား မျက်လုံးပြူးကြီးများဖြင့် စိုက်ကြည့်နေမိသည်။ ပုပုခင်က စံသင်းအားတစ်ချက်မော်ကြည့်လိုက်ပြီး ဘာမှ မထူးခြားလှသောအသံဖြင့် . . .

"အံ့အား မသင့်ပါနဲ့ ဦးကိုကိုသော် ဖွင့်သာပြောပါရစေ၊ မထူးတော့ပါဘူး၊ ကျွန်မဟာ မူလကအထင်မှားပြီး ယုံလို့ ချစ်ခဲ့မိတာတော့ အမှန်ပါပဲ၊ ဒါပေမယ့် အခု ကျွန်မ ဖြစ်ပျက်ခဲ့ပုံအခြေအနေ အလုံးစုံကို တစ်ခုပြီးတစ်ခု သေသေချာချာ စဉ်းစားကြည့်ခဲ့ပါတယ်၊ ဒီလို ဖြစ်ပျက်ခဲ့ရတာဟာ ဘိုဒွန်း လုံးဝ ရှုပ်တာပဲ ဖြစ်ရမယ်"

စံသင်းမှာ လန့်ဖျပ်လျှက် ဘိုဒွန်းရှိရာသို့ အလစ်ကြည့်လိုက်မိသည်၊ အတန်မျှ အလှမ်းဝေးသော်လည်း ဘိုဒွန်း ကြားသွားမှာကို စိုးရိမ်နေ၏။

"ကိုစံသင်းအတွက် ခုလို ဖြစ်ပျက်ပြီးမှ ကျွန်မ နောက်ကြောင်းတွေ ပြန်စဉ်းစားမိတော့ ကျွန်မ သူ့သိက္ခာ သူ့စိတ်ထားကို အလွန်ပဲ အံ့ဩနေမိတယ်၊ ကျွန်မ ရှင်းရှင်း ပြောပါရစေ၊ မရှက်ပါဘူး ဦးကိုကိုသော်. . ကျွန်မဟာ ချစ်တုန်းက အဟုတ်ယုံပြီး အဟုတ်ပုံ ချစ်ခဲ့တာ ဦးကိုကိုသော်"





ထိုအချိန်၌သာ ပုပုခင်က စံသင်း၏ မျက်နှာကို မော်ကြည့်လိုက်ပါက မုချစိတ်ရှုပ်ထွေးသွားရမည်မှာ အမှန်ဖြစ်၏။

စံသင်း၏ မျက်နှာကား သွေးမရှိတော့သည့်အလား ဖြူဖွေး၍နေသည်။

"ကျွန်မက ယုံပြီး ကိုယ်ကို ပုံအပ်ခဲ့သမျှ သူဟာ ဘယ်လောက်အထိ သိက္ခာကြီးကြီး စောင့်ရှောက်ခဲ့၊ ကြည့်ရှုခဲ့၊ ထိန်းသိမ်းခဲ့တယ် ဆိုတာ ကျွန်မ အခု. . ပြန်စဉ်းစားမိတော့မှ အလွန်အံ့ဩစရာကြီး ဖြစ်နေရတော့တယ်"

စံသင်းကား မနေနိုင်မထိုင်နိုင် ဖြစ်၍လာသည်။ တစ်ခုခု ပြောတော့မည့်အလား နှုတ်ကရွလာသည်၊ ကျီးကန်းတောင်းမှောက် နေသောမျက်လုံးများဖြင့်လည်း ဘိုဒွန်းရှိရာသို့ တစ်ချက်တစ်ချက် လှမ်းကြည့်လိုက်သည်။

ပုပုခင်က ခေါင်းကို ငုံ့လျက်ရှိရာမှ သက်ပြင်းချလိုက်ပြီး. . .

"သူဟာ. . . ကျွန်မအပေါ် တကယ့်မေတ္တာ တကယ့်စေတနာ စစ်မို့ ခုလို ထိန်းသိမ်းခဲ့၊ သိက္ခာကြီးခဲ့တာလို့ ကျွန်မ ခုမှ သဘောပေါက်လာရတော့တယ်၊ ဒါကြောင့် ခု ပြန်စဉ်းစားလိုက်တော့ ငါဟာ သူ့ကို ပုံချစ် ချစ်ခဲ့မိတာ မမှားဘူးလို့တောင်. . ."

စံသင်းမှာ ဆို့ဆို့နင့်နင့် ပါးစပ်ကြီးဟကာ. . . ဟကာ. . .

"ဩော်၊ အင်း. . . ဩော်"

"ကျွန်မက သူ့ကို လက်ထပ်ကြဖို့ အကြိမ်ကြိမ် တိုက်တွန်းခဲ့တာတောင် သူက ဘိုဒွန်းချပေးတဲ့လမ်းကိုဖယ်ပြီး အမျိုးမျိုး ကြံဖန်ရှောင်လွှဲပစ်ခဲ့တာတွေဟာ ကျွန်မအပေါ်မှာ သူ ကြီးမားစွာထားခဲ့တဲ့ မေတ္တာစေတနာ စစ်စစ်ကြီးပါကလားလို့ ကျွန်မ ခုမှသဘောပေါက်ရပါတယ် ဦးကိုကိုသော်"

"ဟုတ်. . . . ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေကိုချုံကြည့်လေ ကျွန်မ သူ့ဘက်ကနေဖို့ ဖြစ်လာလေလေပါပဲရှင်၊ အဲ. . . အဲဒါ"

စံသင်းသည် တစ်စုံတစ်ခု ပြောတော့မလို ကိုယ်ဟန်တရွရွကြွ၍ . . .

"အင်. . . ဟုတ်. . ဟုတ်လား. . ကျွန်တော်"

"ဘာပဲဖြစ်ဖြစ် ချုံကြည့်လေ သူဟာ ဒီလိုယုတ်မာတဲ့ လူစားမဟုတ်ဘဲ ဘိုဒွန်းက တစ်နည်းနည်းနဲ့ မတရား ခြိမ်းခြောက်နိုင်းလို့သာ ဒီအမှုကို သူဟာ. . ."

"ဟုတ်. . . ဟုတ်ပါတယ်၊ အင်း. . . ဟုတ်ကဲ့"

စံသင်းက ရှေ့ဆက်ပြောမည်လုပ်ရာမှ လူပ်လူပ်ရှားရှား ဖြစ်သွားသော ဘိုဒွန်း၏လိုက်ကာကို တွေ့လိုက်ရသဖြင့် တွန့်သွားသည်။

"ကျွန်မ . . မေမေ့ကိုလဲ အမျိုးမျိုး ရှင်းလင်းပြပြီးပါပြီ၊ အချုပ်မှာ သူနဲ့တွေ့ဖို့လည်း အကြိမ်ကြိမ် ကြိုးစားပါသေးတယ်၊ ဒါပေမယ့် မရဘူး၊ သိပ်ခက်နေတာပဲ"

မျက်နှာအပျက်ကြီး ပျက်နေသည်ကို မြင်မိသော ပုပုခင်က သူ့စကားများအတွက် ကိုကိုသော်က လက်မခံချင်၍သာ ဤသို့ ဖြစ်ရသည်ဟု တစ်ထစ်ချ မှတ်ယူလိုက်မိတော့သည်။

ကိုကိုသော်အမှတ်ဖြင့် ပြောနေသော ပုပုခင်၏ စကားကို ကြားနေရသူ စံသင်း၏အဖြစ်ကား ဆိုနိုင်ဖွယ်ရာ မရှိတော့ချေ။ ရင်ခေါင်းတွင်း၌ မီးရထားကြီး အစုန်အဆန် ခုတ်မောင်းနေသည့်အလား ခံရတော့၏။

စံသင်းမှာ အခြေအနေကို မခံမရပ်နိုင်တော့သဖြင့် ဆုံးဖြတ်ချက်ချလိုက်ပြီး တင်းမာသော မျက်နှာထားဖြင့် ရုတ်တရက် ရပ်တာပါးစပ် ပြင်လိုက်စဉ်မှာပင် . . .

"အဟမ်း. . ."



အပေါက်ဝမှ ဝင်လာသလိုလိုနှင့် ဘိုဒွန်းက အသံပေးလိုက်သဖြင့် စံသင်းမှာ ကျောက်ရုပ်လို ဖြစ်သွားလျက်မနည်း ဣန္ဒြေဆည်လိုက်ရသည်။

ပုပုခင်လည်း ဘိုဒွန်းရှိရာဘက်သို့ တစ်ချက်ခပ်တင်းတင်းလှမ်းကြည့်လိုက်ပြီးနောက် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

"ကဲ . . ကျွန်မ သွားဦးမယ် ဦးကိုကိုသော်"

ပုပုခင် ထွက်သွားသည်ကို စံသင်းက ဇနိုင်နိုင် ဟန်လုပ်နေရသည်။ ထိုစဉ် ဘိုဒွန်းသည် ရုတ်တရက် ရောက်လာရာ စံသင်းသည် ရုတ်တရက် မျက်နှာပြင်လိုက်သည်။

ဘိုဒွန်းက စံသင်း ပခုံးအား ကျေနပ်စွာ ပုတ်လျက်. . .

"ဟော့လူကြီး. . . ငနဲမလေး ဘယ်လိုပြောသွားတုံး"

စံသင်းကား အထူးကြိုးစား၍ ပြုံးလိုက်ကာ . . .

"အလကားပါဗျာ၊ သူနဲ့ စံသင်းနဲ့ ဘာမှ မဖြစ်ရပါဘူးပေါ့၊ ဒါရှင်းနေတာပဲ"

ဘိုဒွန်းက လက်ဖျောက်တစ်ချက် တီးလိုက်ပြီး . . .

"ဟား. . . ဟား. . . နိပ်ပေ့၊ ဒါမှပေါ့. . ကိုယ့်လူ ရှေ့ကိုလဲ အဆင်ပြေမှ ဖြစ်မယ်နော်၊ အရေးအကြီးဆုံး တစ်ချက်ပဲ ကျန်တော့တယ်"

ဘိုဒွန်းက သဘောကျစွာ ခေါင်းတညိတ်ညိတ်ဖြင့် ထွက်သွားသည်။ စံသင်းမှာ မချိမဆံ့ဖြင့် ခေါင်းမှ ဆံပင်များပင် ဖျစ်ဖျစ်ခြည်အောင် ဆွဲမိပြီး မျက်နှာကိုအုပ်ကာ စားပွဲပေါ်သို့ မှောက်ချလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၁၃)

သတင်းစာများ၌ ဟိုလေးတကျော်ပါလာလျက် ဆန်းကြယ်လှသောအမှုကြီးလည်း ဖြစ်သဖြင့် အမှုစစ်ချိန်တွင် မျက်နှာကြီးများ သတင်းထောက်များ သိလိုသူများဖြင့် ရုံးခန်းတွင်း ပြည့်ကျပ်၍ နေတော့သည်။

ကိုကိုသော်အစစ်ကိုပင် ကိုကိုသော်အတုအဖြစ် ချောက်ချ၍ ကာကွယ်ရန်အတွက် ဘိုဒွန်းတို့ ရှာဖွေတင်ပြသော သက်သေများကား စုံလင်၍နေတော့သည်။ ဘိုဒွန်းတို့၏ ယာယီထွက်ပေါက်ဖြစ်သော ထိုအကြံမှာ ဖြောင့်ဖြူးလျက်ပင်။

စံသင်းနှင့် ညှိခံပွဲတွင် ဆုံမိသော သက်သေများ၊ ကိုကိုသော် ပြန်လည်ရောက်ရှိလာသည့် နိုင်ငံကူးလက်မှတ်နှင့် စာရွက်စာတမ်းများ၊ စံသင်းအား ကြမ်းပိုးတေလေအဖြစ်နှင့် တွေ့ခဲ့ရသည့် ကိုကိုသော်၏ မိတ်ဆွေများနှင့် ထီစာရေးအဆုံး၊ လမ်းဘေးသူတောင်းစားအထိ ပါလာကြသည်။

စစ်ကိုင်းဘက်မှ ခေါ်ယူရောက်ရှိလာသော မိန်းမကြီးတစ်ဦးကလည်း ဝက်ခြံအတွင်းမှ ကိုကိုသော်အား စံသင်းအမှန်ဖြစ်ကြောင်း၊ သူ့လက်ပေါ်မှာ ကြီးလာသူဖြစ်ကြောင်းဖြင့် အနိုင်အမာ အဖမ်းခံခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဘိုဒွန်းတို့ကသာ အချိန်မီ လူချင်း မလဲလိုက်နိုင် ပါက ကိုကိုသော်အဖြစ် တုပနေထိုင်ခဲ့သော စံသင်းအဖို့ လွတ်ဖို့လမ်း လုံးဝ မရှိနိုင်လောက်အောင် သက်သေခံချက်များက အကွက်စေ့နေ တော့သည်။

သို့သော် ကံကြမ္မာ ဖန်ပုံကားဆန်းကြယ်လှပါဘိတော့၏။

အပြစ်ခံရမည့် စံသင်း၏ နေရာတွင် ကိုကိုသော်အစစ်က ရောက်၍နေပေပြီ။

နောက်ဆုံး ကိုကိုသော်(အတု)နှင့် စံသင်း(အချုပ်ခံ ကိုကို သော်) တို့ကို စစ်ရမည့် အချိန်တွင်ကား ခါတိုင်းထက် ပို၍ ရုံးခန်း တွင်း၌ လူများ ပြည့်ကျပ်၍နေတော့သည်။

မိခင်နားတွင် ညှိုးငယ်စွာ ထိုင်၍နေသော ပုပုခင်မှာ ဝက်ခြံ တွင်းမှ ကိုကိုသော်အား စံသင်းအမှတ်ဖြင့် မျက်ရည်လျှမ်းသော မျက် လုံးများဖြင့် ကြင်နာစွာ ကြည့်လျက်နေသည်။

တစ်ဖက်မှ ခုံတွင်းတွင်လည်း ကိုကိုသော် အတု ထပ်ဖြစ်နေ ရသူ စံသင်း၊ ဘိုဒွန်းတို့ ဆရာတာပည့်၊ ဦးရှမ်ကြီးတို့ လူစုများ ထိုင်နေ ကြသည်။

ခင်မြအေးကား ကိုကိုသော်အမှတ်ဖြင့်စံသင်းဘေးမှကပ်လျက် စံသင်း၏လက်တစ်ဖက်ကို ဆုပ်နယ်ကာ ကြော့ကြော့မော့မော့ ဖြစ်၍ နေသည်။

ဝက်ခြံအတွင်းမှ ဤအဖြစ်ကို မြင်လို[illegible]ရသော ကိုကိုသော် ကား ဒေါသမီးတဟုန်းဟုန်းတောက်လျက် ရှိတော့ရာ အနီးရှိ ရဲအစောင့် ရှိတစ်ဦးက ကိုကိုသော်အား တီးတိုးဖျောင်းဖျနေရသည်။

ကိုကိုသော်မှာ စိတ်ကို အထိန်းကြီး ထိန်းနေရတော့၏။

ဤအဖြစ်ကို တွေ့ရလေသော လာရောက်နားထောင်သူများ အနက် လူတစ်ဦးက အနီးမှလူအား လက်ကုတ်ပြီး . . .





"ဒီငနဲ သူများပစ္စည်း အပွကြံရင်း ကပ်ပြီး တော့လွဲကလေး လွဲသွားလို့ ရှုံများ ရှုံးသွားရော့လားဟာ"

နောက်တစ်ဦးက ခေါင်းတညိတ်ညိတ် လုပ်ပြီးစပ်ဖြဲဖြဲနှင့် . . .

"ဟေ. . နိပ်တဲ့လူဟာ တော်တော်တော့ အကြံပိုင်တဲ့ ငခွေးပဲ၊ တစ်ချီတည်း ပစ္စည်းရော၊ မြားရော အတွဲလိုက် ဝင်းဆက်ရအောင် ကြံလိုက်ပုံများ. . . ဟား. . . ဟား"

ထိုအခိုက်တွင် တရားသူကြီး ရောက်လာသဖြင့် လူအများ ငြိမ်သက်သွားပြီး ခေတ္တမတ်တတ်ရပ်ကာ အရိုအသေ ပေးလိုက်ကြ သည်။

ထို့နောက် အမှုလိုက် ရဲအရာရှိက. . .

"ကဲ. . . ဦးကိုကိုသော်. . အစစ်ခံရန် ကြွပါ" ဟု ခေါ်လိုက် ရာ အချုပ်တွင်းမှ ကိုကိုသော်သည် ရဲရဲတောက်နေသော မျက်လုံးကြီး နှင့် ကြည့်နေသည်နှင့်အမျှ ကိုကိုသော်အတု စံသင်း ခပ်ညှိုးညှိုး မျက်နှာငယ်ဖြင့် အစစ်ခံရန် ထလာလေသည်။

စံသင်းသည် စင်မြင့်ကလေးသို့ ရောက်သွား၏။

တစ်ဖန် ခင်မြအေးက စံသင်းအား ကိုကိုသော်အမှတ်ဖြင့် နှစ်မြို့က် ကြည်နူးစွာ ကြည့်နေသလောက်၊ ပုပုခင်ကတော့ စံသင်းကို ကြည့်ကာ ညှိုးငယ်၍ နေရှာတော့သည်။

ဘိုဒွန်းနှင့် ဖဲကြီးတို့ကား စံသင်းကို ကြည့်ကာ ရင်ကို မ,လျက် တထိတ်ထိတ် ဖြစ်နေကြသည်။

ရဲမှူးက စံသင်းအား ကျမ်းကို လှမ်းပေးလိုက်ပြီးနောက် ကျမ်း ဆိုချက် တိုင်ပေးလေရာ စံသင်း၏ လက်နှင့်အသံမှာ မသိမသာ တုန် ယင်နေ၏။

"မှန်ကန်စွာ အစစ်ခံပါမည်"

"*မှန်ကန်စွာ အစစ်ခံပါမည်*"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်မမှန် အစစ်ခံပါက"

"မဟုတ်မမှန် အစစ်ခံပါက"

"ကျမ်းစူးပါစေသား"

"ကျမ်းစူးပါစေသား"

"အမည်. . ."

စံသင်းက အသံတိမ်ဝါမ်နှင့် . . .

"ကိုကိုသော်"

"အဘ"

"ဦးထွန်း"

ကိုကိုသော်သည်ကား ဒေါသအိုး ပေါက်ကွဲလျက် စံသင်းအား ကြည့်နေရာတွင် သူ့မျက်လုံးမှ မီးရှူးမီးပန်းများ ထွက်တော့မလား အောက်မေ့ရ၏။

"အသက်"

"နှစ်ဆယ့်ရှစ်နှစ်"

"မကြာခင်က နိုင်ငံခြားက လေယာဉ်မောင်း အတတ်သင်ပြီး ပြန်လာတယ်ပေါ့"

စံသင်းသည် လေသံတိမ်တိမ်ဖြင့် . . .

"ဟုတ်ကဲ့. . . ပြန်. . . ပြန်လာပါတယ်"

"ဟား. . ဟား. . . ဟား. . ဟီး. . ဟီး. . ဟား. . ဟား"

ထိုအခိုက် ညစ်၍ရယ်လိုက်သော ဝက်ခြံတွင်းမှ ကိုကိုသော်၏ အသံကြောင့် တစ်ရုံးလုံး လှုပ်ရှားသွားတော့ရာ တရားသူကြီးလည်း မျက်လုံးပြူးသွားပြီး သတိပေးလိုက်ရသည်။

ထို့နောက် ရဲအရာရှိက မျက်နှာထားတည်တည်ဖြင့်. . .

"ကဲ ဦးကိုကိုသော်၊ အမှုရဲ့အကြောင်းကို သိသမျှ ထွက်ဆိုဖို့ ပါပဲ"





စံသင်းမှာ ရဲဝန်ထောက်အား အဓိပ္ပာယ်မရှိ တွေကြည့်နေလေသည်။ ရဲဝန်ထောက်က ထပ်ပြီး. . .

"အမှုအကြောင်း သိသမျှကို အားလုံးစီကာစဉ်ကာ ပြောပြမလား ခင်ဗျား"

စံသင်းမှာ ရှေ့သို့သာ ငိုင်တွေပြီး စူးစိုက်ကြည့်နေလေသဖြင့် ပရိသတ်များ အနည်းငယ်လှုပ်ရှားလာကြသည်။

ဘိုဒွန်းနှင့် ဖဲကြီးတို့ကား စံသင်းအား အားမလို အားမရဖြင့် ကြည့်လျက် အံတကြိတ်ကြိတ်ဖြစ်နေ၏။

ရဲအရာရှိက အနည်းငယ် အသံမြှင့်၍ . . .

"ဒီမယ် ဦးကိုကိုသော် တစ်ဆိတ် . . . ခင်ဗျားသိသမျှ အစုံ ပြောဖို့"

စံသင်းမှာ တွေမြဲ တွေနေလေတော့ရာ ပရိသတ်များ တီးတိုး တီးတိုးဖြင့် လှုပ်ရှားလာတော့သည်။

ဝက်ခြံအတွင်းမှ ကိုကိုသော်ကလည်း စံသင်းအား မျက်မှောင် ကြုတ်၍ ကြည့်နေတော့၏။ နောက်ဆုံး စံသင်းက သက်ပြင်းတစ်ချက် မှုတ်ချလိုက်ပြီးနောက် မျက်နှာတင်းမာသွားပြီး. . .

"ကျွန်တော် အားလုံး အမှန်ဖွင့်ပြောပါတော့မယ်၊ ဟိုလူဟာ ကိုကိုသော်အစစ်၊ ကျွန်တော်ကသာ ကိုကိုသော် အတု လုပ်နေတဲ့ စံသင်းပါ"

တစ်ရုံးလုံး အံ့ဩမှုဖြင့် တစ်ခါတည်း ကြက်သေ သေသွားကြ တော့သည်။ အားလုံးက စံသင်းထံသို့သာ ပြူး၍ စိုက်ကြည့်ကာ ယုံရ အခက်၊ မယုံရအခက် ဖြစ်နေကြသည်။ ဝက်ခြံအတွင်းမှ ကိုကိုသော် ပင်လျှင် မှင်တက်မိကာ ကြောင်သွား၏။

ထို့နောက် တစ်ရုံးလုံး၌ အာမေဍိတ်သံများ ဆူညံသွားလျက် ရုတ်ရုတ်သဲသဲကြီး ဖြစ်သွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရင်းအချိန်တွင် မျက်စိမျက်နှာ အပျက်ကြီးပျက်လျက် လစ်ဟန်ပြုနေသော ဘိုဒွန်းအား လှမ်းတွေ့လိုက်သဖြင့် စံသင်းက အလျင်အမြန် လက်ညှိုးညွှန်ပြီး. . .

"သူဖမ်းပါ. . ."

ညှပ်ပူးညှပ်ပိတ် ဖြစ်နေသော အခြေအနေတွင် ထွက်ပေါက်မရတော့ပြီကိုသိသော ဘိုဒွန်းက မျက်နှာကြီး တင်းမာသွားကာ ဖံကိုကြိတ်လျက် အပြင်အင်္ကျီကြားမှ သေနတ်ကို ဆွဲထုတ်ပြီး စံသင်းကို ဒိုင်းခနဲ ထိုးပစ်ချလိုက်လေတော့သည်။ တစ်ချိန်တည်းလိုပင် ဘေးမှ လက်မြန်သော လူကြီးတစ်ဦးက ဘိုဒွန်း၏လက်ကိုလိမ်၍ သေနတ်ကို လုယူလိုက်၏။

သေနတ်သံကြောင့် လူများမှာ ရုတ်ရုတ်သဲသဲ ဗိုးနင်းခွက်နင်း ဖြစ်ကုန်ကြသည်။ ဘိုဒွန်းအား ရဲအရာရှိတစ်ဦးက သေနတ်ဒင်နှင့် ရိုက်ချပြီးလျှင် လျင်မြန်စွာလက်ထိတ်ခတ်လိုက်သည်။

ဖံကြီးမှာလည်း ရဲများ လက်ထဲတွင် မျက်လုံး ကလယ်ကလယ်ဖြင့် အဖမ်းခံလိုက်ရတော့၏။

မှောက်လျက်လဲနေသော စံသင်းအား ပထမဦးဆုံး တွေ့လိုက်ရသော ပုပုခင်သည် ရင်ထဲတွင် ထိတ်ပျာသွားလေ၏။ ထို့နောက် ပုသည် ရုတ်ခနဲထကာ အူရားဖားရားပြေးသွားပြီး စံသင်းအား ပွေ့ယူလိုက်သည်။

သူ့အမေက လှမ်းဆွဲ၍ပင် မမှီတော့။

ဝက်ခြံအတွင်းမှ လက်ထိတ်တန်းလန်းနှင့်ကိုကိုသော်ကလည်း ပြူးကြောင်ကြောင်ဖြစ်နေသော ခင်မြအေးအား လက်ယပ်ခေါ်လိုက်ပြီးနောက် သူ့ရင်ဘတ်အား လက်ဖြင့် ပုတ်၍ . . .

"ဟေး. . . မြ ဒီဟာ . . ကိုကိုသော် အစစ်ကြီးပါမြ၊ တကယ့်ကိုကိုသော် အစစ်ကြီးလေ"





သည်တော့မှပင် ငိုမဲ့မဲ့ဖြစ်နေရှာသော ခင်မြအေးခမျာမှာ ကိုကိုသော်ထံ ဝမ်းသာအားရ ပြေးသွားပြီး ပခုံးများကို မမှီတမှီဖြင့် ဆွဲဖက်ထားလေတော့သည်။ ပုပုခင်သည် မျိုးရိမ်တကြီး ရင်ပွင့်နေဟန်ဖြင့် စံသင်းကို ပွေ့လှုပ်ကာ. . .

"ကိုကို . . . ကိုကို၊ လုပ်ကြပါဦးရှင်. . ဘယ်နေရာ မှန်သွားလဲ မသိဘူး"

လူအများလည်း စိုးရိမ်တကြီးဖြင့် ဝိုင်းလာကြသည်။

သည်တော့မှ စံသင်းက ရုတ်တရက် စပ်ဖြဲဖြဲကြီး လုပ်လျက် ထထိုင်လိုက်လေတော့ရာ ပုပုခင်နှင့်တကွ ဘေးမှလူများ ရုတ်တရက် အံ့အားသင့်လျက် ကြောင်သွားကြသည်။

"မထိပါဘူး မထိပါဘူး ခင်ဗျ၊ သူ ပစ်တာကို အရှောင်လိုက်အားလွန်လဲပြီး မထနိုင်လို့ပါ"

ဤတွင်မှ ပုပုခင်မှာ ဟင်းခနဲ ပြုံးပြုံးလေး ဖြစ်သွားလေသည်။

ဘိုဒွန်းနှင့် ဖံကြီးကား ရဲအရာရှိများနောက်သို့ ပါသွားလေပြီ။

"အဖြစ်သည်းနေလိုက်တာ လူတွေနဲ့ရှင့်၊ လွှတ်စမ်းပါဦး"

ကိုကိုသော်က သည်တော့မှသတိရကာ ခင်မြအေး၏လက်ကို လွှတ်လိုက်တော့သည်။ ဘေးမှ လူများက ရုပ်ချင်းတူလှသော စံသင်းနှင့်ကိုကိုသော်တို့ကိုသာ တစ်ပြန်စီ ကြည့်လျက် ရင်သပ်ရှုမော နေကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၁၄)

အမှုရှင်းပြီးချိန်တွင်ကား. . .

ကိုကိုသော်၊ ခင်မြအေး၊ စံသင်း၊ ပုပုခင်၊ ဒေါ်လေးမေနှင့် ဦးရှမ်ကြီးတို့တင်ဆောင်လာသော ကားလေးနှစ်စီးမှာ ပုပုခင်တို့အိမ်ရှေ့သို့ ထိုးဆိုက်ကြသည်တွင် ပျော်ရွှင်ဝမ်းမြောက်လျက်ရှိသော လူစုကား ဆူညံစွာဖြင့် ကားပေါ်မှဆင်းပြီး အိမ်ပေါ်သို့ တတ်သွားကြသည်။

ခင်မြအေးကား သူ့ချစ်သူ ကိုကိုသော်နှင့်ဒီတစ်ခါတော့မလွှတ်တမ်းတွယ်ကပ်၍နေတော့သည်။ ဧည့်ခန်းတွင် အားလုံးနေရာ ယူပြီးကြသည့်တိုင်အောင် စံသင်းမှာ အားတုံ့အားနာ ရှက်ကိုးရှက်ကန်းဖြင့် အူကြောင်ကြောင် ရပ်နေမိသည်ကို ပုပုခင်က မြင်သွားသဖြင့် လက်ကို အတင်းဆွဲလျက် . . .

"ကိုစံသင်း. . အဲ ကိုကို၊ ဘာကြောင်နေတာလဲလို့ လာထိုင်၊ ကိုယ့်အိမ်လို သဘောထားမှပေါ့"

ပြီးမှ ကိုယ့်စကားကို သတိရမိသော ပုပုခင်က လျှာလေးထုတ်လျက်မျက်နှာလေးနီပြီး ရှက်ကိုးရှက်ကန်း ဖြစ်သွားတော့ရာ အားလုံး သဘောကျစွာ ပိုင်းရယ်လိုက်ကြတော့သည်။

အားလုံးက စံသင်းကိုသာ ချိုးကျူးလေးစားသော အသွင်များဖြင့် ဂရုတစိုက်ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုသော်က ဝမ်းသာအားရ စံသင်း၏လက်ကို ဆွဲလှုပ်၍-

"ကျေးဇူးတင်လိုက်တာဗျာ၊ ကိုစံသင်း ကျွန်တော့်ကို ကယ်ပေလို့သာပေါ့၊ မဟုတ်ရင် ဒုက္ခပဲ၊ အမှုအတွက်လဲ ကျွန်တော်ပဲ အစစအရာရာ စီမံလိုက်မယ်၊ ဘာမှ ပူစရာ မရှိဘူး၊ အဲ . . ကိုစံသင်းနဲ့ ပုပုခင်တို့ကိစ္စလဲ . . ဟဲ. . . ဟဲဟဲ"

ပုပုခင်က ရှက်ပြုံးလေးဖြင့် ခေါင်းငုံ့သွားသည်။

ရင်တွင်းမှာတော့ ကြည်နူးဝမ်းမြောက်ခြင်းဖြင့် ပြည့်လျှံ၍ နေလေပြီ။ စံသင်းကား သူ့အဖြစ်ကိုသူ စဉ်းစားမိပြီးနောက် မျက်နှာမထားတတ်အောင် ဖြစ်နေတော့သည်။

ပုပုခင်က ကိုစံသင်းအနီးသို့ ထလာပြီး . . .

"ကိုကို ဒီမှာ ထိုင်ဦးနော်၊ ပု. . . တစ်ခုခု စားဖို့ သွားလုပ်လိုက်ဦးမယ်"

ပုပုခင်က ပေါ့ပါးဖျတ်လတ်စွာဖြင့် ထွက်သွားသည့်အခါတွင် ကိုကိုသော်က မျက်စိတစ်ဖက် မှိတ်ပြလျက် စံသင်းအား ကြည့်ပြီး အပေါ်အင်္ကျီချွတ်လဲကြရန် လက်ဟန်ပြလိုက်သည်။

စံသင်းက ကိုကိုသော့်အကြံကို သဘောပေါက်လျက် မိမိကိုယ်မှသက္ကလတ်အင်္ကျီကို အလျင်အမြန်ချွတ်လိုက်ပြီးနောက် ကိုကိုသော်ချွတ်ပေးသည့် ဂျာကင်အင်္ကျီကြီးကို အလျင်အမြန် ဝတ်လိုက်သည်။ ၎င်းနောက် ဣန္ဒြေရရဖြင့် စံသင်းက ခင်မြအေးအနားတွင် ဝင်ထိုင်လိုက်သည်။ ကိုကိုသော်ကလည်း အလျင်အမြန် နေရာပြောင်းလိုက်ကြ၏။

ကျန်လူများကား ရယ်ချင်စိတ်ကို အနိုင်နိုင်မျိုသိပ်လျက် မျက်နှာထားတည်တည်လုပ်နေကြရတော့သည်။ ကော်ဖီဗန်းလေး ကိုင်ထွက်လာသော ပုပုခင်မှာ ဤအခြေအနေကို လုံးဝ မသိသေးသည့်အလျောက် ကော်ဖီပန်းကန်များအား လိုက်လံချပေးပြီးသည့်နောက်





စံသင်းအမှတ်ဖြင့် ကိုကိုသော့်အနားတွင် ထိုင်ချ၍ ကြင်နာမြတ်နိုးစွာဖြင့် ကြည့်ကာ ပခုံးပေါ် လက်ကလေးတင်လျက်. . .

"ကိုကိုရယ်. . . ပုဖြင့် ဝမ်းသာလို့ကို မဆုံးတော့ဘူး၊ ကိုကိုစိတ်ထား မြင့်လွန်းလို့ကြောင့်သာပေါ့နော်"

ပုပုခင်က ကိုကိုသော့် မျက်နှာကို ကြည့်၍ တစ်စုံတစ်ခု သင်္ကာမကင်းဖြစ်လာဟန်ဖြင့် မျက်နှာလေး မှုန်သွားလေသည်။ နောက်မှ ကိုကိုသော့် ဘောင်းဘီကို မြင်လိုက်တော့မှ လျင်မြန်စွာ ထလိုက်ပြီး ပြူးပျာတာဖြစ်နေချိန်တွင် ဧည့်ခန်းတွင်း၌ ရယ်မောသံများဖြင့် စီစီညံ၍ သွားတော့၏။

ပုပုခင်က နှုတ်ခမ်းလေးစူကာ စံသင်းအနီးသို့ ပြေးသွားပြီး ရင်ဘတ်ကိုခေါင်းလေးနှင့်ခွေ့လျက် ရှက်ကိုးရှက်ကန်းဖြင့် ဗိုက်ခေါက်ကိုသာ ဆွဲလိမ်နေတော့သည်။

ဒေါ်လေးခင်က. . .

"အင်း. . သူတို့နှစ်ဦးကတော့ တကယ့်ကို အံ့စရာပဲနော်၊ ရွေးမရအောင် တူတာပဲ"

"အဟမ်း. . . တူဆို သူတို့နှစ်ဦးက အမြွှာညီအစ်ကို"

ဦးလေးရှမ်၏စကားစကြောင့် အားလုံး အံ့အားသင့်သွားကြလျက် ကိုကိုသော်တို့ နှစ်ဦးစလုံးလည်း တစ်ယောက်ကိုတစ်ယောက် ပြူးတူးပြဲတဲ ကြည့်မိကြရာမှ ပြိုင်တူလိုပင်. . . .

"ဟင်, ကျွန်တော်တို့ ညီအစ်ကို. . ."

"ညီအစ်ကို. . ဟင်. . . ဦးလေးရှမ် ပြောစမ်းပါဦး"

အားလုံးက ဦးလေးရှမ်ထံ စုရုံးလာကြသည်။

ဒေါ်လေးခင်ကလည်း . . .

"အင်း. . . ကျွန်မလဲအထင်သား ကွဲနေတဲ့ အမြွှာညီအစ်ကို ဖြစ်ရမယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကြော်. . . ဒီလိုပါလေ၊ ဒီလို လူတူနှစ်ယောက် အဖြစ်အပျက်မျိုးဆိုရင်၊ ဘိုင်စကုတ်တွေထဲမှာ ဆိုရင် နောက်ဆုံး ဇာတ်သိမ်းမှာ ကွဲကွာနေကြတဲ့ အမြွှာညီအစ်ကိုချင်း ဖြစ်ဖြစ်နေတတ်ကြတာမို့၊ အဲ. . အဲဒါလဲ ဖြစ်တတ်တာကို ပြောမလို့ပါ၊ ဟီး. . ဘယ်သူက သူတို့ကို အမြွှာလို့ ပြောလို့လဲလို့. . ."

စကားအဆုံးတွင် အားလုံး ကြွက်ကြွက်ညံသွားလျက် ဦးလေးရှမ်အား အလုအယက် ဝိုင်း၍ထုကြလေတော့ရာ ဦးလေးရှမ်ကား လက်ကလေးနှစ်ဖက် ဟိုကာဒီကာဖြင့် ပြုံးဖြီးဖြီးကြီး ဖြစ်နေရလေတော့သတည်း။

သော်တာဆွေ

## ဧယျာမြေစာပေတိုက်မှ ဖြန့်ချိထားသော စာအုပ်များ


၁။ လူမုဆိုး၊ ကျားမုဆိုးနှင့် တောကြီးမာယာဖြစ်ရပ်ဆန်းများ
မင်းရဲကျော် (တပေပီမာန်တဖျာစာပေဆုရှင်) ၉၅ိ/-

၂။ အဆိပ်သင့်သွားသောအချစ်နှင့် ထောင်တွင်းတွေ့ကြုံဇာတ်လမ်းစုံ
အသက်ဆွေ (ထောင်မှူးဟောင်း၊စာရေးဆရာ) ၄၅ိ/-

၃။ သာမညတောင်ခြေမှ ကြည်ညိုဖွယ်ရာ စမ္မရသများနှင့်
နိမိတ်အမြင်ဝိသေသများ . . ဦးညွန့်လှိုင်(ကြို့ပင်ကောက်) ၄၀ိ/-

၄။ ချစ်လွန်းလို့ကြွံမိသူ . . . . သော်တာဆွေ ၄၀ိ/-

၅။ ဘဝ, အချစ်နှင့်အိမ်ထောင်ရေးအောင်မြင်မှုလျှို့ဝှက်ချက်များ
. . . ဘနင်း (မှခင်းစုံမဂ္ဂဇင်းအယ်ဒီတာချုပ်) ၃၅ိ/-

၆။ ကြံကြီးစည်ရာ . . . . မောင်ပေါ်ထွန်း ၁၂၀ိ/-

၇။ သစ္စာစွမ်းအင်နှင့် စွမ်းအားထက်မြက်ယတြာများ
ဦးညွန့်လှိုင် (ကြို့ဝင်တောက်) ၃၅ိ/-

၈။ ကြက်ငှက်ကာ . . . သော်တာဆွေ ၁၀၀ိ/-

၉။ ဇလွန်ပြည်တော်မြန်ဘုရားကြီး၏ဗုဒ္ဓပူဇနီနှင့်ဘုန်းတော်ကြီး
ဦးသီလ၏ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ. . မာမကာ(သုတေသီ) ၄၀ိ/-

၁၀။ သင် တုငွေကြွယ်သူဌေးကြီးဖြစ်ချင်သလား ဆွေမြင့် ၄၀ိ/-

၁၁။ ထူးဆန်းသောစုန်းတောင်နှင့် မုဆိုးများ . . ကိုပိုက် ၅၀ိ/-

၁၂။ အမိုမဲ့ရွှေယျမြတ်စွာဘုရား. . . နန္ဒာမိုးကြယ် ၅၀ိ/-

၁၃။ မြန်မာပြည်စစ်မြေပြင် . . . တက္ကသိုလ်နန္ဒမိတ် ၇၅ိ/-

၁၄။ မြန်မာပြည်မြောက်ပိုင်းမှ နဂါးမီးတောက်နှင့်
ထူးဆန်းအံ့ဖွယ် မုဆိုးဘဝဖြစ်ရပ်မှန်များ . . မိုးကျော့ ၆၅ိ/-

၁၅။ ချစ်သောသီဂီနှင့် ဂန္ထဝင်ရသစာစုများ သော်တာဆွေ ၇၅ိ/-

၁၆။ အမုန်းအလိုမရှိ . . မင်းလူ ၇၀ိ/-


ဧယျာမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

## ဧေယျာမြေစာပေတိုက်မှ မှာယူရရှိနိုင်သော စာအုပ်များ


၁၇။ မုဆိုးနှင့်ကျားနာ မာယာကတောကြီးနှင့်
လျှို့ဝှက်ဆန်းကြယ်မုဆိုးဝတ္ထုတိုများ . . မင်းရဲကျော် ၇၀၀/-

၁၈။ ကျွန်တော်ဖော်ထုတ်ခဲ့သော တိုယ်တွေ့ဖြစ်ရပ်မှန်
မှုခင်းများ . . . မောင်သက်နှင်း (မ/ဥ) ၆၀၀/-

၁၉။ ကျားဘီလူးနှင့်တောကြီးဝက်ပါ ဖြစ်ရပ်ဆန်းကြယ်
မုဆိုးဝတ္ထုတိုများ . . . ဖိုးကျော့ ၆၅၀/-

၂၀။ ခန်းဆောင်နီအိပ်မက် . . . ဆွေမြင့် ၆၀၀/-

၂၁။ ဝက်ပါတောတွင်းဖြစ်ရပ်ဆန်းနှင့်
မုဆိုးများ . . . ကိုပိုက် ၅၅၀/-





# ကိုပိုက်

# ဝက်ပါတောတွင်း ဖြစ်ရပ်ဆန်းနှင့် မုဆိုးများ

၅၅၀ ကျပ်

စာမူခွင့်ပြုချက်အမှတ်-၄၇၅/၂၀၀၃(၄)

ဧေယျာမြေစာပေတိုက်

www.burmeseclassic.com